# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၀)


### ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

စာ » ၃



## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ... 

## ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကိစ္စ

စာ » ၅

## ထိပ်သီးအစည်းအဝေးပွဲအတွက် အမေရိကန်နှင့် မြောက်ကိုရီးယား အာဏာပိုင်များ စင်ကာပူရောက်ရှိနေ

စာ » ၁၄

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီး H.E.Mr.Hassan Bin Mohamed Rafei AL- Emadi အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီး H.E.Mr.Hassan Bin Mohamed Rafei AL- Emadi အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


**အပြန်အလှန်ကူညီပူးပေါင်း**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ကူညီပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## အားကောင်းသောမုန်တိုင်းငယ် အမ်းမြို့အနီးမှ စတင်ဖြတ်ကျော်ဝင်ရောက်လျက်ရှိ



ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression)သည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကို အမ်းမြို့အနီးမှ စတင်ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး **အညိုရောင်အဆင့်** ဟု သတ်မှတ်ပါသည်။

**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ် (Deep Depression)သည် ရခိုင်ကမ်းရိုးတန်းကို အမ်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီးနောက် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။

အားကောင်းသော မုန်တိုင်းငယ် (Deep Depression)သည် အမ်းမြို့အနီးမှ ဖြတ်ကျော်စဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍




မြန်မာ့အလင်း

## ကော်ဖီ(သို့မဟုတ်)အလားအလာကောင်းသော မြန်မာ့ပို့ကုန်အမယ်သစ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်၍ စိုက်ပျိုးရေး ထွက်ကုန်တို့ကို ပြည်ပသို့တင်ပို့ခြင်းသည် ပြည်သူလူထု၏ ကျယ်ပြန့်သော ပါဝင်မှုဖြင့် ဆောင်ရွက်နိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးထွက်ကုန်တို့ကို ပြည်ပနိုင်ငံများသို့ အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့နိုင်သောအလားအလာရှိပြီး ဤကဲ့သို့ တိုးချဲ့တင်ပို့မှုမှရရှိသော အကျိုးအမြတ်တို့ကိုလည်း ကျယ်ပြန့်သော ပြည်သူလူထုကခံစားခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။ အစဉ်အလာစိုက်ပျိုးရေး ထွက်ကုန်တို့ကို တိုးချဲ့တင်ပို့နိုင်ရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးထွက်ကုန် အမယ်သစ်တို့ကိုလည်း ရှာဖွေတင်ပို့ရမည် ဖြစ်ပါသည်။ ပြည်ပသို့တင်ပို့ရန် အလားအလာကောင်းသော မြန်မာ့စိုက်ပျိုးရေးထွက်ကုန်အမယ်သစ်တစ်မျိုးမှာ ကော်ဖီဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြား ဧက ၂၀၀၀၀၀ ထိရောက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ခန့်မှန်းတွက်ချက်ထားသကဲ့သို့ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်နိုင်ပါက ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၆၀၀၀၀ အထိရှိလာမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံထွက် ကော်ဖီတို့ကို အမေရိကန်နိုင်ငံ၊ ဥရောပ၊ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်ဝမ်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ယခုနှစ်၌ မြန်မာ့ကော်ဖီတို့ကို ဈေးကွက်သစ်များဖြစ်သည့် ဗြိတိန်၊ ဩစတြေးလျနှင့် အိုက်စလန်နိုင်ငံတို့ကိုပါ တင်ပို့နိုင်ခဲ့ပါသည်။ အမေရိကန်နိုင်ငံကဲ့သို့သော ဈေးကွက်များသို့ တင်ပို့သည့် အရည်အသွေးမြင့် မြန်မာ့ကော်ဖီသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀၀ ခန့် ရရှိပါသည်။လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏ နှစ်စဉ်ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၇၀၀၀ ခန့်ရှိ၍ ထွက်ရှိမှု၏ ထက်ဝက်ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

မြန်မာ့ကော်ဖီ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၏ ခြေလှမ်းသစ်တစ်ရပ်အနေဖြင့် ရှာင်မြို့နယ်၌ အစုအဖွဲ့ပိုင်သစ်တောဧက ၂၂၀ တွင် ကော်ဖီစိုက်ပျိုးရန် တောင်သူများနှင့် ဉာဏ်ကြီးရှင်ကုမ္ပဏီတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီမှ ကော်ဖီစိုက်ပျိုးမည့်တောင်သူတို့အား တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်ပြီး တောင်သူတို့က စတင်ဆွတ်ခူးသည့်နှစ်မှ ငါးနှစ်အတွင်းတစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်းပေးသွင်းရမည် ဖြစ်ပါသည်။ ကုမ္ပဏီကလည်း တောင်သူတို့ စိုက်ပျိုးထွက်ရှိလာသည့် ကော်ဖီတို့ကို ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် ကတိကဝတ်ပြုသဘောတူပါသည်။ အရည်အသွေးမြင့် ကော်ဖီတို့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရှာင်မြို့နယ်တွင် စိုက်ပျိုးမည့်ကော်ဖီတို့ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စနစ်ဖြင့် စိုက်ပျိုးသွားမည် ဖြစ်ပါသည်။ ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများနှင့် ပုဂ္ဂလိကကုမ္ပဏီတို့လက်တွဲဆောင်ရွက်ခြင်းသည် ကြိုဆိုရမည့်ခြေလှမ်းတစ်ရပ်ဖြစ်ပြီး တောင်သူတို့နှင့်ကုမ္ပဏီတို့ကြား နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် စနစ်တစ်ရပ်ပေါ်ထွက်လာရေးအတွက် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအကြံပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ရေအားစက်ရုံများ၏ လက်ကျန်ရေအမှတ်အရ ဖလမ်းမြို့၌ ဓာတ်အားအလှည့်ကျ ဖြန့်ဖြူးပေးမည်

**ဖလမ်း မေ ၂၉**

ရေအားစက်ရုံများ၏ လက်ကျန်ရေအမှတ်အရ မိုးရာသီကာလမတိုင်မီ ဝန်အားလျော့၍ မောင်းနှင်လည်ပတ်ရန်အတွက် မေ ၂၆ ရက်မှ ဇွန် ၁၀ ရက်အထိ ဖလမ်းမြို့နယ်ကို အုပ်စု နှစ်စု ခွဲပြီး ဓာတ်အားအလှည့်ကျဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အုပ်စု (A) အဖြစ် မတူဘောင်၊ လုံပီး၊ ဇာလိုင်၊ တလန်လို၊ စက်ရုံဟောင်း၊ လှုုရ်မှုနရိပ်သာ၊ ကျန်ဘာရီ၊ ခ.ယ.က၊ ဈေးဟောင်း၊ အုပ်စု (B) အဖြစ် တောင်ဇလပ်၊ လွတ်လပ်ရေး စေတီ၊ မီးသတ်၊ O.P.D၊ C.B.C ၊ ကြောင်ထဲ၊ တာရွှန်း၊ ပိုလ်ကြွမ်ဘိခ်၊ ခေါဇန်း၊ ရမ်ထ လို (၁)နှင့် (၂)၊ ဒေါ့ထက်တို့ဖြင့် အုပ်စု နှစ်စု ခွဲထားသည်။ ဓာတ်အားကို နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီအထိ အုပ်စု တစ်စု မွန်းလွဲ ၂ နာရီမှ ည ၉ နာရီအထိ အုပ်စု နှစ်ခုစလုံးကို ဓာတ်အားအလှည့်ကျ ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီသတ္တရသမ အစည်းအဝေးကျင်းပမည်

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီသတ္တရသမ အစည်းအဝေးကို ၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလဆန်း (၄၊ ၅၊ ၆၊ ၇)ရက်၊ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆၊ ၁၇၊ ၁၈၊ ၁၉)ရက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း (၈၊ ၉)ရက် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၀၊ ၂၁)ရက် သောကြာ၊ စနေနေ့များတွင် အစည်းအဝေး ကျင်းပမည် ဖြစ်ပါသည်။

နိုင်ငံတော်သံဃနာယက ဆရာတော်ကြီးများသည် ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့အရောက် ကြွတော်မူပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်-ဒလစက်သမ္ဗန်ခ ပုံမှန်ဈေးနှုန်းအတိုင်း စက်လှေဂိတ်အချို့ပြေးဆွဲလျက်ရှိ

**ရန်ကုန် မေ ၂၉**

ဒလဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းဘက်သို့ နေ့စဉ်စက်သမ္ဗန်များဖြင့် ဖြတ်သန်းသွားလာကြလျက်ရှိရာ သမ္ဗန်ခကို မေ ၁၄ ရက်မှစ၍ ငွေကျပ် ၁၀၀ မှ ၁၅၀ အထိ စက်လှေဂိတ်ငါးဂိတ်မှ ဈေးနှုန်းတိုးမြှင့်ပြေးဆွဲလျက်ရှိသော်လည်း ကျန်စက်လှေငါးဂိတ်မှာ မူလဈေးနှုန်း ငွေကျပ် ၁၀၀ ဖြင့်သာ ဆက်လက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

“ဗိုလ်တထောင် စက်လှေဂိတ်က မေ ၁၄ ရက်ကစပြီး သမ္ဗန်ခ ငွေကျပ် ၅၀ တိုးပြီး ငွေကျပ် ၁၅၀ နဲ့ဆွဲတယ်၊ အားလုံးဂိတ်ငါးဂိတ်ရှိလိမ့်မယ်၊ ကျွန်တော်တို့ ငါးဂိတ်ကတော့ ဈေးမတက်ဘူး၊ ပုံမှန် ငွေကျပ် ၁၀၀ အတိုင်း ပြေးဆွဲလို့ရတဲ့အတွက် ပုံမှန်ဈေးအတိုင်းပဲ ဆွဲတယ်၊ တိုးကောက်ရင် ခရီးသွားက ပေးမှာပဲ၊ ဈေးတက်ဖို့လွယ်တယ်၊ ပြန်ချပေးဖို့တော့ မလွယ်ဘူး၊ ဒါကြောင့် ငွေကျပ် ၁၀၀ နဲ့ အဆင်ပြေနေတုန်းပဲ”ဟု စဥ့်အိုးတန်း သမ္ဗန်ဆိပ်မှ ဂိတ်မှူး ဦးဝင်းမြင့်က ပြောသည်။

**တိုးမြှင့်ပြေးဆွဲ**

ရန်ကုန်မြစ်ကို ဖြတ်သန်း၍ စက်သမ္ဗန်များဖြင့် ဒလဘက်ကမ်းမှ ခရီးသွားများကို ပို့ဆောင်ပေးလျက်ရှိရာ စဥ့်အိုးတန်းဆိပ်ကမ်းနှင့် မော်တင်ဆိပ်ကမ်းရှိ စက်သမ္ဗန်ဂိတ်ငါးဂိတ်မှာ ပုံမှန်ဈေးနှုန်း ငွေကျပ် ၁၀၀ ဖြင့်ပြေးဆွဲပေးလျက်ရှိပြီး ကျန်သောစက်သမ္ဗန်ဂိတ်ငါးဂိတ်မှာ ငွေကျပ် ၁၅၀ ဖြင့် ဈေးနှုန်းတိုးမြှင့်ပြေးဆွဲခြင်းဖြစ်သည်။

“ကျွန်မတို့ဒလဘက်ကမ်းမှာ အခြေခံအလုပ်သမားများတယ်၊ ဘာလုပ်ငန်းမှ မရှိဘူး၊ ရန်ကုန်ဘက်ကမ်းကို လာပြီး အလုပ်လုပ်ရတာ၊ စက်သမ္ဗန်ကို အားကိုးပြီး သွားလာရတယ်ဆိုတော့ ဈေးတက်လည်း ကြိတ်မှိတ်ပြီးစီးရမှာပဲ၊ ကမာကဆစ်ဂိတ်က ဈေးမတက်တော့ နေ့တိုင်းသွားလာနေတဲ့ အလုပ်သမားတွေအတွက် အဆင်ပြေတာပေါ့၊ အသွားအပြန်အတွက် ဈေးနှုန်းပိုပေးရတဲ့ ငွေကျပ် ၁၀၀ ဟာ ကျွန်မတို့လို အလုပ်သမားတွေအတွက်တော့ မီးဖိုချောင်စရိတ်ကာမိတာတော့အမှန်ပဲ”ဟု ခရီးသွားအမျိုးသမီးတစ်ဦးက ပြောသည်။

ခရီးသည် ၁၂ ဦးတင်ဆောင်၍ ရန်ကုန်မြစ်ကို ငါးမိနစ်ကြာမောင်းနှင်ပြီး နေ့စဉ်ခရီးသွားငါးသောင်းကျော်၊ ခြောက်သောင်းခန့်ကို ပို့ဆောင်နေသည့် ကမာကဆစ်စက်လှေဂိတ်မှ သမ္ဗန်သမားတစ်ဦးလျှင် ငွေကျပ်ရှစ်ထောင်မှ တစ်သောင်းကျော်ဝင်ငွေရရှိလျက်ရှိရာ ၎င်းတို့ရရှိသော ဝင်ငွေနှင့် ခရီးသည် ပေးဆောင်သော ငွေကျပ် ၁၀၀ မှာအဆင်ပြေနေသည့်အတွက် ခရီးသွားများ ဝန်ထုပ်ဝန်ပိုးတစ်ခုမဖြစ်စေရန် စဥ့်အိုးတန်းဆိပ်ကမ်းရှိ သမ္ဗန်ဂိတ်ငါးဂိတ်မှာ စက်သမ္ဗန်များ ပုံမှန်ဈေးနှုန်းအတိုင်း ဆက်လက် ပြေးဆွဲလျက်ရှိကြောင်း စဥ့်အိုးတန်းစက်သမ္ဗန်ဂိတ်မှ သိရသည်။

**သန်းထိုက်**

## ညောင်လေးပင်မြို့နယ်အတွက် ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများ လွှဲပြောင်းပေးအပ်

**ပဲခူး မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အသက်ကယ်လှေများ လွှဲပြောင်းပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖိုက်ဘာစက်လှေများနှင့် အသက်ကယ် အင်္ကျီများကို ညောင်လေးပင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ တုံ့ပြန်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖိုက်ဘာစက်လှေ အစင်း ၅၀ နှင့်အသက်ကယ်အင်္ကျီအထည် ၄၅၁၀ ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် Semas Myanmar ကုမ္ပဏီနှင့် Sun Shine ကုမ္ပဏီတို့ထံမှ စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်အဆင့် ကော်မတီများထံသို့ ဖြန့်ဝေပေးပို့လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ မဒေါက်ဒေသသည် နှစ်စဉ် ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖိုက်ဘာစက်လှေ နှစ်စင်းနှင့် အသက်ကယ်အင်္ကျီ အထည် ၂၀ ကို ပေးအပ်ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှ ပြည်မြို့နယ်အတွက် ဖိုက်ဘာစက်လှေ သုံးစင်းနှင့် အသက်ကယ်အင်္ကျီ အထည် ၃၀၊ ရွှေတောင်မြို့နယ်အတွက် ဖိုက်ဘာစက်လှေ တစ်စင်းနှင့် အင်္ကျီ ၁၀ ထည်၊ မိုးညိုမြို့နယ်အတွက် ဖိုက်ဘာစက်လှေ နှစ်စင်းနှင့်အင်္ကျီ အထည် ၂၀ တို့ကိုလည်း လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။



**ဟိန်းထက်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး၌ ၁၀ ရက်အတွင်း အိမ်သုံးမီတာအလုံးရေ ခြောက်ထောင်ကျော် တပ်ဆင်ပေးပြီးဖြစ်

**မကွေး မေ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် မကွေးတိုင်းဒေသကြီး၌ အလင်းရောင်စီမံချက်ONE Stop Service (OSS) စနစ်ဖြင့် အိမ်သုံးမီတာများအား မေ ၂၂ ရက်နေ့မှ စတင်ပြီး အဖွဲ့များဖြင့်ကွင်းဆင်းတပ်ဆင်ပေးလျက်ရှိရာ မေ ၂၉ ရက်အထိ အိမ်သုံးမီတာလုံးရေ ၆၀၀၀ ကျော် တပ်ဆင်ပေးပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းက မကွေးတိုင်းဒေသကြီးအတွင်း မီးမသုံးစွဲရသေးသည့် နေရာများနှင့် ဒေသအစီအစဉ်ဖြင့် မီးလင်းရေးဆောင်ရွက်ထားပြီး လျှပ်စစ်မီးမရသေးသော နေရာများအတွက် မီတာတပ်ဆင်ရေးလုပ်ငန်းကို ဦးစားပေး၍ မြို့ပေါ်၊ ကျေးရွာအုပ်စုများရှိ ရပ်ကွက်၊ ကျေးရွာများသို့ အဖွဲ့များဖြင့်ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက မီတာများအား နေ့ချင်းလျှောက်၊ နေ့ချင်းငွေသွင်း၊ နေ့ချင်းပြီး တပ်ဆင်ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိနေသာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင်လည်း စီမံချက်အရဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားသည်။

ထိုသို့ (OSS) စနစ်ဖြင့် အိမ်သုံးမီတာများတပ်ဆင်ပေးလျက်ရှိရာတွင် ကျေးရွာသုံး (၅/၃၀) အမ်ပီယာမီတာ တစ်လုံးလျှင် ငွေကျပ်၄၅၀၀၀၊ မြို့ငယ်သုံး (၅/၃၀) အမ်ပီယာမီတာ တစ်လုံးလျှင် ငွေကျပ် ၇၅၀၀၀၊ မြို့ကြီးသုံး (၁၀/၆၀) အမ်ပီယာ မီတာ တစ်လုံးလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် တပ်ဆင်ပေးနေခြင်းဖြစ်ပြီး စီမံချက် စတင်ချိန် မေ ၂၂ ရက်မှ ၂၉ရက်အထိ ကျေးရွာသုံးမီတာ အလုံး ၄၀၀၀၊ မြို့ငယ်သုံးမီတာ အလုံး ၁၄၀၀၊ မြို့ကြီးသုံးမီတာ အလုံး ၁၂၀၀ စုစုပေါင်းမီတာ အလုံး ၆၆၀၀ အား တပ်ဆင်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း တိုင်း ဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။ **ကျော်ဇေယျ**

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနားၥ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်သွားလို**

ထိုသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ (Country Task Force on Monitoring and Reporting-CTFMR)တို့ အကြားပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် ကလေးစစ်သားစုဆောင်းမှုအား ကာကွယ်ရေးအတွက် ပူးတွဲလုပ်ငန်းစီမံချက် အမြန်ဆုံးအောင်မြင်စွာ ပြီးမြောက်စေလိုပါကြောင်း၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်ရေးအတွက် မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်မှ အတည်ပြုရန်ရှိသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းသည် ကောင်းမွန်သည့် ဥပဒေမူကြမ်းဖြစ်သည့်အတွက် အမြန်ဆုံး အတည်ပြုနိုင်ရေးအတွက် ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

**ကြိုတင်ကာကွယ်မှုပြုလုပ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ရန် အရေးကြီးကြောင်း၊ ယင်းသို့ ကာကွယ်နိုင်ရေးအတွက် ပညာရေးကဏ္ဍ မြှင့်တင်ရန်သည် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုနှင့် မတရားနှိပ်စက်မှုများသည် အားနည်းသူများအပေါ် ဖြစ်ပေါ်စေကြောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အကြမ်းဖက်မှု ခံရသူအများစုဖြစ်ကြောင်း၊ ယင်းသို့ အားနည်းသူများအပေါ် မတရား နှိပ်စက်အကြမ်းဖက်မှု မဖြစ်ပေါ်စေရေး အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လိုကြောင်း အလေးထားပြောကြားခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် **Ms. Virginia Gamba** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂျော်ဒန်နိုင်ငံမင်းသားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂျော်ဒန်နိုင်ငံမင်းသား Prince Mired Ra’ad Al-Hussein ဦးဆောင်သည့် အထူးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်က မြေမြှုပ်မိုင်းကြောင့် အပြစ်မဲ့ပြည်သူများအပေါ် ထိခိုက်မှုအန္တရာယ်ဖြစ်ပေါ်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ ယခုအချိန်အထိ မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်သို့ နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ အတည်ပြုပါဝင်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်သို့ အတည်ပြုပါဝင်ရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များအား မူအားဖြင့် လက်ခံသဘောတူပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စွာအကောင်အထည်ပေါ်သည့်အခါတွင် မြန်မာနိုင်ငံအနေဖြင့် စာချုပ်သို့ ပါဝင်နိုင်ရေးကို စဉ်းစားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြေမြှုပ်မိုင်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးမှုများ၊ မိုင်းဒဏ်သင့်သူများအား အကူအညီပေးရေးတို့နှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၈/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)**
**မွန်ပြည်နယ်ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်အစိုးရအဖွဲ့၊လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးမင်းထင်အောင်ဟန် ကို ယင်း၏သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဦးထင်လင်းအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် မေ ၃၀**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးထင်လင်းအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာကာတာနိုင်ငံသံအမတ်ကြီးH.E. Mr. Hassan Bin Mohamed Rafei AL-Emadi အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၉**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်သည်တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာကာတာနိုင်ငံသံအမတ်ကြီးH.E. Mr. Hassan Bin Mohamed Rafei AL-Emadi အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအားရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **သတင်းစဉ်**



## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၉**
ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr.Peter Lysholt Hansen အား ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အားယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း **(အပေါ်ပုံ)** နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၁၈) အစည်းအဝေးမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု ခွင့်ပြု

**နေပြည်တော် မေ ၂၉**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို မေ ၂၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်ကိုးဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအားစိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၁၈)အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်(၂)ခု ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား FINANCIAL TIMES မှ သတင်းထောက်နှင့် Mizzima TV အဖွဲ့တို့ သီးခြားစီလာရောက်တွေ့ဆုံ



**နေပြည်တော် မေ ၂၉**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လန်ဒန်အခြေစိုက် FINANCIAL TIMES သတင်းစာမှ အရှေ့တောင်အာရှဒေသဆိုင်ရာ သတင်းထောက်နှင့် ဗန်ကောက်ဗျူရိုအကြီးအကဲဖြစ်သူ John Reed အား ယနေ့နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံခဲ့ပြီး **(ဝဲပုံ)** ရန်ကုန်အခြေစိုက် Mizzima TV အဖွဲ့နှင့် ၁၁ နာရီတွင် သီးသန့်တွေ့ဆုံမေးမြန်းခန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ရိုက်ကူးခဲ့သည်။

FINANCIAL TIMES မှ သတင်းထောက် John Reed နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စီးပွားရေးသတင်းများရေးသားရန် အခွင့်အလမ်းကောင်းများကို ရှင်းလင်းပြောကြားပြီး စီးပွားရေးအထူးပြုသတင်းများ ရယူရန်၊ ပြည်ဝင်ဗီဇာရရှိရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

Mizzima TV အဖွဲ့နှင့် သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်လက်ရရှိပိုင်ခွင့် တိုးတက်လာစေရေးနှင့် သတင်းစာလွတ်လပ်ခွင့် ပိုမိုကောင်းမွန်လာစေရေးတို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မှ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကုလသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးအပ်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကုလသမဂ္ဂမှ Ms. Svetana Galkina ဦးဆောင်သည့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးအပ်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ကူညီပံ့ပိုး**

တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာရှိခဲ့ပြီး အောင်မြင်စွာကျင်းပပေးခဲ့မှု၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အသစ်ခန့်အပ်ထားသည့် ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချမည့် အခြေအနေ၊ Voter Education နှင့် Civic Education လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားဖြင့် ပညာပေးဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်နိုင်မှု၊ UNDP အနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ

နေပြည်တော် မေ ၂၉

**နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၈ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

**အဆိုပါ ညွှန်ကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ညွှန်ကြားချက်အမှတ်၊ ၁/ ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)**

**ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဌ) ပုဒ်မခွဲငယ် (၁)တွင် " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်" ဟု လည်းကောင်း၊ ပုဒ်မခွဲငယ်(၂)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်းတာဝန်ခံရမည်"ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၀ တွင် " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်"ဟု လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ တွင် " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်"ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့်နိုင်ငံတော်သမ္မတအား အဆင့်ဆင့်တာဝန်ခံကြရသဖြင့် မိမိ၏လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတာဝန်ခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ အသိပေးတင်ပြပြီး သဘောတူညီချက်၊ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသောမူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အထက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည်။

**အမိန့်အရ**

**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**
**နိုင်ငံတော်သမ္မတရုံး**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာ ကြည့်ရှု

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၏ မိတ်ဆွေများဖြစ်ကြသော ကိုးကန့်လူငယ်အသင်းဥက္ကဋ္ဌ ဦးမောင်မောင် ဦးဆောင်သည့် အဖွဲ့ဝင် ၁၀၀ တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၃၅၀၆၃ ဦးနှင့် ပြည်ပဧည့်သည် ၁၆၉၉ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အားကောင်းသော မုန်တိုင်းငယ် (Deep Depression) ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာရခိုင်ကမ်းရိုးတန်းဒေသ မာန်အောင်မြို့ ကျောက်ဖြူမြို့နှင့် စစ်တွေမြို့ တို့၏ ကမ်းခြေဒေသများတွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ဧရာဝတီတိုင်းဒေသကြီး ကမ်းခြေဒေသများတွင် သုံးပေခန့်အထိမြင့်တက်လာနိုင်ကြောင်းခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါကုန်းတွင်းမုန်တိုင်းငယ် (Land Depression)ဖြစ်ပေါ်နေစဉ် မေ ၃၀ ရက်မှ ၃၁ ရက်အတွင်း နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းနှင့် ဒေသအလိုက် မိုးကြီးခြင်းများဖြစ်ပေါ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် တစ်နာရီလျှင် ၃၅ မိုင်နှုန်းအထိ လေပြင်းများတိုက်ခတ်နိုင်ပါသည်။


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း ၇၇ မီလီမီတာ(၃-လက်မ)နှင့်အထက်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၃၈ မီလီမီတာ (၁ ဒသမ ၅ လက်မ)နှင့်အထက် ရွာသွန်းနိုင်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၆ ပေခန့်ရှိနိုင်ပါသည်။

**အကြံပြုချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ် (Deep Depression) ၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့အလင်း**






**ကျိုက်မရောမြို့နယ် ဘုရားကုန်းကျေးရွာလမ်းဆုံတွင် မူခင်းအသိပညာပေးယာဉ်ဖြင့် မူခင်းဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဝေငှခြင်းကို မေ ၂၈ ရက်က ချောင်းနှစ်ခွနယ်မြေစခန်းမှူး ရဲအုပ်တင့်ဆန်းဦးနှင့်အဖွဲ့ဆောင်ရွက်စဉ်။** နန္ဒကျော်စွာ

# ပြည်သူ့စကားဝိုင်း ပန်းတောင်းမြို့၌ ကျင်းပ

**ပန်းတောင်း မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ၌ မေ ၂၆ ရက် နံနက် ၉ နာရီက လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကိုသန့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေး ဆရာမောင်တည်ခိုင် (ပန်းတောင်း) နှင့် စာရေးဆရာ ဦးလှကျော်(ပန်းတောင်း) တို့က လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့ကြရာ မြို့ပေါ်ရပ်ကွက်များမှ လူငယ်များနှင့် ဒန့်ဒလွန်ကျေးရွာမှ အရှိုချင်းတိုင်းရင်းသားလူငယ်များက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅) ကော်လံ ၅ တွင်ဖော်ပြပါရှိသော မြန်မာနိုင်ငံမှ ထွက်ရှိသော ရေချိုပုစွန်တုပ်တွင် **white tale disease** အစား **white tail disease** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **မြန်မာ့အလင်း**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်က သဘောတူအတည်ပြု

နေပြည်တော် မေ ၂၉

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးအဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က သဘောတူ အတည်ပြုလိုက်သည်။ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**

### အမည်ပေါက်မြေ

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ယခင် ဗဟိုဈေးနေရာရှိ မြေကွက်လပ်၏ တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆိုပါ မြေနေရာသည် တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၈) မြေကွက်အမှတ် (၃/၈၈) သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ယခင်ဗဟိုဈေး မြေနေရာရှိ မြေဧရိယာ ၅ ဒသမ ၂၄၅ ဧကဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်စွဲပါ မှတ်တမ်းအရ ကာကွယ်ရေးဝန်ကြီးဌာနပိုင်အမည်ပေါက်မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ မေးခွန်းပါ မြေနေရာသည် ကာကွယ်ရေးဝန်ကြီးဌာနပိုင် အမည်ပေါက်မြေအဖြစ် မှတ်သားထားရှိပြီးဖြစ်ခြင်း၊ တပ်မတော်အတွက် အနာဂတ်စီမံချက်များ ဆောင်ရွက်ရန် လျာထားမြေနေရာဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ **သံဖြူဇရပ်မြို့နယ်ရှိ ရွှေဖြူရတနာအမည်ရ တပ်ပိုင်ဂေါက်ကွင်းကို နိုင်ငံပိုင်အများပြည်သူဂေါက်သီးအားကစားကွင်းအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ဂေါက်ကွင်းနေရာသည် အမှတ်(၃၁)ခြေလျင်တပ်ရင်း(တပ်ဟောင်း) မြေဧရိယာအတွင်းပါဝင်ပြီး ၁၉၈၁ ခုနှစ်၌ သံဖြူဇရပ်မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဝမ်းထိန်၊ အမှတ်(၃၁) ခြေလျင်တပ်ရင်း၊ တပ်ရင်းမှူးနှင့် ဒုတိယတပ်ရင်းမှူးတို့မှ ဦးစီး၍ ကျင်း ကိုးကျင်းပါ ဂေါက်ကွင်းဖောက်လုပ်ခဲ့ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း။

အဆိုပါ ဂေါက်ကွင်းအား ၂၀၀၅ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုမှ ရွှေဖြူရတနာဂေါက်ကွင်းအဖြစ် အမည်ပေးခဲ့ပြီး ရန်ပုံငွေပိုင်ဆိုင်မှုအနေဖြင့် ငွေကျပ် ၆၉၆၄၆၀၀ ရှိကြောင်း၊ တစ်လဝင်ငွေ ငွေကျပ် ၃၅၅၀၀၀ ရရှိပြီး ထွက်ငွေအနေဖြင့် လစဉ် အလုပ်သမားငါးဦးအတွက် လစာငွေကျပ် ၂၈၀၀၀၀ ပေးခြင်း၊ ကျန်ငွေများအား အခြားလိုအပ်သည့် ဂေါက်ကွင်းပြုပြင်ခြင်းလုပ်ငန်းအတွက် အသုံးပြုလျက်ရှိကြောင်းနှင့် လက်ရှိဂေါက်ကွင်း ဥက္ကဋ္ဌ တာဝန်အား ဦးလှရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ သံဖြူဇရပ်မြို့နယ်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အမှတ်(၃၁) ခြေလျင်တပ်ရင်း(တပ်ဟောင်း)၏ တပ်ပိုင်မြေဧရိယာ ၂၁၆ ဒသမ ၄၄ ဧကအနက်မှ မြေဧရိယာ ၀ ဒသမ ၆၉၁၁ ဧကအား သာသနာ့ဝတ္တကမြေအဖြစ် ပြန်လည်စွန့်လွှတ်ပေးခဲ့သဖြင့် လက်ရှိတပ်ပိုင်မြေဧရိယာ ၂၁၅ ဒသမ ၇၄၈၉ ဧကကျန်ရှိကြောင်းနှင့် မေးခွန်းပါ ဂေါက်ကွင်း မြေဧရိယာ ၉၅ ဒသမ ၂၅ဧက ဟု ဖော်ပြထားရှိသော်လည်း မြေပြင်ကွင်းဆင်းစိစစ်ချက်အရ လက်ရှိ ရွှေဖြူရတနာဂေါက်ကွင်းအဖြစ် အသုံးပြုနေသည့် မြေဧရိယာမှ ၇၉ ဒသမ ၉၄ ဧကသာရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်



တောင်ဥက္ကလာပမဲဆန္ဒနယ်မှ
ဒေါက်တာ ဦးစောနိုင်

### စွန့်လွှတ်ပေးနိုင်ခြင်းမရှိ

မြေပြင်ကွင်းဆင်းစိစစ်ချက်များအရ ဂေါက်ကွင်းရန်ပုံငွေတိုးတက်ရရှိရေးအတွက် စီးပွားရေးလုပ်ငန်းများဖြစ်သော ဂေါက်ကွင်းလေ့ကျင့်ရေးကွင်းလုပ်ငန်း၊ ဂေါက်ပစ္စည်းများရောင်းချခြင်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် ဂေါက်ရိုက်သူများ တည်းခိုရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လိုသဖြင့် တင်ပြတောင်းခံခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အမှတ်(၃၁) ခြေလျင်တပ်ရင်း(တပ်ဟောင်း)၏ တပ်ပိုင် မြေဧရိယာ ၂၁၆ ဒသမ ၄၄ ဧကအနက်မှ သာသနာ့ဝတ္တကမြေ ၀ ဒသမ ၆၉၁၁ ဧကအား ပြန်လည်စွန့်လွှတ်ထားပြီးဖြစ်ခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင်လည်း ဂေါက်ကွင်းအဖြစ် တည်ရှိခြင်းမရှိဘဲ တပ်ပိုင်မြေအဖြစ်သာ တည်ရှိခြင်း၊ တပ်ပိုင်အဆောက်အအုံများနှင့် နီးကပ်လျက်ရှိခြင်း၊ ဂေါက်ကွင်းအတွင်း စားသောက်ဆိုင်လုပ်ငန်းများနှင့် ဂေါက်ရိုက်သူများ တည်းခိုရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လာပါက တပ်ပိုင်မြေနှင့် တစ်ဝင်းတည်းတွင် တည်ရှိသောကြောင့် လုံခြုံရေးအရ မလိုလားအပ်သည့် ပြဿနာများဖြစ်ပွားလာနိုင်ခြင်းနှင့် လုံခြုံရေးအရ အရေးကြီးသည့် မြေနေရာဖြစ်ခြင်းတို့ကြောင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဖဲလ်၏ **ဖလမ်းမြို့နယ် ဗားလုံးကျေးရွာကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန (Rural Health Centre) အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဗားလုံးကျေးလက်ဌာနခွဲသည် မရှိပါကြောင်း၊ ဗားလုံးရွာသာရှိပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွင့်ပြုပေးရာတွင် ရွာတစ်ရွာကို တိုက်ရိုက်ခွင့်ပြု၍ မရပါကြောင်း၊ ရှေးဦးစွာကျေးလက်ဌာနခွဲရှိပြီးမှသာလျှင် တိုးပေး၍ ရပါကြောင်း၊ တိုးပေးမည်ဆိုလျှင်လည်း လိုအပ်ချက်ခြောက်ချက်တွင် နှစ်ချက်သာရှိပါကြောင်း၊ တည်နေရာကို ကြည့်ရာတွင်လည်း ကလေးနှင့် တီးတိန်အစွန်ကို ရောက်နေပါကြောင်း၊ ခြောက်ချက်တွင် အဓိကသည် ပျမ်းမျှလူဦးရေ ၃၀၀၀ မှ ၅၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ဗားလုံးတွင် လူဦးရေသည် ၆၅၆ ဦးသာရှိပါကြောင်း၊ လူဦးရေသိပ်သည်းမှုသည်လည်း အလွန်နည်းပါကြောင်း၊ အိမ်ခြေသည် ၉၄ အိမ်သာ ရှိပါကြောင်း၊ တိုးသင့် မတိုးသင့်ကို ပြည်နယ်ဦးစီးမှူးသို့ တိုက်ရိုက်မေးသော်လည်း ယခုအချိန်တွင် တိုးပေးရန်မလိုသေးပါကြောင်း အကြောင်းပြန်ကြားသည့်အတွက် မတိုးပေးသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးနှင့် မိုင်းတုံ မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းက **မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက်ပင်မ အရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျောင်းခွဲများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း၊ နှစ်ရှည်သီးပင်ဘာသာရပ်များအတွက် ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာန၊ မော်လမြိုင်တွင် နှစ်ရှည်သီးနှံ အထူးပြုကျောင်းခွဲ၊ လှည်းကူးတွင် ဥယျာဉ်ခြံသီးနှံအထူးပြုနှင့် သီးနှံကာကွယ်ရေးအထူးပြုကျောင်းခွဲ စသည်ဖြင့် ဖွင့်လှစ်ပို့ချပေးနေပါကြောင်း၊ သို့မှသာ အနာဂတ် စိုက်ပျိုးနည်းပညာ၊ နည်းစနစ်နှင့်အရင်းအမြစ် ကွာဟမှုများကို မိမိတို့ စိန်ခေါ်ဖြတ်ကျော်နိုင်မည် ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်နေ

မြန်မာ့သစ်သီးဝလံဈေးကွက်နှင့် စိုက်ပျိုးထုတ်လုပ်မှုအဆင့်အတန်းမြင့်မားလာစေရန် ဒေသခံအသင်းအဖွဲ့များ၊ အစုအဖွဲ့များနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း၊ စိုက်တောင်သူများ၏ အဓိကလိုအပ်ချက်ပင်မအရင်းအမြစ်မှာ မျိုးပင်၊ နည်းပညာနှင့် နည်းစနစ်များ ဖြစ်ပါကြောင်း၊ ရှေးအစဉ်အဆက်က စိုက်ပျိုးလုပ်ကိုင်လာသော ဒေသထွက်နှစ်ရှည် သီးနှံပင်များမှာ အရည်အသွေးကျဆင်းလာသဖြင့် ယနေ့ခေတ်ပေါ်စပ်မျိုးများကို မယှဉ်နိုင်တော့ပါကြောင်း၊ အရည်အသွေးနှင့် အထွက်နှုန်းများစွာ ကွာခြားနေပါကြောင်း၊ ယနေ့ ပုဂ္ဂလိက ကုမ္ပဏီများ၊ စိုက်ပျိုးလုပ်ကိုင်သူများမှ နိုင်ငံခြားမျိုးနှင့် မူရင်းဒေသမျိုးပေါင်းစပ်ထားသော တန်ဖိုးမြင့်ပျိုးပင်များ ထုတ်လုပ်ရောင်းချနေပါကြောင်း။

နိုင်ငံတော်မှလည်း ဒေသနှင့် လိုက်ဖက်သော စီးပွားဖြစ် နှစ်ရှည်သီးပင်များကို စပ်မျိုးအဖြစ် ပြောင်းလဲ၍ ဒေသအလိုက်ဖြန့်ဖြူးပေးစေလိုပါကြောင်း၊ စပ်မျိုးနှင့် သက်ဆိုင်သော နည်းပညာရပ်များဖြစ်သည့် မျိုးစပ်နည်း၊ စိုက်ပျိုးနည်း၊ အပင်ထိန်းသိမ်းနည်း၊ အသီးအရည်အသွေးမြှင့်တင်နည်းများကို စိုက်တောင်သူများနှင့် ထိတွေ့၍ သင်တန်းပေးခြင်း၊ ခေတ်စနစ်နှင့် လျော်ညီသော စာအုပ်များနှင့် CD ခွေများ ထုတ်ဝေခြင်း၊ သတင်းအချက်အလက်များကို Website ၌ အခါမရွေးလွှင့်တင်ပေးခြင်းတို့ဖြင့် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေးလုပ်ငန်းအပေါ် ကူညီထောက်ပံ့ပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်းမြန်ဆန်စွာ မြင့်မားတိုးတက်လာနိုင်မည်ဖြစ်ပြီး ပြည်တွင်းတစ်ပိုင်တစ်နိုင်ဈေးကွက်မှသည် ပြည်ပတင်ပို့ကုန်အဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

### လွှတ်တော်သို့ တင်သွင်း

ယင်းနောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

◆ နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျောင်းခွဲများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

◆ နှစ်ရှည်သီးပင်ဘာသာရပ်များအတွက် ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာန၊ မော်လမြိုင်တွင် နှစ်ရှည်သီးနှံ အထူးပြုကျောင်းခွဲ၊ လှည်းကူးတွင် ဥယျာဉ်ခြံသီးနှံ အထူးပြုနှင့် သီးနှံကာကွယ်ရေး အထူးပြုကျောင်းခွဲ စသည်ဖြင့် ဖွင့်လှစ်ပို့ချပေးနေ

◆ အနာဂတ် စိုက်ပျိုးနည်းပညာ၊ နည်းစနစ်နှင့် အရင်းအမြစ်ကွာဟမှုများကို မိမိတို့ စိန်ခေါ်ဖြတ်ကျော်နိုင်မည်

---

## မြန်မာ့အနာဂတ် အလုပ်အကိုင်များ ခေတ်သစ်ဆီသို့ အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၉**

ကမ္ဘာ့ဘဏ်အုပ်စုမှ ကျင်းပသည့် "မြန်မာ့အနာဂတ်အလုပ်အကိုင်များ ခေတ်သစ်ဆီသို့" အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအရင်းအမြစ်အပါအဝင် အရင်းအမြစ်များအား စနစ်တကျထိရောက်စွာ အသုံးချနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးနှင့် ၎င်းတို့အား အလုပ်အကိုင်နေရာကောင်းများတွင် ခွဲဝေချထားခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လုပ်အားဈေးကွက်မျှခြေကို ဖြစ်ပေါ်စေရန် အရေးကြီးပါကြောင်း၊ အလုပ်အကိုင်ဖန်တီးရေးကဏ္ဍအတွက် အစိုးရမှချမှတ်ထားသည့် မူဝါဒများနှင့်အညီ အလုပ်အကိုင်ဖန်တီးနိုင်ရေးကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာ့ဘဏ်အုပ်စုမှ ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ကောင်းမွန်သော အလုပ်အကိုင်များနှင့်ပတ်သက်၍ အသေးစိတ်လေ့လာ သုံးသပ်ချက်များ ပါဝင်သည်ကို တွေ့ရပါကြောင်း၊ အလုပ်အကိုင်ဖန်တီးနိုင်ရေးကဏ္ဍတွင် ဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှမှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှု၊ အခြေခံအဆောက်အအုံမလုံလောက်မှုနှင့် ဘဏ္ဍာရေးအရင်းအမြစ် လိုအပ်မှုစသည့် စိန်ခေါ်မှုများရှိနေပါကြောင်း၊ ယနေ့ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ အစီရင်ခံစာသည် မိမိတို့အစိုးရ၏ အလုပ်အကိုင် ဖန်တီးနိုင်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ Country Director , Ms. Ellen Goldstain က မိတ်ဆက်စကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နွားနောက်မွေးမြူရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နှစ်ဆင့်ခံချေးငွေရရှိရေး ဆောင်ရွက်ပေးသွားမည်



ဒုတိယဝန်ကြီး ဦးလှကျော်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်

- **နွားနောက်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအနေဖြင့် မွေးမြူမှု နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးပွားမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ သုတေသန လုပ်ငန်းများ ကူညီဆောင်ရွက်ပေးမည်ဖြစ်**
- **စိုက်ပျိုးတောင်သူများအတွက် လိုအပ်သည့် အသိပညာ၊ နည်းပညာများကို ဌာနဆိုင်ရာဘက်မှ ပံ့ပိုးရန် လိုအပ်သကဲ့သို့ ဈေးကွက် သတင်းအချက်အလက်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သိရှိသည့်အတွက် တောင်သူ၊ အစိုးရဌာနနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍ ဟန်ချက်ညီညီဆောင်ရွက်ရန် လိုအပ်ကြောင်း ထောက်ခံဆွေးနွေး**

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း သုံးခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**နွားနောက်မွေးမြူရေးဆိုင်ရာ**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များတွင် နွားနောက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က နွားနောက်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအနေဖြင့် မွေးမြူမှု နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးပွားမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး နွားနောက်မွေးမြူရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နှစ်ဆင့်ခံချေးငွေ ရရှိရေးကိုမူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**မိုနိုပန့် ပြောင်းလဲတပ်ဆင်ပေးခဲ့**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇရပ်လှကျေးရွာအုပ်စု ကြိမ်မြောင်းကျေးရွာရှိ မကွေးစက်မှု ၂ တိုင်းရုံးနှင့် နယ်သာလန် နိုင်ငံအလှူရှင်တို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းနှင့် စင်မြင့်ရေစင်တို့ကို ပြန်လည်ပြုပြင်လျက် သောက်သုံးရေ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကြိမ်မြောင်းကျေးရွာတွင် အိမ်ခြေ ၅၄အိမ်၊ လူဦးရေ ၂၈၂ ဦးနေထိုင်ပြီး လက်ရှိ ရေသုံးစွဲမှုမှာ စက်ရေတွင်း ၁၁ တွင်း၊ တုံကင်တွင်း ၂၃ တွင်းတို့မှ ရေရယူသုံးစွဲလျက်ရှိသောကြောင့် ကျေးရွာ သောက်သုံးရေအတွက် ပူပန်စရာ အခြေအနေမရှိပါကြောင်း၊ လွန်ခဲ့သည့် ၁၉၇၈ - ၁၉၇၉ ဘဏ္ဍာရေးနှစ်တွင် မကွေးစက်မှု ၂ တိုင်းရုံးမှ စက်ရေတွင်း(ရေစုကန်၊ အင်ဂျင် လေမှုတ်စက်) အပါအဝင် တူးဖော်ဆောင်ရွက်ပေးခဲ့မှု ရှိပါကြောင်း၊ ၁၉၈၉ ခုနှစ်တွင် နယ်သာလန်နိုင်ငံ အလှူရှင်များမှ ဂါလန် ၇၀၀၀ ဆံ့ စင်မြင့်ရေစင်၊ Petter Engine နှင့် မိုနိုပန့်အား ပြောင်းလဲတပ်ဆင်ပေးခဲ့ပြီး ဇရပ်လှ၊ ရှားတော၊ အောက်လှိုင်း၊ ထန်းလေးပင်၊ မြောက်တော၊ မဲထီးကုန်း၊ ကန်ဘောင်ကျေးရွာများသို့ ရေဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ရေတင်နိုင်ရန်အတွက် စက်မောင်းဆီခ ကောက်ယူရရှိမှု မရှိခြင်းနှင့် တွင်းတိမ်၊ တုံကင်တွင်းများဖြင့် ရေလုံလောက်မှုရှိသောကြောင့် အဆိုပါ မိုနိုပန့် စက်ရေတွင်းအား အသုံးမပြုသည်မှာ နှစ်ပေါင်း ၂၀ ဝန်းကျင်ခန့် ရှိပြီဖြစ်ပါကြောင်း။

ကြိမ်မြောင်းကျေးရွာ မိုနိုပန့်စက်ရေတွင်းအား ပြန်လည်အသုံးပြုနိုင်ရန်အတွက် စက်ရေတွင်း အတွင်းပိုင်းအား Bore Hole Camera ဖြင့် စစ်ဆေးခြင်း၊ Well Developing လုပ်ငန်း ဆောင်ရွက်ခြင်း၊ စက်ရေတွင်းကောင်းမွန်ပါက ရေမြှုပ်ပန့် လဲလှယ်တပ်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း၊ စင်မြင့်ရေစင်အခြေအနေ ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့အား မိမိဝန်ကြီးဌာနအောက်တွင်ရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး တွင်းပြင်ဆင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ မေးခွန်းနှင့် စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီးက ဆက်လက်ရှင်းလင်းဖြေကြားခဲ့သည်။

**GAP စနစ် ဆောင်ရွက်ပေးနိုင်ရေး**

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေးက ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝ အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်နေပါကြောင်း၊ တောင်သူများ၏ လိုအပ်သည့် ရင်းနှီးငွေများ ရရှိစေရန် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အသီးသီးမှ စိုက်ပျိုးရေးချေးငွေများ ထုတ်ချေးပေးနေပါကြောင်း၊ ထုတ်ချေးပေးလိုက်သည့် ချေးငွေများသည် တောင်သူများ နည်းလမ်းမှန်ဖြင့် ထိရောက်သည့် သုံးစွဲမှု၊ လုပ်အားပြဿနာကြောင့် လိုအပ်သည့် စက်ကိရိယာများ ပြည့်စုံမှုနှင့် အရည်အချင်းမီသည့် ထွက်ကုန်များ ဈေးကွက်ရရှိမှု ရှိ၊ မရှိ စသည့် ပြဿနာများကို စိုက်ပျိုးတောင်သူများဖြစ်သည့် မိမိတို့ကိုယ်တိုင် တောင်သူများအကြားတွင် အနီးကပ်တွေ့ရှိနေရပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးတောင်သူများအတွက် လိုအပ်သည့် အသိပညာ၊ နည်းပညာများကို ဌာနဆိုင်ရာဘက်မှ ပံ့ပိုးရန် လိုအပ်သကဲ့သို့ ဈေးကွက်သတင်းအချက်အလက်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သိရှိသည့်အတွက် တောင်သူ၊ အစိုးရဌာနနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်း၍ ဟန်ချက်ညီညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုရှင်၏ ကျေးလက်နေတောင်သူများ မှန်ကန်သည့် နည်းစနစ်များဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်စေရန် ဆန္ဒနှင့် စားသုံးသူ ပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံသည့် အစားအသောက်များရရှိစေရန် စေတနာဖြင့် တင်သွင်းသည့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

**အစိုးရဘတ်ဂျက်တိုးမည်**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းက နောင်ကာလများတွင် G.A.P တံဆိပ်ကပ်နှိပ်ထားသော သီးနှံများကိုသာ နိုင်ငံတကာမှ လက်ခံဝယ်ယူတော့မည် ဖြစ်ပါကြောင်း၊ G.A.P ၏ ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကြောင့် အစားအစာအန္တရာယ်ကင်းရှင်းခြင်း၊ ပတ်ဝန်းကျင်ပျက်စီးခြင်းတို့ကို ကာကွယ်နိုင်ခြင်း၊ သီးနှံများ အရည်အသွေးမြင့်မားခြင်း၊ လုပ်သားများ ကျန်းမာရေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝ သာယာရေးကို ဦးတည်ပါကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် G.A.P တံဆိပ်ပါ ပါက နိုင်ငံတကာက ဝယ်ယူမည် ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ဘတ်ဂျက်တိုးမည်ဖြစ်ပါကြောင်း၊ စားသုံးသူများအနေဖြင့်လည်း အန္တရာယ်ကင်းစွာ စားသုံးနိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးသမားများ ဝင်ငွေတိုး၍ ချောင်လည်လာမည်ဖြစ်သည့်အတွက် လူနေမှုဘဝမြင့်မားလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် G.A.P အကျင့်ကောင်းများကို လိုက်နာကျင့်သုံးရန် အစိုးရမှ ထောက်ပံ့ကူညီပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍတစ်ခု အကောင်အထည်ဖော်နိုင်ရန် လွှတ်တော်တွင် အဆိုတင်၍ စတင်ဆွေးနွေး

**နေပြည်တော် မေ ၂၉**

တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍတစ်ခုကို အကောင်အထည်ဖော်ခြင်း အပြင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စားနပ်ရိက္ခာ ဖူလုံမှု၊ လုံခြုံမှုဆိုင်ရာ ကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုအား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ရာ ယနေ့တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးကြောင်း သိရသည်။

မေ ၁၆ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ်(Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းခဲ့သည်။

ဦးလှဆန်းက တောင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ တောင်သူများနှင့် ဌာနဆိုင်ရာများ အကြား ကောင်းမွန်ပွင့်လင်းသော ဆက်ဆံမှုများနှင့် လုပ်ငန်းများကို တိုးတက်စေခြင်း အပါအဝင် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ ဈေးကွက်တို့ ဟန်ချက်ညီညီ တိုးတက်စေခြင်းမှ တစ်ဆင့် ပိုမိုကောင်းမွန်သော မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ပူးပေါင်းချမှတ်လာနိုင်စေရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်လည်း ရည်ရွယ်ပါကြောင်း။

ထို့ပြင် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထွက်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်ဝင်အရည်အသွေး ရရှိရန်အတွက် ချိန်ညှိထုတ်လုပ်နိုင်ရေး၊ အသိပညာဗဟုသုတများကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်သင့်ပြီး နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရပိုင်းမှ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ထိုးဖောက်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အစိုးရ၊ တောင်သူနှင့် ကုန်သည်လုပ်ငန်းရှင်များ ဟန်ချက်ညီညီ အပြန်အလှန် ဆက်သွယ်ပူးပေါင်းနိုင်ရေး အတွက် စီမံလုပ်ဆောင်သင့်ပါကြောင်း၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ရေမြေအစရှိသည့် အရင်းအမြစ်များနှင့် ၇၀ ရာခိုင်နှုန်းသော စိုက်ပျိုး၊ မွေးမြူရေး လုပ်ကိုင်သူ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ စီမံအသုံးချသင့်ပါကြောင်း။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးမှု အစီအစဉ်သည် မျက်မှောက်ကာလအတွက် ကမ္ဘာ့နိုင်ငံအများစု၏ လိုလားချက်ဖြစ်သော နည်းပညာ အခြေခံဖွံ့ဖြိုးမှုကိုလည်း ရယူရမည်ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ကျင့်သုံးခဲ့သည့် ရိုးရာအခြေခံ နည်းစနစ်များကိုလည်း မပစ်ပယ်ဘဲ အကျိုးရှိရှိ သိပ္ပံနည်းကျ နည်းပညာ အရင်းအမြစ်အဖြစ် ပြောင်းလဲအသုံးပြုရန် မခက်ခဲပါက အသုံးပြုပြီး လိုအပ်သည့် ဖွံ့ဖြိုးမှုစွမ်းအားကို တည်ဆောက်ဖန်တီးနိုင်ကြမည်ဖြစ်ပါကြောင်း တင်သွင်းပြောကြားခဲ့သည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး အမည်စာရင်း တင်သွင်းထားပြီး ယနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက စတင်ဆွေးနွေးခြင်းဖြစ်ကြောင်းသိရသည်။

**အောင်ရဲသွင်**

❋ *ကျောဖုံးမှ*

နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်တာကာလဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံ ၂၄ ကြိမ် ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှကျပ် ၃၀၇ ဘီလီယံဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေကြေးပမာဏ တိုးတက်မှုနှုန်းကို ရည်မှန်းချက်ထားရှိခဲ့သည့် ၂၃ ရာခိုင်နှုန်းအောက်ရှိစေရန် ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

**စီမံကိန်းနယ်ပယ်များသတ်မှတ်**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် CBN- NET (RGTS) System ကို International Standard နှင့်အညီ ဖြစ်စေရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် JICA တို့အကြား ဆွေးနွေးမှု မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းနယ်ပယ်များကို သတ်မှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီမှ စတင်၍ အခွန်ထမ်းများအနေဖြင့် မည်သည့်ဘဏ်မှမဆို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ ပြည်တွင်းအခွန်များဦးစီးဌာနစာရင်းသို့ CBN- NET System Customer Credit Transfer Function ကို အသုံးပြု၍ အွန်လိုင်းမှ အခွန်ပေးဆောင်ခြင်း ဆောင်ရွက်နိုင်မည့် အစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

လျင်မြန်ထိရောက်ပြီး လုံခြုံမှုရှိသော Retail Payment System ဖြစ်စေရေးအတွက် MPU Switch ကို Upgrade ပြုလုပ်ကာ EMV Card Migration ဆောင်ရွက်နိုင်ရေးနှင့် International Standard QR Code အသုံးပြုမှုစနစ် အကောင်အထည်ဖော်ရေးအတွက် မူဝါဒချမှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

Messaging Standard ကို ISO 20022 နှင့်အညီ မြှင့်တင်ဆောင်ရွက်ပြီး Cross Border Payment များကို ASEAN Framework နှင့်အညီ ဆောင်ရွက်နိုင်ရေး အသင့်အနေအထား ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိရောက်တည်ငြိမ်လုံခြုံမှုရှိသော ငွေပေးချေမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် World Bank Loan Project 2017-2021 အောက်တွင် Payment System Oversight အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Payment Expert များ၏ နည်းပညာအကူအညီ ရယူဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

**နည်းပညာအကူအညီရယူ**

ပြည်ပ ငွေပေးငွေယူစာရင်း ပြုစုရေးဆွဲမှု တိုးတက်ကောင်းမွန်စေရေးအတွက် ပြည်ပ ငွေပေးငွေယူစာရင်းများ မှန်ကန်တိကျစေရန်နှင့် အရည်အသွေးပြည့်ဝစေရန်၊ အပြည်ပြည်ဆိုင်ရာ နည်းစနစ်များနှင့်ကိုက်ညီစေရန် IMF မှ ပြည်ပငွေကြေးစာရင်းအင်းများနှင့် ပတ်သက်သော နည်းပညာ အကူအညီ ရယူဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်မှပင် ပြည်ပငွေပေးငွေယူ စာရင်းများကို Balance of Payments and International Investment Position Manual Fifth Edition- BPM5 အရ တွက်ချက်ခဲ့ခြင်းမှ ယခုအခါ BPM6 သို့ ပြောင်းလဲတွက်ချက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် BPM6 နှင့် လိုက်လျောညီထွေဖြစ်စေရန် ဘဏ်များမှ ကောက်ယူသော စာရင်းစနစ် International Transactions Reporting System- ITRS ကို အဆင့်မြှင့်တင်ခဲ့ပြီး ကိန်းဂဏန်းအချက်အလက်များအပေါ် ခန့်မှန်းသုံးသပ်ခြင်း ကျင့်သုံးရမည့် နည်းလမ်းများနှင့် ရရှိနိုင်သော အရင်းအမြစ်များကို ပြန်လည်သုံးသပ်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဥပဒေပြင်ဆင်ရေးဆွဲ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏ AML/CFT ဆိုင်ရာလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှုအစီရင်ခံစာ ရေးဆွဲခြင်း၊ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ ပြင်ဆင်ရေးဆွဲခြင်းစသည့် ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဘဏ်များအတွက် AML/CFT ဆိုင်ရာဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဘဏ်များ၏ Institutional Profile များကို ပြုစုခြင်း၊ AML/CFT Risk Management Questionnaire နှင့် အပ်ငွေများ၊ ငွေအပ်နှံသူများအပေါ် ဆုံးရှုံးနိုင်ခြေ အတန်းအစားခွဲခြားခြင်း၊ ဘဏ်များကို Risk- Based Approach ဖြင့် ကြီးကြပ်စစ်ဆေးခြင်းစသည့်ဘဏ်များ၏ AML/CFT ဆိုင်ရာ တိုးတက်လိုက်နာစေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြင့်ရရှိစေရန် ပုဂ္ဂလိကဘဏ်များကို ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ဘဏ်ခွဲပေါင်း ၁၂၄၇ ခုရှိခဲ့ရာမှ ယခုအချိန်တွင် ဘဏ်ခွဲပေါင်း ၁၆၅၃ ခု တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ချေးငွေလိုအပ်နေသော လုပ်ငန်းရှင်များနှင့် ပြည်သူသို့ တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို တည်ထောင်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ၁၃ ခုရှိခဲ့ရာမှ ယခုအခါ ၂၅ ခု တိုးတက်တည်ထောင် ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း။

ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသည့် နေရာများမှ ပြည်သူများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရရှိစေရန် ဘဏ်၏ အေးဂျင့်မှ တစ်ဆင့် Mobile Application ကိုအသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန် ဘဏ်များကို မိုဘိုင်းဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ပုဂ္ဂလိကဘဏ် ခုနစ်ခုကို မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု ဆောင်ရွက်ခွင့်ပြုခဲ့ရာမှ ယခုအခါ ပုဂ္ဂလိကဘဏ်ကိုးခုမှ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ခွင့်ပြု ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက် အော်ပရေတာများကပါ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းကွန်ရက် အော်ပရေတာ နှစ်ခုနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုတို့ကို မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**အချိန်နှင့်တစ်ပြေးညီ**

ယင်းနောက် **ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး က** နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့် အချိန်တိုင်းတွင် တပ်မတော်သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတို့တွင် စေတီပုထိုးများနှင့် လူနေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြုပြင်ပေးခြင်းများအနေဖြင့် ဘုရားစေတီ ခြောက်ဆူ၊ ဘုန်းကြီးကျောင်း ၃၆ ကျောင်း၊ အိမ်ခြေ ၇၁၄ လုံး၊ စာသင်ကျောင်း ၃၆ ကျောင်း၊ ဆေးရုံ သုံးရုံ၊ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅ သန်းကျော် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှု ဖြစ်ပွားခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၄၀၇၄ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၈ သန်းကျော် ပေးအပ်နိုင်ခဲ့ပါကြောင်း။

**ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့**

၂၀၁၆ ခုနှစ်မှ ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့၌ ရေဘေးသင့် အိမ်ထောင်စု ၁၁၈၅၁ စုကို တပ်မတော်ပိုင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကုန်တန်ချိန် ၁၂၇ တန်နှင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုး ငွေကျပ် ၁၃၇ သန်းကျော် ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း၌ ဖြစ်ပွားခဲ့သည့် ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီ ပုထိုးများ၊ သာသနိက အဆောက်အဦများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များမှ ၂၀၁၇ ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် အလှူငွေကျပ် ၈၉၂ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

**ကျပ် ၃၀၉ သန်းကျော် ထောက်ပံ့**

မြန်မာ့တပ်မတော်(ရေ)မှ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စစ်ရေယာဉ် ခြောက်စင်းဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသူ ၄၂ ဦးကို ကယ်ဆယ်မှု ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုရာ) ဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် စစ်ရေယာဉ် နှစ်စင်းဖြင့် ကုန်ပစ္စည်းတန်ချိန် ၁၆၅ ဒသမ ၆၄၆ တန်နှင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကိစ္စရပ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် မေလ ၁၁ ရက်စွဲဖြင့် ခွင့်ပြုချက်အရ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၇ ဦးကို အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၂၀၁၇ ခုနှစ် ဇွန်လ ၂၃ ရက်တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ၊ အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့တွင် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြင့် ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဝေးလံခေါင်းပါး၍ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ အထူးဆေးကုသရေးအဖွဲ့များ စေလွှတ်၍ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တပ်မတော် နယ်လှည့်အထူးကု ဆေးအဖွဲ့များသည် ရွေ့လျားခွဲစိတ်ယာဉ်၊ ဓာတ်ခွဲယာဉ်နှင့် ဓာတ်မှန်ရိုက်ယာဉ်များ အပါအဝင်ဖြင့်လည်းကောင်း၊ တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုစွန်) နှင့် မြစ်ရေယာဉ်(စကု) တို့ဖြင့် လည်းကောင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ကျန်းမာရေးစောင့်ရှောက်ပေး**

ပြည်သူလူထုအတွင်း အဖြစ်များသော တီဘီရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည် အဆစ်ရောင်ရောဂါ၊ ထိခိုက်အရိုးကျိုးဒဏ်ရာများနှင့် ရင်သားကင်ဆာရောဂါများ ရှာဖွေဖော်ထုတ်ကုသပေးနိုင်ခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ မျက်စိရောဂါခွဲစိတ်ကုသမှုများ၊ အသေးစား၊ အကြီးစားနှင့် အရေးပေါ်ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ၂ ကြိမ် ဆောင်ရွက်ခဲ့ပြီး အထွေထွေရောဂါ၊ ခွဲစိတ်မှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၇၂၁၀ တို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပါကြောင်း။

တပ်မတော်မှ အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြု(အရာရှိ)များ လိုက်ပါပြီး ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်အတွင်း သွားလာရေး ခက်ခဲသည့် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများထံသို့လည်းကောင်း၊ ရန်ကုန်မှ ကိုကိုးကျွန်းနှင့် ဟိုင်းကြီးကျွန်းမြို့နယ်များရှိ ပြည်သူများထံသို့လည်းကောင်း သွားရောက်ကာအထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၁၆၃၁၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ် သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလ ၁၇ ရက်အထိ မြစ်ဝကျွန်းပေါ်ဒေသရှိ လပွတ္တာမြို့နယ်နှင့် မအူပင်မြို့နယ်များသို့သွားရောက်ကာ ပြည်သူလူထုစုစုပေါင်း ၁၈၆၇၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါကြောင်း။

**လေ့ကျင့်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိစေရန်နှင့် နိုင်ငံတော်တွင် အရေးပေါ် အခြေအနေကြုံတွေ့လာပါက လေ့ကျင့်သားပြည့်ဝသည့် အရန်အင်အားစုတစ်ခု တည်ဆောက်ထားရှိပြီး ဖြစ်ရန်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ လေ့ကျင့်ရေးသင်တန်းများ ပြန်လည် ဖွင့်လှစ်ခဲ့ပါကြောင်း။

၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် လေ့ကျင့်သင်ကြားပေးနိုင်မှုအနေဖြင့် အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် ၁၉၉၅ ဦး၊

*စာမျက်နှာ ၉ သို့*



ဦးစိုးသိန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် )



ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး (အမြဲတမ်းအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန)

❑ **နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်တာကာလဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံ ၂၄ ကြိမ် ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှကျပ် ၃၀၇ ဘီလီယံဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေကြေးပမာဏ တိုးတက်မှုနှုန်းကို ရည်မှန်းချက်ထားရှိခဲ့သည့် ၂၃ ရာခိုင်နှုန်းအောက်ရှိစေရန် ထိန်းသိမ်းနိုင်ခဲ့**

❑ **တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၇ ဦးကို အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၂၀၁၇ ခုနှစ် ဇွန်လ ၂၃ ရက်တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ၊ အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့**

*စာမျက်နှာ ၈ မှ*

အမှတ်(၂)တက္ကသိုလ် လေ့ကျင့်ရေးတပ် ၁၀၂၈ ဦး၊ အမှတ်(၃)တက္ကသိုလ် လေ့ကျင့်ရေးတပ် ၃၉၄ ဦး၊ အမှတ် (၄) တက္ကသိုလ် လေ့ကျင့်ရေးတပ် ၆၀၈ ဦး၊ အမှတ်(၆)တက္ကသိုလ် လေ့ကျင့်ရေးတပ် ၃၄၅ ဦး စုစုပေါင်း ၄၂၇၀ တို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ရခြင်းမှာ တက္ကသိုလ်ပညာရပ်များ သင်ကြားပြီးနောက် တပ်မတော်အရာရှိများအဖြစ် ထမ်းဆောင်နိုင်ရန်၊ ပြည်သူ့စစ် မဟာဗျူဟာအတွက် အခြေခံအင်အားစုတစ်ရပ်အနေဖြင့် တည်ဆောက်ထားရန်၊ နိုင်ငံတော်တာဝန် ထမ်းဆောင်ရာ၌ အရည်အသွေးပြည့်ဝပြီး ကိုယ်ကျင့်တရား၊ စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ပြည်သူ့စစ် အခြေခံသဘောတရားများ ပြည့်ဝလာစေရန်နှင့် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိစေရန်တို့ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လုပ်ငန်းပေါင်း ၂၈၂၃ ခု**

ထို့နောက် **နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးစိုင်းသော်တာဝင်းက** နေပြည်တော် ကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပထမ(၁)နှစ်တာကာလနှင့် ဒုတိယ(၁)နှစ်တာကာလတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်မြောင်း၊ ရေတွင်းရေကန်၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍများကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ဒေသအစီအစဉ်ဖြင့် အလှူရှင်များ၏ ဆောင်ရွက်မှုများဖြင့် လုပ်ငန်းပေါင်း ၂၈၂၃ ခုကို ငွေကျပ် ၈၄၀၉၆ ဒသမ ၈၀၂ သန်း သုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်း၊ တံတားကဏ္ဍ၊ ဆည်/ကန်ကဏ္ဍ၊ မီးလင်းရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍ စသည့်ကဏ္ဍခုနစ်ခုအတွက် ငွေကျပ်သန်း ၄၂၄၆၄ ဒသမ ၅၅၅ တန်ဖိုးရှိ လုပ်ငန်းစုစုပေါင်း ၁၃၉၂ ခုကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကျောင်းပေါင်း ၉၆ ကျောင်း အဆင့်တိုးမြှင့်**

ပညာရေးကဏ္ဍအနေဖြင့် မြို့နယ် ရှစ်မြို့နယ်တွင် လုပ်ငန်းပေါင်း ၁၃၅ ခုကို ငွေကျပ် ၆၀၂၉ ဒသမ ၆၂၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယ(၁)နှစ်တာကာလအတွင်း မူလတန်းကျောင်းခွဲမှ အထက်တန်းကျောင်းအထိ ကျောင်းပေါင်း ၉၆ ကျောင်းကို အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ခွင့်ပြုသည့် ဆရာ ဆရာမအင်အား ၈၁၁၃ ဦးအနက်မှ ၇၄၁၄ ဦးကို ပညာသင်နှစ်အလိုက် ခန့်အပ်နိုင်ခဲ့ပါကြောင်း၊ ဆရာ ဆရာမနှင့် ကျောင်းသားအင်အားအချိုးသည် အထက်တန်းအဆင့်တွင် ၁ အချိုး ၂၇၊ အလယ်တန်း အဆင့်တွင် ၁ အချိုး၂၇ နှင့် မူလတန်းအဆင့် တွင် ၁ အချိုး ၃၂ ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၆၁ ခုကို ငွေကျပ် ၂၇၃၀ ဒသမ ၇၄၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ဆေးရုံ ၁၁ ရုံတွင် ဆရာဝန် ၄၆၉ ဦး၊ သူနာပြု ၁၀၆၂ ဦး ခန့်အပ်ထားရှိပြီး ဆရာဝန်နှင့် လူဦးရေ အချိုးသည် ၁ အချိုး ၂၃၄၀၊ သူနာပြုနှင့် လူဦးရေ အချိုးသည် ၁ အချိုး ၁၀၃၃ ဖြစ်ပါကြောင်း။

**ဆင်သေလက်ဝဲမြောင်းအဆင့်မြှင့်**

လမ်းတံတားကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၃၆၁ ခုကို ငွေကျပ် ၁၂၁၁၄ ဒသမ ၀၇၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆည်မြောင်းကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၄၁၃ ခုကို ငွေကျပ်၁၁၃၆၇ ဒသမ ၁၁၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ငွေကျပ် ၃၃၉၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ၆၉၇၃ ဧကကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် လယ်မြေ ၅၂၃ ဧကကိုလည်း ထပ်မံရေပေးဝေနိုင်မည် ဖြစ်ပါကြောင်း။

လျှပ်စစ်မီးလင်းရေး ကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၈၆ ခုကို ငွေကျပ် ၄၂၇၇ ဒသမ ၂၂၂ သန်းဖြင့်ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးကဏ္ဍတွင်လည်း လုပ်ငန်းပေါင်း ၁၇၅ ခုကို ငွေကျပ်သန်းပေါင်း ၁၄၅၇ ဒသမ ၇၅၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အခြားဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် လုပ်ငန်းအရေအတွက် ၁၆၁ ခုကို ငွေကျပ် ၄၄၈၈ ဒသမ ၀၂၀ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြေယာကိစ္စရပ်များစီမံခန့်ခွဲ ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ပထမ (၁)နှစ်တာကာလတွင် တောင်သူ ၂၃ ဦးအတွက် ၅၈ ဒသမ ၅၅ ဧကကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလတွင် တောင်သူငါးဦးအတွက် ၁၀ ဒသမ ၈၆ ဧကကို လည်းကောင်း လယ်ယာမြေကို အခြားနည်း အသုံးပြုနိုင်ရေး ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ စွန့်လွှတ်မြေများနှင့် ပတ်သက်၍ သိမ်းဆည်းမြေ ၃၅၀၇၅ ဒသမ ၅၈၀ ဧကတွင် ၃၇၈ ဒသမ ၉၂၀ ဧကကို ပြန်လည်စွန့်လွှတ်ခဲ့ပါကြောင်း။

**နှစ်စဉ်စီမံကိန်းလျာထားချက်များ**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်း လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ယာယီစာရင်းအရ ၁၅၂၉၁၀၂ ကျပ်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၁၆၉၃၆၅၂ ကျပ်ရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်အရပ်ရပ်ကောက်ခံရရှိမှုအနေဖြင့် လျာထားချက်ကျော်လွန်ပြီး ၁၀၃ ဒသမ ၆၁ ရာခိုင်နှုန်း ကောက်ခံရရှိခဲ့ပါကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်တွင် ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)များမှ နိုင်ငံတော်အစိုးရ၏ ပထမ (၁)နှစ်တာကာလအတွင်း လုပ်ငန်း ၃၂၇၂၀ ခု



**ဦးစိုင်းသော်တာဝင်း**
**(နေပြည်တော်ကောင်စီ အတွင်းရေးမှူး)**

ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ဒုတိယ(၁)နှစ်တာကာလအတွင်း ၃၁၁၆၀ ခု ဝန်ဆောင်မှုပေးနိုင်ပါကြောင်း၊ သဘာဝဘေး ၄၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၄၀ ဒသမ ၂၅၂ သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်း ပြည်ပသတင်းမီဒီယာများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

**မေးမြန်းချက်များပြန်လည်ဖြေကြား**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**နှင့် ပတ်သက်၍ ဖွင့်လှစ်ခွင့်ပြုထားသည့် ပုဂ္ဂလိကဘဏ် အရေအတွက်နှင့် ထပ်မံဖွင့်လှစ်ခွင့်ပြုမည့် ဘဏ်များ၏အခြေအနေ၊ နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ခွင့်ပြုထားမှုနှင့် လုပ်ပိုင်ခွင့်ပေးထားမှုအခြေအနေ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူထုတ်ဝေရန် ဆောင်ရွက်နေမှုနှင့် ထုတ်ဝေမည့်အခြေအနေ၊ မြန်မာကျပ်ငွေကို နိုင်ငံတကာတွင် လဲလှယ်နိုင်ရေးကိစ္စ၊ ငွေတိုက်စာချုပ်များ ရောင်းချနေမှုနှင့် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ငွေစက္ကူအသစ်များ ရိုက်နှိပ်ထုတ်ဝေပါက ငွေကြေးရိုက်ခတ်မှု ဖြစ်ပေါ်လာနိုင်မှု ရှိ၊ မရှိ၊ credit card များ အသုံးပြုနေမှုနှင့် ခွင့်ပြုပေးသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် အခြေအနေတို့ကို မေးမြန်းကြရာ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ပြန်လည်ဖြေကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ စစ်ဘေးရှောင်စခန်းများ ဆောက်လုပ်ခွင့်ပြုပေးမှုအခြေအနေ၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် ဖြစ်ပွားရသည့်အကြောင်းအရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ မြေသိမ်းဆည်းထားမှုနှင့် ပြန်လည်စွန့်လွှတ်နေမှု အခြေအနေ၊ အမေရိကန်နှင့် မြန်မာနှစ်နိုင်ငံ တပ်မတော်အချင်းချင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအပေါ် တပ်မတော်၏ သဘောထားအမြင်၊ စစ်ဘက်တရားရုံးများ၏ တရားစီရင်မှုအခြေအနေနှင့် ပွင့်လင်းမြင်သာမှုရရှိရေး ဆောင်ရွက်နေမှု အခြေအနေ၊ တစ်နှစ်တာကာလတွင်း တပ်မတော်သား အခြားအဆင့်နှင့် အရာရှိများအား အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွေ့၊ လင်းနိုင်(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ သတ်မှတ်စည်းကမ်းနှင့်မညီသော ဆန်စက်များ အရေးယူဆောင်ရွက်သွားရန်စီစဉ်မည်

ရန်ကုန် မေ ၂၉

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်စည်းကမ်းနှင့်မညီသော ဆန်စက်များသို့ ကွင်းဆင်းလေ့လာပြီး အရေးယူဆောင်ရွက်သွားရန် စီစဉ်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။**

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ကျောက်တန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူ၏ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ကျောက်တန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူက ကျောက်တန်းမြို့နယ်အတွင်းရှိ ဆန်စက်များမှ ထုတ်လွှတ်စွန့်ပစ်သောအသံ၊ အနံ့၊ အမှုန်များနှင့် စပါးခွံများကြောင့် ပတ်ဝန်းကျင်ရှိ သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ထိန်းချုပ်ရန်အစီအစဉ် ရှိ၊ မရှိ၊ လည်ပတ်နေသော ဆန်စက်များအား တရားဥပဒေနှင့်အညီ လ.န (၃၉)ဖြင့် ခွင့်ပြုထားသော မြေပေါ်တွင် တည်ဆောက်လည်ပတ်နေပါသလား၊ သိရှိလိုကြောင်း၊ ပြည်သူအတွက် ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်း ဆိုးကျိုးများ၊ ဂေဟစနစ်ပျက်စီးမှုများ တကယ်မရှိပါဘူး ဆိုသော မှတ်ချက်များမှာ မှန်ကန်မှုရှိပါသလား။ ပြည်သူများအတွက် ဂေဟစနစ်ဆိုးကျိုးများဖြစ်ပေါ်စေပြီး ဥပဒေနှင့်အညီ လည်ပတ်မှုမရှိသော ဆန်စက်များကို မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စည်ပင်သာယာရေး ဝန်ကြီးကိုယ်စား ဖြေကြားရာတွင် ဆန်စက်လုပ်ငန်းများ လိုင်စင်ထုတ်ပေးမှုနှင့်ပတ်သက်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များမှ လိုင်စင်ထုတ်ပေးမှု လုပ်ငန်းစဉ်များမှာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များအနေဖြင့် မြို့နယ် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ဆန်စက်လုပ်ငန်းများအား တစ်နှစ် တစ်ကြိမ် နှစ်စဉ်လုပ်ငန်း လိုင်စင်ထုတ်ပေးပြီး လုပ်ငန်းလိုင်စင်၏ သက်တမ်းမှာ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါကြောင်း၊ လုပ်ငန်းလိုင်စင် ထုတ်ပေးရာတွင် ဆန်စက်ပတ်ဝန်းကျင် နေထိုင်သူများ၏ လုပ်ငန်းလုပ်ကိုင်မှုများ ကန့်ကွက်ရန်မရှိပါကြောင်း၊ ထောက်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်များဖြင့် ပြည့်စုံစွာ တင်ပြလာမှသာ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာ တင်ပြလာ၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း သတ်မှတ်စည်းကမ်း ချိုးဖောက်ပါက လုပ်ငန်းအား ရပ်ဆိုင်းစေခြင်း၊ ပိတ်သိမ်းစေခြင်း၊ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်အား ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးက ပြည်သူများခံစားနေရသည့် အခြေအနေများကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့များ၊ ကြီးကြပ်သည့် တိုင်းစည်ပင် သာယာရေးဦးစီးဌာနကို သက်ဆိုင်ရာ ဆန်စက်များသို့ ကွင်းဆင်းလေ့လာပြီး အရေးယူဆောင်ရွက်သွားရန် စီစဉ်မည် ဖြစ်ကြောင်း ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**တောင်ကြီး မေ ၂၉**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို မေ ၂၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ပြည်နယ်လွှတ်တော် ၁၃ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၇ ခု မေးမြန်းခြင်းနှင့် အဆိုတစ်ခု တင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းကြသည့် မေးခွန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးက လမ်းပိုင်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းများကြောင့် ပြည်သူများ၏ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် နစ်နာကြေး(လျော်ကြေး)များကို သီးသန့်ရန်ပုံငွေတစ်ရပ် မူဘောင်ချမှတ်ပြီး ဖော်ဆောင်ပေးရန် တိုက်တွန်းခြင်းအဆိုကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ယင်းအဆိုအား ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို မေ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိပါက မေ ၂၉ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကျင်းပပြီးစီး

**မန္တလေး မေ ၂၉**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို မေ ၂၉ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ အစီအစဉ် ၁၀ ရပ်ဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် လေ့လာသူတစ်ဦး စုစုပေါင်း ၆၇ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းသည့် မန္တလေးတိုင်းဒေသကြီးဘဏ္ဍာငွေ ရန်ပုံငွေပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ စာရင်းများလျာထားချက်အဆိုနှင့် ပတ်သက်၍ လွှတ်တော်မှ စိစစ်ဖြတ်တောက်ငွေကို ပြန်လည်အသုံးပြုရန် လျာထားချက်တင်ပြပြီး လွှတ်တော်မှ ပြင်ဆင်ချက်နှင့်တကွ အတည်ပြုပေးပါရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက် အဆိုနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စိစစ်ဖြတ်တောက်ခဲ့သော အချို့ဌာနများ၏ အသုံးစရိတ် စုစုပေါင်းငွေကျပ် ၁၀၁၉၇၉ ဒသမ ၁၈ သိန်းနှင့် ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးရွာလမ်းများ ဖောက်လုပ်ခြင်း၊ သောက်သုံးရေရရှိရေးနှင့် ကျေးလက်လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း၊ မန္တလေးမြို့ပေါ် လူနေရပ်ကွက်များ ရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သဘာဝဘေးအန္တရာယ်နှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့ဝန်ထမ်းများ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း စသည့်ကဏ္ဍများတွင် ပြန်လည်အသုံးပြုရန် လျာထားချက်ကို ပြန်လည်တင်ပြခဲ့ရာ လွှတ်တော်အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောအားရယူကာ ပြင်ဆင်ချက်နှင့်တကွ အတည်ပြုကြောင်း ကြေညာခဲ့ပြီး ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အား နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် အောင်မြင်စွာပြီးမြောက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ နယုန်လပြည့် မဟာသမယအခါတော်နေ့ကျင်းပ



နယုန်လပြည့်မဟာသမယအခါတော်နေ့ကို ရွှေတိဂုံစေတီတော်၌ ကျင်းပစဉ်။

**ရန်ကုန် မေ ၂၉**

ယနေ့သည် မြတ်ဗုဒ္ဓ၏ မမေ့အပ်ရာ နေ့ထူးနေ့မြတ်မင်္ဂလာ နယုန်လပြည့် မဟာသမယအခါတော်နေ့ဖြစ်သောကြောင့် ရွှေတိဂုံစေတီတော်(**ယာပုံ**)နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များစုပေါင်း၍ မဟာသမယနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် နယုန်လပြည့် မဟာသမယအခါတော်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ အမွှေးနံ့သာရည်များဖြင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြပြီး ရောင်တော်ပွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ နယုန်လပြည့် မဟာသမယအခါတော်နေ့အခမ်းအနားကိုကျင်းပရာ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက အဖွင့်မင်္ဂလာစာတမ်းအား ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ဆရာတော်ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက နဝင်္ဂသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်၍ ဂေါပကအဖွဲ့ဝင်များက မဟာသမယ အခါတော်နေ့ ဖြစ်ပေါ်လာခြင်းကို ဖော်ကျူးသော အခမ်းအနား အဆောင်အယောင်များဖြင့် အုပ်စုနှစ်စုခွဲ၍ စေတီတော်ကြီးအား လက်ဝဲရစ်၊ လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ကျင်းပရာ ဘာသာရေးဝတ်အသင်းအဖွဲ့များက နတ်ပြဟ္မာများကိုပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ ကမ္ဘာအေးဘုရားရှိခိုး ပူဇော်ကန်တော့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင် သဘာပတိ ဦးဝင်းသိန်းက မဟာသမယ အခါတော်နေ့ကျင်းပရခြင်း အကြောင်း မင်္ဂလာထောမနာစကားကိုပြောကြားပြီး ဘာသာရေးဝတ်အသင်းအဖွဲ့က မဟာသမယသုတ် ပါဠိတော်ကို စုပေါင်းရွတ်ဆိုခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်း ဆုတောင်းကာ နတ်ပြဟ္မာများအား ပြန်ပို့ခြင်းတို့ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဟာသမယနေ့ဟု သတ်မှတ်ရခြင်းမှာ မြတ်စွာဘုရားရှင်ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ငါးဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၈ ခုနှစ် နယုန်လတွင် ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့မှ တောင်သူလယ်သမားများသည် ရောဟိဏီမြစ်ရေကို ခွဲဝေသုံးစွဲရာ ညီညွတ်မျှတမှု မရှိဘဲ တိုင်းပြည်အချင်းချင်း စစ်ခင်းစစ်ပြိုင်မည့် အခြေအနေကို ရောက်ရှိလာသောကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ငြိမ်းချမ်းရေးတရားတော် ဟောကြားခဲ့သည့် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်ခဲ့ကြောင်း သိရသည်။

**သတင်း - ကိုကိုဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

---

❀ *ကျောဖုံးမှ*

သဘောတူညီချက်တွင်ပါရှိသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယခုပြန်လည်ဝင်ရောက်လာသူများတွင် နေအိမ်များမူလနေရာတွင် ရှိပြီးဖြစ်သူများကိုမိမိတို့ မူလနေထိုင်ရာ ရွာရှိနေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ နေအိမ်များ မီးလောင်ပျက်စီးခဲ့သူများအတွက် မူလနေရာ (သို့မဟုတ်) အနီးဆုံးတွင် ပြန်လည်ဆောက်လုပ်ပေးမည့် နေအိမ်များတွင် နေထိုင်ရမည်ဖြစ်ပြီး Cash for work အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများကို အစိုးရကစနစ်တကျ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးထားခြင်းဖြစ်၍ မိမိတို့ကလည်း မြန်မာပြည်၌ နေထိုင်ရာတွင် နိုင်ငံအပေါ် သစ္စာရှိဖို့လိုကြောင်း၊ စည်းကမ်းဥပဒေများကို လိုက်နာရန်လိုအပ်ကြောင်း၊ မြန်မာစာ မြန်မာစကားကို တတ်မြောက်အောင် သင်ကြားခြင်းဖြင့် အချင်းချင်းဆက်ဆံရာတွင် ပိုမိုကောင်းမွန်ပြီး သဘောပေါက်နားလည်၍ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

ယခု ပြန်လည်ဝင်ရောက်လာသူအားလုံးသည် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်၏ အစဖြစ်သောNV ကတ်ကိုင်ဆောင်ခြင်းကို မိမိတို့သဘောအလျောက် ဆောင်ရွက်ခဲ့ကြ၍ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်လွှာများကိုလည်း အားလုံးဖြည့်ပြီးလျှောက်ထားကြသည်ကို သိရကြောင်း၊ အထောက်အထားတင်ပြချက်များအရ နိုင်ငံသားစိစစ်မှုများကိုလျင်မြန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ NV ကတ်ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မိမိတို့လိုက်နာရမည့် တာဝန်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းထားပြီးဖြစ်သည်ကို သိရှိရကြောင်း၊ လတ်တလော အဆင်ပြေရုံသာမက ရေရှည်တွင် သဟဇာတဖြစ်အောင် ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတို့ကိုလက်လှမ်းမီအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက အလုပ်အကိုင်နှင့် နေရာချထားမှုများအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆန္ဒသဘောထားများကို ပွင့်ပွင့်လင်းလင်းပြောကြားစေလိုကြောင်း၊ ယခုကြားစခန်းတွင် လုံလုံခြုံခြုံနေထိုင်နိုင်မည်ဖြစ်ကြောင်း၊ စခန်းတာဝန်ရှိသူများအား အကြောင်းကြားအသိပေးခြင်းမရှိဘဲ မည်သည့်ကိစ္စတစ်စုံတစ်ရာမျှ မလုပ်စေလိုကြောင်း၊ တစ်ဖက်နိုင်ငံတွင် ကျန်ရှိခဲ့သည့် မိသားစုနှင့်ဆက်သွယ်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များကိုစစ်ဆေးခြင်း၊ မိသားစုအလိုက် အခက်အခဲများအားဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစီမံချက် ပြန်လည်ဆန်းစစ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ မောင်တော၌ကျင်းပ

**မောင်တော မေ ၂၉**

မောင်တောခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း - IOM တို့ဦးဆောင်ကျင်းပသော မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးစီမံချက်အား ပြန်လည်ဆန်းစစ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မောင်တောမြို့ရှိ ဒေဝါနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း - IOM၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးစီမံချက်ရေးဆွဲရေးလုပ်ငန်း အဖွဲ့ဝင်ဌာနဆိုင်ရာများပါဝင်သည့် အဖွဲ့သည် မောင်တောမြို့နယ်အတွင်း ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ခြေ၊ ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည်လေ့လာဆန်းစစ်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ဘေးအန္တရာယ်လျော့ပါးရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဖော်ထုတ်နိုင်ရေး ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration –IOM)မှ Progra mme Manager ဖြစ်သူMr. Konrad Clos က “ ကျွန်တော်တို့ အဖွဲ့အစည်းက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့တစ်နှစ်ခွဲကတည်းကစလို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွေရဲ့ လုပ်ငန်းစဉ်တွေမှာ အရေးပါတဲ့ မြေပုံရေးဆွဲရေးအတွက်ကျွန်တော်တို့ဆီက နည်းပညာရှင်တွေကနေ မြေပုံထုတ်တာတွေ Data Management လုပ်တဲ့နေရာတွေမှာ ပါဝင်ကူညီပေးနေပါတယ်၊ ဒီမြေပုံတွေကနေပြီးတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းတွေ ဘယ်လိုထိရောက်အောင် ဆောင်ရွက်မလဲ ဆိုတာကို ပူးပေါင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

“သဘာဝဘေးအန္တရာယ်ထိခိုက်နိုင်ခြေရှိတဲ့ မြေပုံရေးဆွဲတဲ့ နေရာမှာ အဓိကအားဖြင့် အချက်သုံးချက်ရှိပါတယ်၊ ပထမအချက်က သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်စွမ်းဘယ်လောက်ရှိမလဲ ဆိုတာရယ်၊ ဒုတိယအချက်က သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မယ့် အရေအတွက်နဲ့ တတိယအချက်ကတော့ ဘေးအန္တရာယ်ကျရောက်မယ့် နေရာတွေမှာ ဘာတွေလုပ်မလဲဆိုတဲ့ အချက်သုံးချက်ကို မူတည်ပြီးရေးဆွဲတာဖြစ်ပါ တယ်” ဟုပြောကြားသည်။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး စီမံချက်သည် ဘေးအန္တရာယ်ကာကွယ်တားဆီးရေးတစ်ခုတည်း အတွက်သာ မဟုတ်ဘဲ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများဆောက်လုပ်ရန် ဘေးအန္တရာယ်ဒဏ်ခံနိုင်ရန် မည်ကဲ့သို့ဆောက်လုပ်မည်ဆိုသည့် ကြိုတင်စီမံချက်ရေးဆွဲထားခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေများကို ကြိုတင်မြေပုံရေးဆွဲထားခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ထိခိုက်နိုင်ခြေကို ကြိုတင်တွက်ဆနိုင်ရန် အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများ အနေဖြင့် သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်ရာတွင် ပိုမိုဦးစားပေးရမည့် အချက်များကို သိရှိ နိုင်ပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို မေ ၂၉ ရက်မှ ၃၀ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး မေ ၃၁ ရက်တွင် ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်း အချက်အလက် ကောက်ယူ သည့်ပုံစံနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကနဦး ဆန်းစစ်ချက် Mobile Application အသိပေး မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်ဦး၊ နိုင်လင်းကြည်**

**ဓာတ်ပုံ- သက်လွင်စိုး(ပြန်/ဆက်)**



# အမှန်တရားအချို့ပေါ်ပေါက်ချိန် မြန်မာအပေါ် နိုင်ငံတကာရှုမြင်ပုံပြောင်းလဲရန် မျှော်လင့်

ခင်ရတနာ

**ရခိုင်ပြည်နယ်၌ အပြစ်မဲ့ပြည်သူများအား ARSA အကြမ်းဖက်သမားများက လူသားချင်းစာနာမှုမရှိ၊ ရက်ရက်စက်စက်အစု လိုက်၊ အပြုံလိုက်သတ်ဖြတ်ခဲ့သည်ဟူသော အချက်များပါဝင်သည့် အစီရင်ခံစာတစ်စောင်ကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာ ခွင့်အဖွဲ့ (Amnesty International) က မေလ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင်ပါရှိသည့် တွေ့ရှိချက် အသစ်ဆိုသည်မှာမူ မြန်မာနိုင်ငံအတွက်တော့ နောက်ကျပြီးမှ အသိအမှတ်ပြုခံရသည့် အမှန်တရားတစ်ရပ်ဖြစ်သည်။**

ရခိုင်ပြည်နယ်မြောက်ပိုင်း၏ တစ်ကျော့ပြန်ပဋိပက္ခများ စတင်ခဲ့မှုသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖြစ်ပြီး မြန်မာလုံခြုံရေးကင်းစခန်း ၃၀ ကို ARSA အကြမ်းဖက်သမားများက တစ်ပြိုင်နက်တည်း အလစ်ဝင်ရောက်တိုက်ခိုက်မှုများမှ စတင်ခဲ့ခြင်းဖြစ်သည်။

**နိုင်ငံတကာက လျစ်လျူရှုကြ**

ရခိုင်ပြည်နယ် ခမောင်းဆိပ်ကျေးရွာအနီး ASRA အကြမ်းဖက်သမားတို့ ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ဟိန္ဒူဘာသာဝင် အမျိုးသား၊ အမျိုးသမီး၊ ကလေးငယ်များ၏ ရုပ်အလောင်းများ တွေ့ရှိခဲ့ကြောင်း ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာအစိုးရက သတင်းထုတ်ပြန်ခဲ့ချိန်တွင် ယင်းဖြစ်စဉ်ကိုနိုင်ငံတကာကလျစ်လျူရှု၍ အေးစက်စွာ တုံ့ပြန်ခဲ့သည့်အပြင် အများစုသော နိုင်ငံတကာသတင်းမီဒီယာကြီးများကလည်း သတင်းထုတ်ပြန်ဖော်ပြရန် ပျက်ကွက်ခဲ့သည်။


ယခု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာကမူ ရခိုင်ပြည်နယ်မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်များအတွင်း ARSA အကြမ်းဖက်အဖွဲ့က ဟိန္ဒူဘာသာဝင် ၉၉ ဦးကို သတ်ဖြတ်ခဲ့မှုအပေါ် မျက်မြင်သက်သေများ၊ အသက်မသေဘဲ လွတ်မြောက်လာ ကြသည့်ဟိန္ဒူဘာသာဝင်များ၊ အကြမ်းဖက်သမားများ လက်ချက်ဖြင့် သေဆုံးခဲ့ကြရသူများ၏ သေမှုသေခင်းဆိုင်ရာ စစ်ဆေးချက်များအပေါ် စနစ်တကျမေးမြန်းစုံစမ်းကာ ထုတ်ပြန်ခြင်းဖြစ်သည်ဟု ဆိုထားသည်။

**လူ့အခွင့်အရေးချိုးဖောက်မှုဖော်ထုတ်ရန်**

ARSA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကိုလည်း နိုင်ငံတကာက အာရုံစိုက်ရန်လိုအပ်ကြောင်း အစီရင်ခံစာက ထောက်ပြထားပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များတွင် ယခုဟိန္ဒူဘာသာဝင်များ အကြမ်းဖက်ခံရသည့် ဖြစ်စဉ်များအပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ဖြစ်စဉ်များကို ကိုင်တွယ်ဆောင်ရွက်ခြင်းများနှင့် မြန်မာအစိုးရ၏ ကြုံတွေ့နေရသည့် နိုင်ငံတကာမျက်နှာစာမှ စိန်ခေါ်မှုများကိုလည်း နားလည်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကိုလည်း အသိအမှတ်ပြုကြောင်း ဆက်လက်ပြောကြားသည်။

စိန်ခေါ်မှုတွေ ကြီးကြီးမားမား ကြုံတွေ့နေရသည့်တိုင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းမှု အောင်မြင်နိုင်ရေး ဆက်လက်အားပေးကူညီဖို့အတွက် ကမ္ဘာ့နိုင်ငံအများအပြား၏ ကတိကဝတ်တွေ ရှင်သန်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံကလည်း ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း တာဝန်သိနိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်ဖို့ လိုအပ်တဲ့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့ လျော်ညီအောင် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ သဘောထားအမြင်တွေကို အလေးထားဆောင်ရွက် ဖို့ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်း အစိုးရ၏ဒုတိယ တစ်နှစ်တာ ဖြတ်သန်းမှုများအကြောင်း ပြောကြားစဉ်က

> **“ရခိုင်ပြည်နယ် ပဋိပက္ခနှင့် ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်းက ဝေဖန်ပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ အမုန်းတရားပွားစေမည့် ပြောဆိုခြင်းများထက် ပြဿနာများ ဖြေရှင်းရာတွင် ကူညီပံ့ပိုးပြီး အပြုသဘောဆောင်သည့် ချဉ်းကပ်မှုများနှင့် ဆောင်ရွက်ပေးကြရန် လိုအပ်ချိန်တွင် ယခုကဲ့သို့ AI အဖွဲ့အစည်း၏ အစီရင်ခံစာထွက်ပေါ်လာခြင်းနှင့် ပြည်တွင်းပြည်ပ မီဒီယာများက ကမ္ဘာတစ်ဝန်းမှစာဖတ်သူများထံ ဆောင်ကြဉ်းပေးကြခြင်းသည် မြန်မာနိုင်ငံအတွက် အားအင်တစ်ရပ် ဖြစ်စေ”**
>
> **“မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာမျက်နှာစာတွင် ရင်ဆိုင်နေရသည့် အကျပ်အတည်းကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် မြေပြင်တွင်လက်တွေ့တိုးတက်မှုကို ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းသာမက နိုင်ငံ၏စိန်ခေါ်မှုနှင့် အကန့်အသတ်များ၊ သိမ်မွေ့နက်နဲမှုများကို နားလည်မှုရှိသည့် နိုင်ငံတကာမိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ ပြည်တွင်းတိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းနေ”**



AMNESTY INTERNATIONAL

BRIEFING: ATTACKS BY THE ARAKAN ROHINGYA SALVATION ARMY (ARSA) ON HINDUS IN NORTHERN RAKHINE STATE

Early in the morning of 25 August 2017, the Arakan Rohingya Salvation Army (ARSA), a Rohingya armed group, attacked around 30 security force outposts in northern Rakhine State. The attacks, which were carefully planned and coordinated, came just hours after the release of the final report of the Advisory Commission on Rakhine State, led by former UN Secretary-General Kofi Annan, which had been tasked with identifying solutions for peace and development in one of Myanmar's most underdeveloped and volatile regions.[1] In the days that followed, ARSA fighters, along with some mobilized Rohingya villagers, engaged in scores of clashes with security forces.[2]

The Myanmar security forces, and in particular the military, responded to the attacks and subsequent clashes with an unlawful and grossly disproportionate campaign of violence marked by killings, rape and other sexual violence, torture,[3] village burning, forced starvation tactics, and other human rights violations and crimes under international law, all of which has been well documented by Amnesty International and others.[4] The military's attacks, which targeted the entire Rohingya population living in northern Rakhine State, have been both widespread and systematic, constituting crimes against humanity under international law. To date, some 693,000 Rohingya have been forced to flee to Bangladesh.[5]

မြန်မာအစိုးရနှင့် မြန်မာမီဒီယာများက ခမောင်းဆိပ်ရွာမှ ဟိန္ဒူဘာသာဝင်များကို ARSA အဖွဲ့က ရက်ရက်စက်စက်အစုလိုက်၊အပြုံလိုက် သတ်ခဲ့ကြောင်းကို ပုံသဏ္ဌာန်အမျိုးမျိုး၊ သက်သေပြချက်အမျိုးမျိုးဖြင့် ဖော်ပြခဲ့ကြသော်လည်း နိုင်ငံတကာမီဒီယာအများစုနှင့် အဖွဲ့အစည်းများက တစ်ဖက်စောင်းနင်းယူဆချက်များနှင့် ယုံကြည်မှုအားနည်းခဲ့သည့်အတွက် အချည်းနှီးသာဖြစ်ခဲ့သည်။

**အမှန်တရားအဖြစ်ပေါ်ထွက်လာ**

ARSA အကြမ်းဖက်အဖွဲ့၏ ရက်ရက်စက်စက် လူ့အခွင့် အရေးချိုးဖောက်မှုများကို ကြုံတွေ့ခံစားခဲ့ကြရသည်မှာ ဟိန္ဒူဘာသာဝင်များ၊ ရခိုင်တိုင်းရင်းသားများသာမက အခြားသောတိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် မြို၊ ဒိုင်းနက်၊ သက်နှင့် မရမာကြီးစသည်တို့အနေဖြင့်လည်း ရင်ဆိုင်ခံစားခဲ့ကြရသည်။ ဒေသတွင်းလူနည်းစုဘဝသို့ ကျရောက်နေသည့် တိုင်းရင်းသားမျိုးနွယ်စုများခံစားကြရသည့် ဒုက္ခဆင်းရဲအပေါင်းတို့မှာမူ အမှန်တရားအဖြစ် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခွင့်မရခဲ့။

လည်း ဖော်ထုတ်ပေးရန် လိုအပ်နေသေးကြောင်း ဖော်ပြထားသည်။

“ပဋိပက္ခဖြစ်စဉ်တွေ အဆုံးသတ်ဖို့ဆိုတာ အားလုံး ဝိုင်းဝန်းအဖြေရှာမှသာ ရရှိနိုင်မှာ ဖြစ်ပါတယ်၊ ဘယ်လိုအနေအထားမျိုးမှာမဆို တစ်ဦးနဲ့တစ်ဦး လူသားချင်းစာနာမှုနဲ့ ဖြေရှင်းကြရမှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်အတွင်းက အကြမ်းဖက်မှုဖြစ်စဉ်တွေအပေါ် ခိုင်မာမျှတတဲ့ အမှန်တရားတွေ ပေါ်ထွက်လာပြီး ပဋိပက္ခတွေ ချုပ်ငြိမ်းကြဖို့လည်း မျှော်လင့်ပါတယ်၊ ဒါကလည်း မီဒီယာရော၊ အစိုးရရော၊ တိုင်းရင်းသားလူမျိုးတွေရော၊ နိုင်ငံတကာအဖွဲ့အစည်းတွေရော၊ အခြားနိုင်ငံတွေ အားလုံးကရော ဝိုင်းဝန်းအဖြေရှာပေးဖို့ ကူညီပေးဖို့လည်းလိုအပ်တယ်”ဟု ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာအန်၊ အေ၊ လီစတိုပါဒေါ်ဗ့်က ပြောကြားသည်။

**မြန်မာအစိုးရကြိုးပမ်းမှု အသိအမှတ်ပြု**

ထို့အပြင် သံအမတ်ကြီးက မြန်မာအစိုးရက နေရပ်ပြန်လာလိုသူများကို လက်ခံဆောင်ရွက်ပေးနေသည့် အစီအစဉ် ထည့်သွင်းပြောကြားထားခဲ့သည်။

**AI ၏အစီရင်ခံစာ မြန်မာအတွက်အားအင်**

ရခိုင်ပြည်နယ်ပဋိပက္ခနှင့် ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်းက ဝေဖန်ပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ အမုန်းတရားပွားစေမည့် ပြောဆိုခြင်းများထက်ပြဿနာများ ဖြေရှင်းရာတွင် ကူညီပံ့ပိုးပြီး အပြုသဘောဆောင်သည့် ချဉ်းကပ်မှုများနှင့် ဆောင်ရွက်ပေးကြရန် လိုအပ်ချိန်တွင် ယခုကဲ့သို့ AI အဖွဲ့အစည်း၏ အစီရင်ခံစာထွက်ပေါ်လာခြင်းနှင့် ပြည်တွင်းပြည်ပမီဒီယာများက ကမ္ဘာတစ်ဝန်းမှစာဖတ်သူများထံ ဆောင်ကြဉ်းပေးကြခြင်းသည် မြန်မာနိုင်ငံအတွက် အားအင်တစ်ရပ် ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာမျက်နှာစာတွင် ရင်ဆိုင်နေရသည့် အကျပ်အတည်းကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် မြေပြင်တွင် လက်တွေ့တိုးတက်မှုကို ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းသာမက နိုင်ငံ၏စိန်ခေါ်မှုနှင့် အကန့်အသတ်များ၊ သိမ်မွေ့နက်နဲမှုများကို နားလည်မှုရှိသည့် နိုင်ငံတကာမိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ ပြည်တွင်းတိုင်းရင်းသားများအားလုံး၏ စ ည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းနေချိန်လည်း ဖြစ်သည်။

**နိုင်ငံတကာရှုမြင်ပုံပြောင်းလဲရန်မျှော်လင့်**

တစ်ဖက်တွင် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အားတက်သရော ဆောင်ရွက်နေပြီး ရခိုင်ပြည်နယ်အပြင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်စသည့် ဒေသများတွင်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့သည့် ဖြစ်စဉ်များတွင် ဖြစ်ရပ်မှန်များကို ဖော်ထုတ်ခြင်း၊ ထိထိရောက်ရောက်အရေးယူခြင်းများကို မည်သည့်အဖွဲ့အစည်းကိုမဆို၊ မည်သည့်အကြမ်းဖက်လုပ်ငန်းလုပ်ဆောင်သူများကိုမဆို ဆောင်ရွက်လျက်ရှိရာ အမှန်တရားအချို့ နိုင်ငံတကာမျက်နှာစာတွင်ပေါ်ထွက်လာခြင်းမှ အစပြု၍ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံအပေါ်ရှုမြင်ပုံ၊ ဝေဖန်ပုံနှင့် ဆက်ဆံဆောင်ရွက်ပုံများ အကောင်းဘက်သို့ပြန်လည်ပြောင်းလဲရောက်ရှိ လာမည်ဟု မျှော်လင့်မိပါကြောင်း။ ။




## ပြည်သူများ အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသခြင်းကို ၁.၆.၂၀၁၈ မှ ၁၄.၆.၂၀၁၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသဖြင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းအဝိုင်းအနီး ဥတ္တရသီရိမြို့နယ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်၊ ရုံးခွဲ) အမှတ်-၁၁၄ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ်တို့တွင် လာရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန**

## လေးနိုင်ငံ ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာ၊ တောင်ကိုရီးယား၊ ဘာရိန်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၉**

အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပသည့် လေးနိုင်ငံ ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ တောင်ကိုရီးယား၊ ဘာရိန်းနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရန် စီစဉ်ထားပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအသင်းအတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်သောကြောင့် မြန်မာအသင်းသည် ယူ-၂၃ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး တောင်ကိုရီးယားအသင်းက ယူ-၁၉ အသင်း၊ ထိုင်းအသင်းက ယူ-၂၃ အသင်း၊ ဘာရိန်းအသင်းက ယူ-၂၃ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်နှင့် ယူ-၂၃ အသင်းနည်းပြချုပ်သစ် အန်တွမ်နီဟေးအတွက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး အာရှထိပ်သီးအသင်းကြီးများနှင့် အာဆီယံထိပ်သီး ထိုင်းအသင်းတို့ ပါဝင်နေသောကြောင့် အောင်မြင်မှုရရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ မြန်မာယူ-၂၃ အသင်းသည် တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲတွင် ခြေစွမ်းမြင့်မားသည့်အသင်းများနှင့် တွေ့ဆုံရမည်ဖြစ်သောကြောင့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း ခြေစွမ်းမြင့်မားသည့်အသင်းများအား ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်း၊ တောင်ကိုရီးယားတို့နှင့် ကြိုတင်သဘောတူညီမှုရခဲ့ပြီး မူလက မော်ရိုကို ယူ-၂၃ အသင်းကို ဖိတ်ကြားခဲ့သော်လည်း ပျက်ပြယ်ခဲ့ပြီး ဘာရိန်းအသင်းကို ဖိတ်ကြားခဲ့ရာ သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် အသင်းဖွဲ့စည်းရန် ပြည်တွင်းလိဂ်ပွဲများအား လိုက်လံကြည့်ရှုမည်ဖြစ်ပြီး ဇူလိုင်လတတိယပတ်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအမျိုးသားဘောလုံးအသင်းသည် ၁၉၇၄ ခုနှစ်နောက်ပိုင်း အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်မည်ဖြစ်သည်။




၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဓိက နိုင်ငံတကာပြိုင်ပွဲများရှိပါက ဖိတ်ခေါ်ပြိုင်ပွဲများကျင်းပခဲ့ပြီး နောက်ဆုံးပြိုင်ပွဲအဖြစ် ၂၀၁၇ ခုနှစ်က ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းအတွက် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခဲ့ကာ မြန်မာအသင်းနှင့်အတူ ဂျပန်တက္ကသိုလ်အသင်း၊ စင်ကာပူ ယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၂အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဂျပန်တက္ကသိုလ်အသင်း ဗိုလ်စွဲခဲ့ပြီး မြန်မာအသင်းက ဒုတိယနေရာသာ ရခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## မြန်မာအမျိုးသမီးအသင်း ပြည်တွင်းခရီးစဉ် နောက်ဆုံးခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရ

**မန္တလေး မေ ၂၉**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တောင်ကြီးနှင့် မန္တလေးမြို့၌ လေ့ကျင့်နေသည့် မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ ဗထူးကွင်း၌ မန္တလေးနည်းပြဆရာများအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အမာခံကစားသမားများနှင့် လူငယ်ကစားသမားအချို့ကို တွဲဖက်အသုံးပြုခဲ့ပြီး မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့သည်။ ယင်းခြေစမ်းပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂျူလိုင်ကျော်က အဖွင့်ဂိုးသွင်းယူကာ ကျန်အနိုင်ဂိုးများကို နီလာဝင်းက ဟက်ထရစ်သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၁၅ ရက်မှ ၂၉ ရက်အထိ နှစ်ပတ်ကြာ သွားရောက်လေ့ကျင့်ခဲ့ပြီး မေ ၃၀ ရက် **(ယနေ့)** နံနက်ပိုင်းတွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် တောင်ကြီးမြို့၌ သုံးပွဲ၊ မန္တလေးမြို့၌ သုံးပွဲယှဉ်ပြိုင်ကစားခဲ့ရာ ခြောက်ပွဲစလုံး အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တောင်ကြီးခြေစမ်းခရီးစဉ်တွင် ဟိုပုံးလူငယ်အမျိုးသားအသင်းကို သုံးဂိုး-တစ်ဂိုး၊ တောင်ကြီးမျိုးဆက်သစ်အမျိုးသားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကယားပြည်နယ် လက်ရွေးစင်ဟောင်းများ အမျိုးသားအသင်းကို ငါးဂိုး-နှစ်ဂိုး၊ မန္တလေးခရီးစဉ်တွင် Lucky Home လူငယ်အမျိုးသားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Unity လူငယ်အမျိုးသားအသင်းကို လေးဂိုး-တစ်ဂိုး၊ မန္တလေးနည်းပြဆရာများအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ဖိုးသော်ဇင်**

## လေပြင်းတိုက်မှုကြောင့် မြို့နယ်အချို့၌ သစ်ပင်များကျိုးခြင်း၊ နေအိမ်များ ပျက်စီးမှုဖြစ်ပေါ်

**လှိုင်သာယာ**

ရန်ကုန်မြို့တွင် မေ ၂၇ ရက်မှစ၍ မေ ၂၉ ရက်အထိ သည်းလိုက်စဲလိုက်ဖြင့် မိုးရွာသွန်းလျက်ရှိရာ မေ ၂၉ ရက် နံနက် ၃ နာရီကျော်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်သာယာမြို့နယ်၏ မြို့ဦးစေတီဖြစ်သော ဉာဏ်တော် ၅၄ ပေ အမြင့်ရှိသော ဆုတောင်းပြည့်အောင်မြေ သာယာစေတီတော်မှာ တောင်မှမြောက်သို့ တိုက်ခတ်သောလေပြင်းကြောင့် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ထီးတော်မြေခဲ့၍ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး အသစ်ပြန်လည် တင်လှူနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်၊ ကျေးရွာများ၌ သစ်ပင်အချို့သာ လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးကျပျက်စီးမှုအချို့ရှိခဲ့၍ လျှပ်စစ်မီး ပြန်လည်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

**အမာ**

ရောဝတီတိုင်းဒေသကြီး အမာမြို့ အမှတ် ၃ ရပ်ကွက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံဝင်းအတွင်း မေ ၂၈ ရက် နေ့လယ်က မိုးသည်းထန်ပြီး လေပြင်းများတိုက်ခတ်ခဲ့သောကြောင့် စက်ခန်းအဆောက်အအုံ အမိုးလန်ပျက်စီးခဲ့ကြောင်း၊ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ်တွင် မေ ၂၉ ရက် မွန်းလွဲပိုင်းက မိုးသည်းထန် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲ၍ ဓာတ်တိုင်များ ကျိုးကျပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာမရရှိကြောင်း၊ မဟာမုနိသွန်းဘုရားကြီးဝင်းရှိ မဟာဗောဓိညောင်ပင် ပြိုလဲကျမှုကြောင့် သတ္တဌာနရှိ အင်္ဂတေဖြင့် တည်ထားကိုးကွယ်ထားသည့် ဉာဏ်တော်အမြင့် သုံးပေခန့်ရှိ ရုပ်ပွားတော်မှာပျက်စီး၍ အနီးရှိ သွပ်မိုးစောင်းတန်းတိုင်များမှာလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

**မာန်အောင်**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မျှော်တော်ဦးကျေးရွာတွင် မေ ၂၉ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်နေစဉ် ဦးပြည့်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်စောမြဦးတို့၏ နေအိမ်ပေါ်သို့ အုန်းပင်ကျိုးကျသဖြင့် ပိမိကာ နှစ်ဦးလုံး ဒဏ်ရာရရှိခဲ့ပြီး ဦးပြည့်ထွန်း (၇၈ နှစ်)မှာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် သေဆုံးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ ဒေါ်စောမြဦးအား သစ်ပုံဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူခဲ့ရာ မစိုးရိမ်ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မယ်ပြိုင်ပွဲကို ဇွန် ၉ ရက် တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အသက် ၂၁ နှစ်အောက်၊ အသက် ၅၀ အထက်နှင့်အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲ Man Physique Sport နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ငါးပေသုံးလက်မအောက်နှင့် ငါးပေသုံးလက်မနှင့်အထက် ပါဝင်မည်ဖြစ်သည်။ အဖွဲ့ချုပ်မှကြီးမှူး ကျင်းပသော ပြိုင်ပွဲအသီးသီးတွင် ပထမဆုရရှိပြီးသူများသည် အလွတ်တန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာနှင့်အာရှပြိုင်ပွဲ၌ ဆုရရှိပြီးသူများနှင့် ၂၀၁၈ ခုနှစ် အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲဝင်မည့် လက်ရွေးစင်ရစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့် မပြုကြောင်း သိရသည်။

ယင်းပြိုင်ပွဲပုံစံများကို ဇွန် ၆ ရက် နောက်ဆုံးထား၍ လက်ရွေးစင်လေ့ကျင့်ရေးစခန်း မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်အားကစားဝင်းသို့ ပေးပို့ရမည်ဖြစ်ပြီး ဇွန် ၇ ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အဖွဲ့ချုပ် ဖုန်း ၀၉-၄၅၀၀၂၅၈၆၈၊ ၀၉-၄၃၁၃၀၈၄၈၊ ၀၉-၅၀၀၈၁၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ပင်လယ်ပြင်၌ ငါးဖမ်းရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်မှ နှစ်ဦးသေဆုံး၊ ၁၈ ဦး အသက်ရှင်

**ဘိုကလေး မေ ၂၉**

ဘိုကလေးမြို့နယ် အေးရာကျေးရွာအုပ်စု အေးရာကျေးရွာ အမှတ် ၂ ရပ်ကွက်နေ ဦးဇော်မင်းထွဋ်ပိုင်ဆိုင်သော ရဲမင်းဟန်အမည်ရှိ ငါးဖမ်းရေယာဉ်သည် အမာမြို့ နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာ ဂရက်ကြီးကျွန်းအနီး၌ မေ ၂၈ရက် နံနက် ၆ နာရီ မိနစ် ၃၀ ခန့်က ရုတ်တရက် ရာသီဥတုဆိုးရွားလာ၍ ကျောက်ချထားစဉ် မိုးသက်လေပြင်းအရှိန်ကြောင့် နစ်မြုပ်သွားခဲ့သည်။ **(သတင်းဖော်ပြပြီး)**

ယင်း ငါးဖမ်းရေယာဉ်ပေါ်တွင် ရေလုပ်သား၂၀ ပါရှိပြီး စတင်နစ်မြုပ်သည့် မေ ၂၈ ရက် နံနက်ပိုင်းမှ မေ ၂၉ ရက် မွန်းလွဲပိုင်းအထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမာမြို့ နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာ၌ ရေလုပ်သား ၁၃ ဦး၊ ဘ၀သစ်ကျေးရွာအုပ်စု အရှေ့ဖျားကျေးရွာ၌ ရေလုပ်သားလေးဦး၊ ဘ၀သစ်ကျေးရွာအုပ်စု ဂရက်ကြီးကျေးရွာ၌ ရေလုပ်သားတစ်ဦး၊ စုစုပေါင်းရေလုပ်သား ၁၈ဦးကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်တွေ့ရှိထားကြောင်း၊ ပျောက်ဆုံးနေသည့် နှစ်ဦးကို ဖျာပုံမြို့နယ် ဘ၀သစ်ကျေးရွာအုပ်စု ဂရက်ကြီးကျေးရွာ ငမန်းသောင်သဲခုံပေါ်တွင် သေဆုံးနေသည့် ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## မုတ်သုံလေအားကောင်းမည်

**နေပြည်တော် မေ ၂၉**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

**မိုး/ဇလ**

## အနောက်တောင် မုတ်သုံလေဝင်ရောက်

**နေပြည်တော် မေ ၂၉**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၃၀ -၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း

၁၁း၁၅- သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **ငါ့ကိုနမ်းတဲ့မုန်တိုင်း**

၁၃း၁၀- ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၃) (နေပြည်တော်) (ပထမပိုင်း)

**ညပိုင်း**

၁၆း၃၅- **ဇီဝကတို့ကုထုံး အဖုံဖုံခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ** (နေပြည်တော်)

၁၇း၃၅- MRTV Travelogue

၁၉း၁၅- မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း -၂၆)

၂၀း၀၀- ပြည်တွင်းသတင်း၊

- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)
- ဂီတသမား၊ ဂီတစကား **မင်းဆဒ္ဒန်ရဲ့ထူးတဲ့အချစ်** (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း** (အပိုင်း-၁၇)

# ရွှေပြည်သာမြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် အိမ်နှင့်ဆိုင်ခန်း ၅၀၀ ခန့် ပျက်စီး သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိ

ရန်ကုန် မေ ၂၉

**ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ယနေ့ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ဆိုင်ခန်း ၅၀၀ ခန့် ပျက်စီးမှုဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။**

ရွှေပြည်သာမြို့နယ်တွင် ယနေ့ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မိုးများ အဆက်မပြတ်ရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှုနှင့်အတူ အဆိုပါမြို့နယ်ရှိ အမှတ် ၈၊ ၉၊ ၁၁၊ ၁၃၊ ၁၉၊ ၂၀၊၂၃ ရပ်ကွက်တို့၌ လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သဖြင့် နေအိမ်နှင့်ဆိုင်ခန်း ၅၀၀ ကျော်ခန့် အမိုးလန်ခြင်း၊ ပြိုလဲခြင်းတို့ဖြစ်ပေါ်ခဲ့သည့်အပြင် သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုလဲမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အမှိုက်များရှင်းလင်းခြင်း၊ နေအိမ်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက "ပျက်စီးဆုံးရှုံးမှုအနေနဲ့ အိမ်တွေ အမိုးလန်တာတွေရှိသလို တချို့အိမ်တွေကတော့ အလုံးလိုက်ပျက်စီးသွားတာမျိုးရှိပါတယ်၊ အဲဒါတွေနဲ့ ပတ်သက်ပြီး ထောက်ပံ့မှုတွေကိုတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနကနေ လုပ်ဆောင်နေပါတယ်၊ ငွေကြေးအနေနဲ့ကတော့ ပျက်စီးဆုံးရှုံးမှုအပေါ်မှာမူတည်ပြီး သတ်မှတ်နှုန်းထားတွေအတိုင်း ထောက်ပံ့ပေးတာမျိုး လုပ်သွားမှာပါ"ဟု ပြောကြားသည်။

နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်ခဲ့သည့် ရပ်ကွက်များသို့ သွားရောက်ကြည့်ရှုပြီး အချက်အလက်မှန်ကန်မှုရှိအောင်ဆောင်ရွက်ရေး၊ အပျက်အစီးများကို အမြန်ဆုံးရှင်းလင်းရေးနှင့် လျှပ်စစ်မီးအမြန်ရရှိရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား ဝန်ကြီးချုပ်က မှာကြားခဲ့ကြောင်း သိရသည်။



ရွှေပြည်သာမြို့နယ်အတွင်း လေပြင်းတိုက်မှုကြောင့် နေအိမ်များ ပျက်စီးမှုကို တွေ့ရစဉ်။



ရွှေပြည်သာမြို့နယ်အတွင်း လေပြင်းတိုက်မှုကြောင့်ပျက်စီးမှုများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းရှင်းလင်းနေမှုကို တွေ့ရစဉ်။

ယနေ့ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်ကြောင့် ရွှေပြည်သာမြို့နယ်တွင် နေအိမ်နှင့်ဆိုင်ခန်း ၅၀၀ ခန့်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၅၀၀ ကျော် လေဘေးဒဏ်ကိုခံစားခဲ့ရသဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် အိမ်ထောင်စုအလိုက် ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

ထို့အပြင်လေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မေခဆောင်ဖောင်ဒေးရှင်းက ငွေကျပ် ၁၅ သိန်းကို လည်းကောင်း ရွှေပြည်သာမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "ဒီနေ့မနက်ဖြစ်ခဲ့တဲ့ လေဘေးဟာ ရပ်ကွက်ခုနစ်ခုလောက် ခံစားခဲ့ရတဲ့အတွက် ဧရိယာကျယ်ပြန့်ပါတယ်၊ ရရှိလာတဲ့စာရင်းအရ အိမ်အပျက်အစီးတွေအပေါ်မှာမူတည်ပြီး နိုင်ငံတော်က ထောက်ပံ့ပေးနေတဲ့ ငွေကြေးနှုန်းထားတွေအတိုင်း ထောက်ပံ့ပေးသွားမှာဖြစ်သလို ကယ်ဆယ်ရေးပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်၊ လက်ရှိမှာလည်း အဝတ်အထည်နဲ့ မိသားစုသုံးပစ္စည်းတွေကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးခဲ့ပါတယ်၊ စုစုပေါင်း အိမ်ထောင်စု ၅၀၀ ကျော် ရှိပါတယ်" ဟု ပြောသည်။

ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းအောင်က "သတင်းကြားကြားချင်း သက်ဆိုင်ရာအဖွဲ့တွေနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်ခဲ့ပါတယ်၊ ပထမဆုံးအနေနဲ့ လမ်းတွေပေါ်က အပျက်အစီးတွေကို ပူးပေါင်းအဖွဲ့တွေနဲ့ ရှင်းလင်းပါတယ်၊ ဒုတိယအဆင့်အနေနဲ့ ထိခိုက်ပျက်စီးမှုစာရင်းတွေကို ရပ်ကွက်၊ လမ်းတွေအလိုက် စနစ်တကျ ကောက်ယူပါတယ်၊ တတိယအဆင့်အနေနဲ့ ပြန်လည်ထူထောင်ရေးနဲ့အတူ ကောက်ယူရရှိတဲ့စာရင်းတွေအရ ဘေးအန္တရာယ်ဆိုင်ရာဦးစီးဌာနကနေ ထောက်ပံ့မှုတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်၊ လတ်တလောမှာလည်း လေဘေးဒဏ်သင့် ပြည်သူတွေအတွက် နံနက်စာနဲ့ ညနေစာကို ထမင်းထုပ်တွေ လိုက်လံဝေငှပေးနေပါတယ်"ဟု ပြောသည်။

အဆိုပါဖြစ်ပွားမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ အမှတ် ၂၀ ရပ်ကွက်မှာ လေဘေးဒဏ်ကို အများဆုံး ခံစားခဲ့ရကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည့်အတွက် အဆိုပါရပ်ကွက်အတွင်းရှိ မြတ်စေတနာဓမ္မာရုံ၌ လေဘေးဒဏ်သင့် ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းကို သက်ဆိုင်ရာက ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

အလားတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှော်ဘီ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ သဃ်န်းကျွန်း၊ လှိုင်သာယာ၊ အလုံ၊ စမ်းချောင်း၊ တိုက်ကြီး၊ သာကေတ၊ ဆိပ်ကြီးခနောင်တို စသည့်မြို့နယ်များ အပါအဝင် မြို့နယ်အချို့တွင်လည်း မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုများကြောင့် သစ်ကိုင်းများ ကျိုးကျခြင်းနှင့် သစ်ပင်များ ပြိုလဲခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။


**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မိုးကုတ်မြို့ စိန်အင်းကျေးရွာတွင် ဖြစ်ပွားခဲ့သည့် လေးလောင်းပြိုင်လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူထား


နေပြည်တော် မေ ၂၉

**မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ စိန်အင်းကျေးရွာနေ မောင်ရန်စီးတက် (ခ)အားတေ့(၃၇ နှစ်)သည် မေ ၁၇ ရက် နံနက် ၈ နာရီကျော်ခန့်တွင် စိန်အင်းကျေးရွာနေအိမ်မှ မိဘညီအစ်ကိုမောင်နှမများနေထိုင်ရာ စိန်အင်းကျေးရွာ၏ အရှေ့ဘက် ၁၀ မိုင်ခန့် ဝေးကွာသော တောင်ယာ/ခြံထဲသို့ သွားရောက်ခဲ့ရာ ခြံတဲအတွင်းရှိ အိပ်စင်ပေါ်၌ ဖခင်ဖြစ်သူ ဦးရန်တား၊ မိခင် ဒေါ်စံလူမီး၊ ညီဖြစ်သူ မောင်အလေးနှင့် ညီမ မအာဝူမီးတို့တွင် ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းချက်အရ ကျပ်ပြင်နယ်မြေရဲစခန်းက (ပ) ၅၁/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။**

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းဆောင်ရွက်ခဲ့နေစဉ် အမှုမှ မသင်္ကာသူ အောင်ဗဒါန်းကျေးရွာနေ အောင်ဘန်း(ခ) ဘရန်လတ် (၂၈နှစ်) အား ဖမ်းဆီးစစ်ဆေးခဲ့ရာ မေ ၁၆ ရက် ည ၈ နာရီက တစ်ရွာတည်းနေ ဦးမာလွန်၏ မင်္ဂလာဆောင်နေအိမ်မှ ပြန်လာစဉ် ရေကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် အောင်ဗဒါန်းကျေးရွာနေ ဦးဒွဲလှ(၅၇ နှစ်)၊ တစ်ရွာတည်းနေ ဇော်လတ်(၃၃နှစ်)၊ ဦးလရိန်၊ ဦးဘရန်နူး(ခ)ယောဟန် (၃၄နှစ်)တို့အား ကားလမ်းဘေးရှိ ညောင်ပင်အောက်တွင် တွေ့ရှိရပြီး ဦးဒွဲလှက ဆိုင်ကယ်ကိုတားပြီး ဦးရန်တား တောင်ယာတဲသို့သွား၍ တောင်ယာဆက်မခုတ်ရန် တားမြစ်မည်ဖြစ်ကြောင်း၊ ဦးဒွဲလှ၏ သံပရာခြံမှာ ရေဦးဘက်တွင် ရောက်နေ၍ ဆက်လက်မခုတ်ရန်၊ မီးမရှို့ရန် တားမြစ်မည်ဖြစ်ကြောင်း၊ ၎င်းမှာ ရေကော်မတီဝင်တစ်ဦးဖြစ်နေ၍ လိုက်ခဲ့ရန်ပြောဆိုခဲ့ကြောင်း၊ ထို့နောက် သမီးဖြစ်သူအား နေအိမ်တွင် သိပ်ထားပြီး လေးခွတစ်လက်ယူဆောင်၍ ဦးဒွဲလှနှင့် တွေ့ဆုံခဲ့သည့် ညောင်ပင်ကြီးအောက်သို့ သွားရောက်ရာ ဦးဒွဲလှ၊ ဘရန်နူး(ခ)ယောဟန်၊ ဇော်လတ်(ခ)ဇကေး(၃၀နှစ်)၊ ဇော်လတ်(ရွှာဆော်)၊ နော်အောင်(၄၁နှစ်)၊ ဦးလွမ်းဇယ်၊ ဦးလရိန်တို့ရောက်ရှိနေပြီး လက်ထဲတွင် လေးခွ၊ ဓားမ၊ ဓားဦးချွန်၊ ဓားမြှောင်များ ကိုင်ဆောင်ထားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့မှာ ဦးရန်တား တောင်ယာတဲသို့ ထွက်လာခဲ့ပြီး နံနက် ၅ နာရီခန့်တွင် ရောက်ရှိခဲ့စဉ် ဦးရန်တားတို့ မိသားစုမှာ အိပ်ပျော်နေကြောင်း၊ ဦးဒွဲလှ၊ ဘရန်နူး (ခ) ယောဟန်၊ ဇော်လတ် (ရွှာဆော်)၊ ဦးလွမ်းဇယ်၊ ဦးနော်အောင်၊ ဦးလရိန်တို့ တဲအတွင်းသို့ ဝင်ရောက်သွားပြီး ဦးရန်တားနှင့် စကားများရန်ဖြစ်ခဲ့ကြောင်း၊ ဦးဒွဲလှက ဦးရန်တားအား ဓားဖြင့်ခုတ်ခဲ့ကြောင်း၊ ဘရန်နူး(ခ)ယောဟန်၊ ဇော်လတ် (ရွှာဆော်)၊ ဦးလွမ်းဇယ်၊ ဦးနော်အောင်၊ ဦးလရိန်တို့က ဒေါ်စံလူမီး၊ မောင်အလေး၊ မအာဝူမီးတို့အား အသင့်ယူဆောင်လာသည့် ဓားများဖြင့် ခုတ်ခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်နိုင်ခဲ့သောကြောင့် လိုက်လံဖမ်းဆီးခဲ့ရာ ဦးဒွဲလှ၊ ဇော်လတ်၊ အောင်ဘန်း(ခ)ဘရန်လတ်၊ ဘရန်နူး(ခ) ယောဟန်၊ ဇော်လတ် (ခ)ဇကေးနှင့် နော်အောင်တို့အား ဖမ်းဆီးရမိ၍ အမှုဖြင့် စစ်ဆေးလျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



လေးလောင်းပြိုင်သတ်မှုတွင် ပါဝင်ကြသည့် ပြစ်မှုကျူးလွန်သူများ။



**သတင်းစဉ်**



## မြောက်ကိုရီးယား ထိပ်တန်းဗိုလ်ချုပ်တစ်ဦး အမေရိကန်သို့ အလည်အပတ်ခရီးထွက်ခွာ

**ဆိုးလ် မေ ၂၉**

မြောက်ကိုရီးယားထိပ်တန်း ဗိုလ်ချုပ်တစ်ဦးသည် အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်ခရီးစဉ်ထွက်ခွာသွားကြောင်း၊ အဆိုပါခရီးစဉ်သည် နှစ်ပေါင်းများစွာအတွင်း မြောက်ကိုရီးယား ဗိုလ်ချုပ်တစ်ဦးအနေဖြင့် အမေရိကန်ကို သွားရောက်သည့် ရှားပါးလှသော ခရီးစဉ်တစ်ခုဖြစ်သကဲ့သို့ အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့သည် အလွန်အရေးပါသည့်အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်နေကြောင်းလည်း မေ ၂၉ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**ပေကျင်း၌ ဆွေးနွေး**

ဗိုလ်ချုပ် ကင်ဂေါင်ချိုသည် ပေကျင်းလေဆိပ်သို့ မေ ၂၉ ရက်တွင်ဆိုက်ရောက်ကာ တရုတ်ထိပ်တန်းပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီး ထိုမှတစ်ဆင့် နောက်တစ်နေ့တွင် နယူးယောက်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း တောင်ကိုရီးယားယွန်ဟပ်သတင်းအေဂျင်စီ၌ ဖော်ပြခဲ့သည်။

**သံခင်းတမန်ခင်း**

အဆိုပါခရီးစဉ်သည် ဖြစ်မည်မဖြစ်ဘူးဝေခွဲမရဖြစ်နေသည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဇွန် ၁၂ ရက် စင်ကာပူအစည်းအဝေးအတွက် အရေးကြီးသည့် သံခင်းတမန်ခင်းဆိုင်ရာ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

**ပယ်ဖျက်ခဲ့သော်လည်း**

အမေရိကန်သမ္မတထရန့်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က မြောက်ကိုရီးယား၏ အပြုအမူများမှာ ရန်လိုနေသည်ဟုဆိုကာ အစည်းအဝေးကို ပယ်ဖျက်ခဲ့သည်။ သို့သော်လည်း နှစ်နိုင်ငံလုံးအနေဖြင့် အဆိုပါ ပျက်ပြယ်သွားသော အစည်းအဝေးကို ပြန်လည်စတင်မည့် သဘောသက်ရောက်နေကြောင်းသိရသည်။

နှစ်နိုင်ငံသံတမန်များအနေဖြင့် အဆိုပါအစည်းအဝေး အထမြောက်အောင်မြင်နိုင်ရေးအတွက် ကြိုးစားနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ထိပ်သီးအစည်းအဝေးပွဲအတွက် အမေရိကန်နှင့်မြောက်ကိုရီးယားအာဏာပိုင်များ စင်ကာပူရောက်ရှိနေ

**ဝါရှင်တန် မေ ၂၉**

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားမှ အာဏာပိုင်များသည် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရန် စင်ကာပူသို့ ရောက်ရှိနေကြကြောင်း သိရသည်။

ဇွန် ၁၂ ရက်တွင် ကျင်းပရန် အစီအစဉ်ဆွဲထားသည့် ထိပ်သီးအစည်းအဝေးကို ဖျက်သိမ်းလိုက်သည့် အမေရိကန် သမ္မတဒေါ်နယ်ထရန့်သည် ထိပ်သီးအစည်းအဝေးကို မူလက စီစဉ်ထားသကဲ့သို့ စင်ကာပူ၌ ကျင်းပသွားရန် စိတ်အားထက်သန်မှုကို ဖော်ပြလာခဲ့သည်။

အမေရိကန် အာဏာပိုင်များ ရှေ့ပြေးအဖွဲ့သည် တနင်္လာနေ့တွင် စင်ကာပူသို့ ရောက်ရှိလာသည်။ လုပ်ငန်းစီမံဆောင်ရွက်မှုအဖွဲ့ဆိုင်ရာ အိမ်ဖြူတော်ဒုတိယအကြီးအကဲ ဂျိုဟာဂင်ကို အင်္ဂါနေ့ နံနက်ပိုင်းတွင် ဒေသဟိုတယ်တစ်ခု၌ တွေ့ရသည်။

၎င်းအနေဖြင့် မြောက်ကိုရီးယားအာဏာပိုင်များနှင့် တွေ့ဆုံရန် ရှိ မရှိ သတင်းထောက်များက မေးမြန်းခဲ့ရာတွင် ဟာဂင်က တွေ့ဆုံဆွေးနွေးပွဲ အမြောက်အမြား ပြုလုပ်သွားရန်ရှိကြောင်း ဖြေကြားခဲ့သည်။

မြောက်ကိုရီးယား ခေါင်းဆောင်ကင်၏ ထိပ်တန်းလက်ထောက်အရာရှိ ကင်ချန်ဆန်မှာလည်း တနင်္လာနေ့ ညပိုင်းတွင် စင်ကာပူသို့ရောက်ရှိလာသည်။

ကင်ချန်ဆန်ကို တောင်ကိုရီးယား မီဒီယာက မြောက်ကိုရီးယားခေါင်းဆောင်၏ ဘဏ္ဍာစိုးအဖြစ်ခေါ်တွင်ခဲ့သည်။ ၎င်းသည် ကိန်းဂဏန်းဆိုင်ရာများနှင့် အမေရိကန်အဖွဲ့နှင့်အတူ လုံခြုံရေးဆိုင်ရာ စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးသွားဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း သိရသည်။




ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံတမန် ဆမ်ကင်ကိုလည်း တောင်ကိုရီးယားမြို့တော် ဆိုးလ်ရှိ ဟိုတယ်တစ်ခု၌ တွေ့ရသည်။

၎င်းသည် မြောက်ကိုရီးယား မူဝါဒဆိုင်ရာ အမေရိကန်အထူးသံတမန်ဟောင်း တစ်ဦးဖြစ်သည်။ မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖယ်ရှားရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် မြောက်ကိုရီးယားတို့ အသေးစိတ် ဆွေးနွေးသွားမှုရှိမရှိကို နိုင်ငံတကာက အာရုံစိုက်လျက်ရှိသည်။

**အင်န်အိတ်ခ်ျကေ**

## အာဖဂန်အထူးတပ်ဖွဲ့များ၏ နန်ဂါဟာစစ်ဆင်ရေးအတွင်း အရပ်သားကိုးဦးသေဆုံး

**နန်ဂါဟာ မေ ၂၉**

အာဖဂန်အထူးတပ်ဖွဲ့များသည် နန်ဂါဟာ အရှေ့ပိုင်းပြည်နယ်ရှိ စစ်ဆင်ရေးများတွင် အရပ်သားကိုးဦးကို သတ်ဖြတ်ခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက မေ ၂၉ ရက်က ဖော်ပြခဲ့သည်။


သေဆုံးခဲ့သူများမှာ အာဖဂန်လွှတ်တော်ဥက္ကဋ္ဌ ဖာဆယ်ဟာဒီ မူစလင်ယာနှင့် သက်ဆိုင်မှုရှိကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အတူလာခိုဂျာနီတို့က ပြောခဲ့သည်။

ကဘူးလ်ကိုယ်စားလှယ်အဖွဲ့ကိုလည်း အဆိုပါဖြစ်ရပ်များကို စုံစမ်းရန် နန်ဂါဟာသို့ စေလွှတ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



## အိန္ဒိယနိုင်ငံမွမ်ဘိုင်း၌ ရေပေါ်စားသောက်ဆိုင်နစ်မြုပ်ရာ လူ ၁၅ ဦးကို ကယ်ဆယ်နိုင်ခဲ့




**မွမ်ဘိုင်း မေ ၂၉**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အာရေဘီယံပင်လယ်အတွင်းရှိ ရေပေါ်စားသောက်ဆိုင်တစ်ဆိုင် တိမ်းမှောက်ကာ နစ်မြုပ်သွားခဲ့ပြီး နောက် လူ ၁၅ ဦးကို ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

မီးသတ်ကယ်ဆယ်ရေး အဖွဲ့သည် ညနေ ၆ နာရီ အချိန်ခန့်တွင် စားသောက်ဆိုင်ရှိသည့် ရေယာဉ်မှာ လေကြမ်းတိုက်ခတ်မှုနှင့် ရင်ဆိုင်နေရကြောင်း လူတစ်ဦးထံမှ ဖုန်းခေါ်ဆိုဆက်သွယ်မှုကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

သတင်းပေးပို့မှုကြောင့် ကမ်းခြေရဲတပ်ဖွဲ့နှင့်အတူ ဘန်ဒါရာရဲတပ်ဖွဲ့သည် လူ ၁၅ဦးကို သွားရောက်ကယ်ဆယ်ခဲ့ကြသည်။

ဘန်ဒါရာ ရဲတပ်ဖွဲ့အာဏာပိုင်များက အေအာရ်တီကုမ္ပဏီမှ ပိုင်ဆိုင်သည့် ရေယာဉ်တစ်စင်းပေါ်မှ လူ ၁၅ ဦးကို ကယ်ဆယ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

ကမ်းခြေစောင့် တပ်ဖွဲ့အာဏာပိုင်များက ၎င်းတို့သည် ရေပေါ်စားသောက်ဆိုင် နစ်မြုပ်မှုဖြစ်ပွားခြင်းနှင့် ပတ်သက်သည့် အက်စ်အိုအက်စ် အချက်ပြမှုကို မရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

မွမ်ဘိုင်းယူနစ်အဖွဲ့ ဘီဂျေပီ၏ အထွေထွေအတွင်းရေးမှူး ဗီဗီကာနန်ဂွပ်တာက ယင်းရေပေါ်စားသောက်ဆိုင်သည် စားသောက်ဆိုင်ရေယာဉ်အဖြစ်အသွင်ပြောင်းထားသည့် ငါးဖမ်းသင်္ဘောတစ်စင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## လက်ဘနွန်ဝန်ကြီးချုပ်အား ဖမ်းဆီးထိန်းသိမ်းမှု ပြင်သစ်သမ္မတ၏ မှတ်ချက်ကို ဆော်ဒီငြင်းဆန်

**ရီယာ့ဒ် မေ ၂၉**

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီကို နိုဝင်ဘာလအတွင်းက ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်ကာ နိုင်ငံအတွင်း ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၏မှတ်ချက်ချပြောဆိုမှုကို ဆော်ဒီအာရေဗျက အင်္ဂါနေ့တွင်ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ဟာရီရီသည် ရာထူးမှဖြုတ်ချခံခဲ့ရကြောင်းကို ပြီးခဲ့သည့် နိုဝင်ဘာ ၄ ရက်က ရီယာ့ဒ်မှ ရုပ်သံထုတ်လွှင့်ပြသခဲ့မှုအတွင်း အတိအလင်းကြေညာခဲ့သည်။ သောကြာနေ့က ပြင်သစ်ရုပ်သံလွှင့်ဌာန BFMTV မှ ထုတ်လွှင့်ပြသခဲ့သည့် အင်တာဗျူးတစ်ခုတွင် မက်ခရွန်က ဆော်ဒီတော်ဝင်မင်းသားထံမှ ဖိအားပေးမှုများကြောင့် ဝန်ကြီးချုပ်ဟာရီရီ နုတ်ထွက်ခဲ့ပြီးနောက်တွင် နိုင်ငံရေးအကျပ်အတည်းအတွင်း ၎င်းမည်သို့ ပါဝင်ခဲ့ရပုံကို ဖော်ပြခဲ့သည်။

အင်္ဂါနေ့က ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဟာရီရီကို ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်ကာ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆန်ခဲ့သည်။

ဆော်ဒီအာရေဗျသည် လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီကို ထိန်းသိမ်းခဲ့သည်ဟု ရုပ်သံထုတ်လွှင့်မှုအစီအစဉ်အတွင်း ပြင်သစ်သမ္မတ၏ ပြောဆိုမှတ်ချက်ချခဲ့မှုမှာ မှားယွင်းကြောင်း အာဏာပိုင်၏ ပြောကြားချက်ကို ဆော်ဒီသတင်းအေဂျင်စီကဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျဘုရင့်နိုင်ငံသည် လက်ဘနွန်နှင့် လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ယခုထက်တိုင် ကူညီပံ့ပိုးပေးနေကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

နိုင်ငံတကာ သတင်းတိုထွာ

## ပါလက်စတိုင်းနှစ်ဦး ဖမ်းဆီးခံလိုက်ရ

**ဂျေရုဆလင် မေ ၂၉**

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ပါလက်စတိုင်းနှစ်ဦးကို အစ္စရေးတပ်ဖွဲ့က မကြာသေးမီက ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။ အစ္စရေးနိုင်ငံမြောက်ပိုင်း ဂါဇာကမ်းမြောင်ဒေသမှ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် အစ္စရေးနိုင်ငံတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းသော စစ်သွေးကြွနှစ်ဦးကို အစ္စရေးကာကွယ်ရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

စစ်သွေးကြွများနှင့်အတူ ဓားများ၊ မီးလောင်စေသည့် ပစ္စည်းများနှင့် ဖြတ်တောက်ရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၎င်းတို့အား ဖမ်းဆီးချိန်တွင် အစ္စရေးတပ်ဖွဲ့ဝင်များအား ဂါဇာကမ်းမြောင်ဒေသမှ ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို တုံ့ပြန်သောအားဖြင့် အစ္စရေးတင့်ကား တစ်စီးက နယ်စပ်ရှိ စစ်တပ်လေ့လာစောင့်ကြည့်ရေးစခန်းတစ်ခုကို ပြန်လည်ပစ်ခတ်ခဲ့သော်လည်း အစ္စရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ ဖမ်းဆီးခံထားရသော သံသယရှိသူများသေဆုံးခြင်း ရှိ၊ မရှိ ရှင်းလင်းစွာ မသိရသေးကြောင်းနှင့် ၎င်းတို့ကို စစ်ဆေးမေးမြန်းရန် ရှင်ဘက်လုံခြုံရေးဌာနသို့ ပို့ဆောင်ထားကြောင်း စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။

မတ်လ ၃၀ရက်မှစတင်ခဲ့သည့် ဆန္ဒပြမှုများတွင် ပါလက်စတိုင်းနိုင်ငံသား ၁၁၀ ကျော်သေဆုံးခဲ့ပြီးနောက် ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ တင်းမာမှုများ မြင့်တက်လာကြ ချိန်တွင် ယခုကဲ့သို့ဖမ်းဆီးသည့်ဖြစ်ရပ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ပါရာဂွေးသမ္မတ ရာထူးမှ နုတ်ထွက်

**ရီယိုဒီဂျနေးရိုး မေ ၂၉**

ပါရာဂွေးနိုင်ငံ သမ္မတ ဟိုရာရှိုကာတက်သည် မကြာသေးမီက ရာထူးမှနုတ်ထွက်ကြောင်းနှင့် အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဧပြီ ၂၂ ရက်တွင် အထွေထွေရွေးကောက်ပွဲမှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးနောက် ၂၀၁၈ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကိုယ်စားလှယ်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သောကြောင့် သမ္မတရာထူးမှ နုတ်ထွက်ကာ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် နိုင်ငံတာဝန်ကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဟိုရာရှိုကာတက်၏ လွှတ်တော်သို့ ပေးပို့သော နုတ်ထွက်စာတွင် ဖော်ပြခဲ့သည်။ ဟိုရာရှိုကာတက်သည် အာဏာရပါတီအနီရောင်ပါတီ၏ သမ္မတလောင်း မာရီယိုအက်ဒိုဘင်နီတက်ဇ်ကယခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် စတင်ပြီး သမ္မတရာထူးကို ငါးနှစ်ကြာထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံမှ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ၏ အနာဂတ်

**ဖြိုးစန္ဒီနွေး**



၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှု ချုပ်ဆိုပြီးစဉ် အခါက ဥရောပ၊ အာရှနဲ့ အမေရိကန်ကုမ္ပဏီတွေဟာရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့အတွက် အီရန်နိုင်ငံအတွင်းကို အလျှင်အမြန်ပဲ ဝင်ရောက်လာခဲ့ကြပါတယ်။ အီရန်နိုင်ငံမှာ လူသန်းပေါင်း ၈၀ အတွက် ရင်းနှီးမြှုပ်နှံစရာဈေးကွက်တွေ အများကြီးရှိနေတဲ့အတွက် ဒီလို ပြည်ပကကုမ္ပဏီတွေ အလျှင်အမြန်ပဲဝင်ရောက်လာကြတာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စု အပါအဝင် အခြားသောနိုင်ငံကြီးတွေကလည်း အီရန်နျူကလီးယား သဘောတူညီမှုမှာ ပါဝင်လက်မှတ်ထိုးခဲ့ကြတော့ ဒီသဘောတူညီမှုဟာ ဆယ်စုနှစ်တစ်ခုစာလောက်တော့ ခံလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေ ထင်ခဲ့ကြပါတယ်။

**အကြီးဆုံးစီးပွားရေး ပိတ်ဆို့မှု**

ဒါပေမယ့်လည်း မထင်မှတ်ဘဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နျူကလီးယား သဘောတူညီမှုကနေ နုတ်ထွက်သွားတော့ အီရန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ထားတဲ့ ကုမ္ပဏီတွေဟာလည်း အမျိုးမျိုးသော သတင်းစကားတွေနဲ့အတူ တုန်လှုပ်နေရပါတယ်။ စီးပွားရေးသမားတွေအနေနဲ့ အီရန်နိုင်ငံအတွင်းက ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ရုပ်သိမ်းဖို့ရက်ပေါင်း ၁၈၀ အချိန်ရပါတယ်။

ဒါကို မလိုက်နာခဲ့ဘူးဆိုရင် အမေရိကန်ဈေးကွက်အတွင်းမှာ ရင်းနှီးမြှုပ်နှံဖို့ တားဆီးပိတ်ပင်ခံရမှာဖြစ်ပြီး ဘီလီယံနဲ့ ချီပြီး ဒဏ်ရိုက်ခံရ နိုင်ပါတယ်။ ဒါမှမဟုတ်ရင် အမေရိကန်ရဲ့စီးပွားရေးပိတ်ဆို့မှုကို မနာခံတဲ့အတွက် ဖမ်းဆီးခံရတာမျိုးတွေလည်း ရှိနိုင်ပါတယ်။ ဒါတွေကတော့ စီးပွားရေးသမားတွေ ကြားနေရတဲ့ အမျိုးမျိုးသော ခြိမ်းခြောက်စကားတွေပဲဖြစ်တယ်။

တနင်္ဂနွေနေ့ကလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အမေရိကန်ဟာ တစ်ဖက်သတ်ဆန်တဲ့ အရေးယူပိတ်ဆို့မှုတွေနဲ့ အီရန်ရဲ့စီးပွားရေးကို ဖျက်ဆီးပစ်နိုင်တယ်။ သမိုင်းမှာ အကြီးဆုံးစီးပွားရေးပိတ်ဆို့မှု ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ပြောခဲ့ပါတယ်။

**လုပ်ငန်းရှင်များ စိုးထိတ်နေရ**

အမေရိကန်ရဲ့ ခြိမ်းခြောက်မှုကို ကြောက်လို့ ကုမ္ပဏီဘယ်လောက်များများဟာ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို အီရန်ကနေ ပြန်ပြီးရုပ်သိမ်းသွားမလဲဆိုတာကို ကြိုတင်ခန့်မှန်းဖို့တော့ စောလွန်းပါသေးတယ်။ ဥရောပသမဂ္ဂအဖွဲ့ကြီးကတော့ သူတို့အဖွဲ့ဝင်နိုင်ငံတွေက ကုမ္ပဏီတွေအတွက် စိတ်ချရမယ့် လုပ်ဆောင်မှုတွေ ဆောင်ရွက်သွားမယ်လို့ ကတိပေးထားပါတယ်။

ဒါပေမယ့်လည်း ပိတ်ဆို့မှုအသစ်တွေဟာ အီရန်မှာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ငြင်းဆန်ခွင့်မသာအောင်ပါပဲ။ အထူးသဖြင့် ကမ္ဘာ့အနှံ့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားတဲ့ လုပ်ငန်းရှင်တွေ ကုမ္ပဏီတွေကို ပိုမိုထိတ်လန့်စေနိုင်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့ သတင်းစကားတွေကိုကြည့်ရင် အမေရိကန်ရဲ့ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုကို မလိုက်နာရင် မလိုက်နာတဲ့ ကုမ္ပဏီတွေပါဖျက်ဆီးခံရနိုင်တဲ့ သဘောမျိုးဆောင်နေပါတယ်။ အမေရိကန်ကို သာမက အီရန်အာဏာပိုင်တွေကိုပါ ရင်းနှီးမြှုပ်နှံသူတွေ၊ လုပ်ငန်းရှင်တွေ စိုးထိတ်နေရပါတယ်။

**အာဏာပြခြင်းသက်သက်သာဖြစ်**

နောက်ထပ်ချမှတ်မယ့် အမေရိကန်က ပိတ်ဆို့မှုအသစ်တွေဟာ ဘယ်အတိုင်းအတာလောက်အထိ အကျိုးသက်ရောက်မှု ရှိမလဲဆိုတာကိုတော့ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုကို လက်မှတ်ထိုးပြီးကတည်းက အီရန်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေဟာ နှစ်ဆမြင့်တက်ခဲ့ပါတယ်။

၂ ဘီလီယံကနေ ၄ ဘီလီယံအထိ တိုးမြင့်ခဲ့တာပဲ ဖြစ်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေကို ဒဏ်ခတ်တာဟာဆိုရင် အီရန်ရဲ့ စီးပွားရေးကို အမှန်တကယ် ထိခိုက်စေတာထက် အာဏာပြခြင်း သက်သက်သာဖြစ်တယ်လို့ အီရန်စီးပွားရေးပညာရှင် ဆာအိဒ်လေလက်ဇ်က ပြောပါတယ်။

ဥရောပကုမ္ပဏီတွေ အီရန်မှာရှိနေတာကလည်း ရေနံကြောင့်ပါပဲ။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်းအီရန်နိုင်ငံမှာ အနောက်နိုင်ငံကကုမ္ပဏီတွေ ခြေချင်းလိမ်နေပါတယ်။ ဂျာမနီ အိမ်သုံးပစ္စည်း ရောင်းချရေးကုမ္ပဏီကလည်း သူ့ကုမ္ပဏီကပစ္စည်းတွေကို အီရန်နိုင်ငံသားတွေကို ရောင်းချပါတယ်။

**ရှယ်ယာတွေရောင်းချ**

အဲဒီလိုမျိုး ဥရောပကုမ္ပဏီတွေလည်း အများကြီးပါပဲ။ အီရန်နိုင်ငံမှာ လာရောက်ပြီး စွန့်စားလုပ်ကိုင်တဲ့ ကုမ္ပဏီတွေထဲမှာ အမေရိကန်နဲ့အဆက်အဆံရှိတဲ့ နာမည်ကြီးကုမ္ပဏီတွေလည်း ပါဝင်ပါတယ်။ အခုတော့ ဒီကုမ္ပဏီတွေရဲ့အနာဂတ်ဟာလည်း မသေချာတော့ပါဘူး။

ရေနံကုမ္ပဏီကြီး နှစ်ခုဖြစ်တဲ့ တိုတယ်နဲ့ Eni ကုမ္ပဏီတို့ဟာလည်း အခုအခါမှာတော့ သူတို့ရဲ့ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွေကို ရပ်နားထားလိုက်ပါပြီ။ ဒိန်းမတ်သင်္ဘောကျင်းကုမ္ပဏီတစ်ခုဟာလည်း အီရန်ဆိပ်ကမ်းတွေမှာ ဆက်လက်တည်ရှိနေတော့မှာ မဟုတ်ပါဘူး။

အီတလီစတီးကုမ္ပဏီဖြစ်တဲ့ Danieli ဟာလည်း လွန်ခဲ့တဲ့တစ်နှစ်က အီရန်မြို့တော် တီဟီရန်မှာ စက်ရုံကြီးဆောက်ခဲ့တာဖြစ်ပြီး အခုအခါမှာတော့ သူ့ရဲ့ ရှယ်ယာတွေကိုရောင်းချပြီး အီရန်နိုင်ငံကနေ ထွက်ခွာဖို့ပြင်နေပါပြီ။

**ဆုံးဖြတ်ဖို့ စောနေသေး**

အမေရိကန် လူသုံးကုန်ပစ္စည်း ရောင်းချရေးကုမ္ပဏီဖြစ်တဲ့ Procter & Bamble ဟာလည်း ဒေသခံဝန်ထမ်းတွေကို လျှော့ချနေပြီး အီရန်ကနေ ထွက်ခွာဖို့ပြင်နေပြီလို့ အဲဒီ ကုမ္ပဏီမှာ လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ ပြောပါတယ်။ အဲဒီကုမ္ပဏီဟာဆိုရင် Head &Shoulder ရှန်ပူနဲ့ မုတ်ဆိတ်ရိတ်စက်အစရှိတာတွေရောင်းချတဲ့ ကုမ္ပဏီလည်းဖြစ်တယ်။ ဒီလိုမျိုး အခြေအနေမျိုးတွေ ရှိနေပေမယ့်လည်း အာရှနဲ့ ဥရောပကုမ္ပဏီတွေကတော့ အီရန်ကနေ နုတ်ဆက်ခဲ့ခွာသင့်မသင့် ဆုံးဖြတ်ဖို့ စောပါသေးတယ်။

သူတို့ကုမ္ပဏီတွေရဲ့ ထုတ်လုပ်မှုတွေဖြစ်တဲ့ အချိုရည်၊ ချောကလက်၊ အဝတ်အထည်နဲ့ ဆေးဝါးပစ္စည်းတွေကတော့အမေရိကန်ရဲ့ပိတ်ဆို့မှုအောက်မှာမရှိသေးပါဘူး။ ပြင်သစ်ကားကုမ္ပဏီတွေဖြစ်တဲ့ Renault and Peugot၊ ထရပ်ကားတွေနဲ့ ဘတ်စ်ကားတွေထုတ်တဲ့ ဆီဒင်ကားကုမ္ပဏီ အစရှိတဲ့ကားကုမ္ပဏီတွေကရော ဘယ်လိုဆုံးဖြတ်ကြမှာလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။

**မတည်မငြိမ်တွေ ဖြစ်နေစေချင်**

ဥရောပနဲ့ အာရှကုမ္ပဏီတွေသာ အီရန်ကနေ ထွက်ခွာသွားကြရင် အီရန်လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုတွေရှိလာတော့မှာ အမှန်ပါပဲ။ ဥရောပကုမ္ပဏီတစ်ခုက အကြီးအကဲတစ်ဦးကဆိုရင် သူ့မှာ လုပ်ရည်ကိုင်ရည်ရှိတဲ့ အလုပ်သမား ၁၁ ယောက်ရှိတယ်။

သူတို့ဟာ အလုပ်ရဲ့ သဘောသဘာဝကို လျင်လျင်မြန်မြန်ပဲ တတ်မြောက်လာတယ်။ အခုသူတို့ကို နုတ်ဆက် ခွဲခွာရမှာကတော့တကယ့်ကို စိတ်မကောင်းစရာပဲ၊ ဝမ်းနည်းရပါတယ်လို့ ပြောပါတယ်။ အီရန်ဒေသခံအလုပ်ရှင်တွေဟာလည်း အလားတူပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာပဲ ဖောက်သည် ၂၀ရာခိုင်နှုန်းကိုဆုံးရှုံးပြီးပါပြီလို့ တီဟီရန်အခြေစိုက် ကြော်ငြာကုမ္ပဏီက မစ္စတာဘန်ကာရာမီက ပြောပါတယ်။ အသက် ၃၁ နှစ်အရွယ် ဆာနာ့ဇ်ကတော့ သူအလုပ်လုပ်တဲ့ ကုမ္ပဏီဟာလည်း အီရန်ကနေ ထွက်သွားတော့မယ်လို့ ပြောပါတယ်။ ဆာနာ့ဇ်က သူ့အနေနဲ့ သမ္မတထရန့်ရဲ့အစိုးရအဖွဲ့မျှော်လင့်နေသလို အီရန်ခေါင်းဆောင်တွေကို ဆန့်ကျင်တဲ့ ဆန္ဒပြအုပ်စုထဲမှာ ပါဝင်ဖို့ အစီအစဉ်မရှိဘူးလို့ပြောပါတယ်။ ၂၀၀၉ ခုနှစ်တုန်းက ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့ပြီးပါပြီ။ အလွန်ဆိုးရွားတဲ့ အတွေ့အကြုံပဲလို့ ပြောပါတယ်။

အမေရိကန်ဟာ အခုအချိန်မှာ အီရန်နိုင်ငံကို မတည်မငြိမ်တွေဖြစ်နေစေချင်တယ်လို့ ဥရောပသံတမန်တစ်ဦးက ပြောပါတယ်။ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုတွေရဲ့ အကျိုးဆက်ဟာ ကြီးမားလွန်းပါတယ်။ တကယ်လို့များ အီရန်မှာ မတည်မငြိမ်တွေဖြစ်လာခဲ့ရင် ဥရောပမှာ ဒုက္ခသည်တွေ စုပုံလာတဲ့၊ မလုံခြုံတော့တဲ့ အကျိုးဆက်တွေရိုက်ခတ်လာတော့မှာ ဖြစ်တယ်လို့ ၎င်းက သုံးသပ်ထားပါတယ်။

ဥရောပနိုင်ငံတွေက သူတို့ရဲ့ ကုမ္ပဏီတွေကို နေမြဲအတိုင်းဆက်နေကြဖို့အကြံပေးထားပါတယ်။ အလျင်အမြန်ကြီး ဆုံးဖြတ်ချက်မချကြဖို့ အကြံပြုထားပါတယ်။

ဒါပေမယ့်လည်း စီးပွားရေးလုပ်ငန်းရှင်တွေမှာလည်း သူတို့ရဲ့ ဆုံးဖြတ်ချက်နဲ့ သူတို့ပါပဲ၊ သူတို့ကို ချယ်လှယ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ စီးပွားရေးပိတ်ဆို့မှုကြောင့် အီရန်နိုင်ငံမှာ ဆူပူမှုတွေ၊ မတည်မငြိမ်မှုတွေ ဖြစ်လာရင် ဥရောပကိုလည်း ရိုက်ခတ်နိုင်တယ်ဆိုတာကတော့ ဥရောပခေါင်းဆောင်တွေ စိုးရိမ်နေရတဲ့ အမှန်တရားတစ်ခုပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

“အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အမေရိကန်ဟာ တစ်ဖက်သတ်ဆန်တဲ့ အရေးယူပိတ်ဆို့မှုတွေနဲ့ အီရန်ရဲ့ စီးပွားရေးကို ဖျက်ဆီးပစ်နိုင်တယ်။ သမိုင်းမှာ အကြီးဆုံးစီးပွားရေးပိတ်ဆို့မှု ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ပြောခဲ့ပါတယ်”

# ရာသီဥတုနဲ့ပတ်သက်ရင် နေ့စဉ်၊ လစဉ်နဲ့ ထူးခြားတိုင်း ထုတ်ပြန်ပေးတာတွေကို သတိပြုသင့်ပါတယ်

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**

**အနောက်တောင်မုတ်သုံလေသည် မေလ ၂၄ရက်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ စတင်ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ မိုးဦးကာလသည် မြန်မာနိုင်ငံကဲ့သို့သော စိုက်ပျိုးရေးကို အဓိကထားသည့် နိုင်ငံအတွက် အလွန်အရေးကြီးသည့် ထွန်ရေးကာလဖြစ်သည့်အားလျော်စွာ မိုးလေဝသနှင့် ဇလဗေဒအချက်အလက်များသည်လည်း နိုင်ငံသားများ နေ့စဉ်ဘဝတွင် သိရှိထားသင့်သည့် အချက်အလက်များဖြစ်ရာ လက်ရှိကာလ ရာသီဥတုအခြေအနေနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးအား တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး ။ ။ မိုးဦးရာသီရဲ့လက်ရှိရာသီဥတုအခြေအနေကို သိပါရစေ။**

ဖြေ ။ ။ အနောက်တောင်မုတ်သုံလေကို ကျွန်တော်တို့အနေနဲ့ ခန့်မှန်းထားခဲ့တာ မေ ၁၆ ရက်ကနေ ၂၀ ရက်အကြားမှာ မြန်မာနိုင်ငံတောင်ပိုင်းကို စတင်ဝင်ရောက်မယ်ဆိုပြီး ခန့်မှန်းထားပါတယ်။ တကယ်တမ်းလက်တွေ့မှာတော့ လေးရက်နောက်ကျပြီး မေ ၂၄ ရက်မှာ စတင်ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကိုတော့ မေ ၂၇ ရက်မှာ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေကိုတော့ မေလကုန်ပိုင်းတွေမှာ ဆက်လက်ဝင်ရောက်နေပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းကိုတော့ မုတ်သုံလေက ဇွန် ၃ ရက်ကနေ ၈ ရက်အတွင်း ဝင်ရောက်မှာဖြစ်တဲ့အတွက် အနောက်တောင်မုတ်သုံလေတစ်နိုင်ငံလုံးကို ရောက်ရှိတဲ့အချိန်ကတော့ ဇွန်လဆန်းဖြစ်သွားမှာပါ။ လက်ရှိ ရာသီဥတုအခြေအနေက မုတ်သုံလေဝင်နေတဲ့ကာလမှာပဲ အာရေဘီယံအရှေ့ဘက်မှ ဆိုင်ကလုန်းမုန်တိုင်းတွေ ဆက်တိုက်ဖြစ်ပွားခဲ့ပါတယ်။ ဒါ့အပြင် အီကွေတာမျဉ်းပေါ်ကနေ ဖြတ်စီးဆင်းတဲ့ ကုန်သည်လေဟာလည်း အားကောင်းမလာခဲ့ပါဘူး။ အနောက်လေပွေလှိုင်းကလည်း မြန်မာနိုင်ငံ မြောက်ပိုင်းကနေ ဆုတ်ခွာမသွားသေးပါဘူး။ ဒါကြောင့် မုတ်သုံလေဝင်ရောက်နိုင်ဖို့ ခက်ခဲခဲ့တာကို တွေ့ရပါတယ်။ ကံအားလျော်စွာပဲ ဘင်္ဂလားပင်လယ်ဘက်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီလေဖိအားနည်းရပ်ဝန်းကပဲ မုတ်သုံလေကို တွဲဖက်ခေါ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။ ယနေ့ခန့်မှန်းချက်အရဆိုရင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ လေဖိအားနည်းရပ်ဝန်းတစ်ခု ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာခဲ့ပါတယ်။ နောက် ၂၄ နာရီအတွင်းမှာ အဲဒီလေဖိအားနည်း ရပ်ဝန်းဟာလည်း မုန်တိုင်းငယ်အဆင့်ကို ရောက်လာနိုင်ပါတယ်။ ပုံမှန်အားဖြင့်လည်း ဒီကာလဟာ မုန်တိုင်းဖြစ်ပွားလေ့ရှိတဲ့ ကာလဖြစ်ပါတယ်။ ဧပြီ၊ မေလတွေဟာ မုန်တိုင်းရဲ့ပထမရာသီတွေဖြစ်ပါတယ်။ ကပ္ပလီပင်လယ်မှာလည်း မုန်တိုင်းငယ်တစ်ခုဟာ ဒီနေ့မနက်မှာပဲ ရခိုင်ပြည်နယ် ကျောက်ဖြူ၊ စစ်တွေမြို့တွေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ ဒီနေ့မနက် ၆ နာရီခွဲမှာ မုန်တိုင်းအဆင့်ကို လိမ္မော်ရောင်သတ်မှတ်ထားပြီး နေ့လယ်ပိုင်းမှာ အနီရောင်အဆင့် သတ်မှတ်ထားခဲ့ပါတယ်။ ဒီမုန်တိုင်းနဲ့အတူ မိုးတိမ်တောင်တွေဖြစ်ပေါ်ပြီး ဒေသအလိုက်မှာ မိုးကြီးတာတွေ ဖြစ်ပွားပြီး အနောက်တောင်မုတ်သုံလေဟာလည်း ဆက်တိုက်ဝင်ရောက်လာတော့မှာ ဖြစ်ပါတယ်။



ဒေါက်တာ ကျော်မိုးဦး ညွှန်ကြားရေးမှူးချုပ်

**မေး ။ ။ လက်ရှိ မိုးဦးကာလကို ဆရာ့အနေနဲ့ ပြန်လည်သုံးသပ်ခန့်မှန်းပေးပါဦး။**

ဖြေ ။ ။ လက်ရှိ ရာသီဥတုအခြေအနေကို သုံးသပ်ကြည့်ရမယ်ဆိုရင် မြန်မာနိုင်ငံတောင်ပိုင်းဒေသတွေနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကို အနောက်တောင်မုတ်သုံလေ ဝင်ရောက်တာ နောက်ကျတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေကိုတော့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်မှုက ပုံမှန်ကာလအတိုင်းဖြစ်လာမှာပါ။ လက်ရှိရာသီဥတုဟာ အယ်လ်နီညို၊ လာနီညာစတာမျိုး မဟုတ်ပါဘူး။ ပုံမှန်အနေထားမျိုးရရှိမယ့် ရာသီဥတုဖြစ်ပါတယ်။ ဒီရက်ပိုင်းမှာတော့ မုန်တိုင်းတွေဆက်တိုက်ရှိလာနိုင်တာမို့ မိုးပိုရနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေ ပြန်လည်ထွက်ခွာမှုကိုတော့ စက်တင်ဘာလလယ်လောက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းကနေ စတင်ဆုတ်ခွာမယ်လို့ ခန့်မှန်းရပြီး အောက်တိုဘာလဆန်းဆိုရင် တစ်နိုင်ငံလုံးမှာ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသွားပြီလို့ ခန့်မှန်းထားပါတယ်။

**မေး ။ ။ ရာသီဥတုအခြေအနေတွေဟာ လွန်ခဲ့တဲ့နှစ်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ဘယ်လိုများ ဖြစ်လာနေပါသလဲ။**

ဖြေ ။ ။ ဒီနှစ်ပိုင်းတွေမှာ ရာသီဥတုက သိသိသာသာ ပြောင်းလဲလာတယ်။ အရင်က အနောက်တောင်မုတ်သုံလေ ဝင်ရောက်လာတဲ့ ကာလကနေစပြီး မိုးကြို၊ မိုးဦး၊ မိုးနှောင်းတွေမှာ မိုးတိမ်တောင်တွေ ဖြစ်လာတယ်။ ဒီလို မိုးတိမ်တောင်တွေကြောင့် ထစ်ချုန်းမိုးရွာသွန်းမှုတွေ ဖြစ်တယ်။ အခုနောက်ပိုင်းမှာတော့ တစ်နှစ်ပတ်လုံး မိုးတိမ်တောင်တွေကို တွေ့ရတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှုတွေထဲက တစ်ရပ်ပဲဖြစ်ပြီး တစ်နှစ်ပတ်လုံးမိုးတိမ်တောင်တွေကြောင့် ထစ်ချုန်းရွာသွန်းမှုတွေကလည်း တစ်နှစ်ပတ်လုံးမှာ ဖြစ်ပွားတယ်။

**မေး ။ ။ ထစ်ချုန်းမိုးရွာသွန်းမှုတွေကြောင့် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်သလဲ သိပါရစေ။**

ဖြေ ။ ။ ထစ်ချုန်းမိုးတွေရွာတယ်ဆိုတာက ရုတ်တရက် ရွာသွန်းတာမျိုးဖြစ်ပြီး မိုးရေလည်း အတော်များများပါတယ်။ မိုးတိမ်တိုက်တွေ စုဖွဲ့ထားတဲ့အတွက် မိုးရွာသွန်းတဲ့ပမာဏက များတယ်။ ဒါပေမယ့် ပုံမှန်မိုးရွာသွန်းမှုကို ထိခိုက်စေပြီး မိုးရွာတဲ့အကြိမ်ရေ နည်းသွားတယ်။ မိုးရေချိန်ရရှိပေမယ့် ဥပမာပေးရရင် ဆယ်ရက်အတွင်း ရွာသွန်းရင်ရမယ့် မိုးရေချိန်ကို ထစ်ချုန်းရွာပြီး ရလိုက်တယ်။ ဒါပေမယ့် ကျန်တဲ့ရက်တွေမှာ မိုးမရွာတဲ့အတွက် အပူချိန်က သိသိသာသာ မြင့်တက်တယ်။

**မေး ။ ။ စိုက်ပျိုးရေးအတွက် ထွန်ရေးပြင်ကြတဲ့ တောင်သူတွေအတွက်ရော ဘယ်လို အကြံဉာဏ်တွေ ပေးချင်ပါသလဲ။**

ဖြေ ။ ။ မိုးဦးကျဖြစ်တဲ့အတွက် အားလုံးကတော့ စိုက်ကြပျိုးကြဖို့ အချိန်လည်း ဖြစ်နေပါပြီ။ ဒီလိုရာသီဥတုတွေကြောင့် ဖြစ်နိုင်မယ်ဆိုရင် ရာသီဥတုဒဏ်ခံနိုင်မယ့် ပျိုးပင်တွေကို ရွေးချယ်သင့်တယ်။ ဥပမာပြောရရင် မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ အပူပိုင်း ဒေသတွေဆိုရင် ရေငတ်ဒဏ်ခံနိုင်တဲ့ သီးနှံအမျိုးအစားတွေ၊ စပါးဆိုလည်း ရာသီဥတုနဲ့ ချိန်ညှိပြီး ရွေးချယ်ဖို့ အချိန်ဖြစ်လာပါပြီ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေဟာ မကြာခဏ မိုးထစ်ချုန်းရွာလေ့ရှိတဲ့အတွက် ရေကြီးရေလျှံမှုတွေကို ပိုပြီး ခံစားကြရနိုင်တာကြောင့် ရေနစ်မြုပ်ခံနိုင်တဲ့ စပါးမျိုးတွေကို ရွေးချယ်စိုက်ပျိုးသင့်ပါတယ်။ ဒီလို စိုက်ပျိုးကြရာမှာလည်း မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်တွေကို စွန့်လွှတ်ကြပြီး ခေတ်မီစိုက်ပျိုးနည်းစနစ်တွေကို ကူးပြောင်းသင့်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မိရိုးဖလာစိုက်ပျိုးတဲ့ မျိုးရိုးတွေက လက်ရှိကြုံတွေ့နေရတဲ့ ရာသီဥတုဒဏ်ကို လုံးဝမခံစားနိုင်ကြတော့ပါဘူး။ ဒါကြောင့် အပင်တွေပျက်စီးပြီး တောင်သူတွေ အမြဲအထိနာနေကြရပါတယ်။ ဒါကြောင့် ဒေသအလိုက် ကျွမ်းကျင်တဲ့ပညာရှင်တွေရဲ့ အကြံပြုချက်တွေကို လိုက်နာပြီး စိုက်ပျိုးစေချင်ပါတယ်။ နောက်တစ်ခုက တောင်သူတွေအားလုံးကို ပန်ကြားချင်တာက ကျွန်တော်တို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကနေ နေ့စဉ်တိုင်းမှာ ထူးခြားမှုဖြစ်စဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ရုပ်သံတွေ၊ ရေဒီယိုလိုင်းတွေ၊ သတင်းစာတွေ၊ လူမှုကွန်ရက်တွေနဲ့ ကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်တွေမှာ လွှင့်တင်နေပါတယ်။ သတိပေးချက်တွေကိုလည်း အမြဲသတိပြုခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍကို အများကြီးအထောက်အကူဖြစ်စေမယ်လို့ ပြောချင်ပါတယ်။

**မေး ။ ။ မိုးရာသီရေကြောင်းခရီးသွားလာရေးနဲ့ ရေလုပ်သားတွေအတွက်ရော ဘယ်လို အကြံဉာဏ်ပေးချင်ပါသလဲ။**

ဖြေ ။ ။ ကမ်းရိုးတန်းရေကြောင်းသွားလာရေးမှာ လက်ရှိကာလက မုန်တိုင်းကာလမို့ အချက်ပြတင်ထားတဲ့အတွက် ရေကြောင်းဦးစီး၊ ဆိပ်ကမ်းအာဏာပိုင်စတဲ့ ဌာနတွေက ရေယာဉ်တွေကို ပေးမထွက်ပါဘူး။ ပြည်တွင်းရေကြောင်းသွားလာရေးမှာဆိုရင်တော့ ပြီးခဲ့တဲ့နှစ်က ရေခံနည်းခဲ့ပြီး ဒီနှစ်အတွက် ခန့်မှန်းရရင် မြစ်ချောင်း၊ အင်း၊ အိုင်တွေအားလုံးမှာ မိုးကောင်းမှာဖြစ်တဲ့အတွက် ရေခံကောင်းလာနိုင်လို့ ရေကြောင်းခရီးသွားလာမှုတွေ တွင်ကျယ်လာနိုင်တယ်လို့ ဆိုနိုင်ပါတယ်။ ရေကြီးမှုဖြစ်စဉ်တွေတော့ ဖြစ်ပွားလာနိုင်ပါတယ်။ အရင်နှစ်တွေကို ပြန်ကြည့်ရင် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ နှစ်တွေ အားလုံးမှာ မိုးရာသီရေကြီးရေလွှမ်းမှုဒဏ်ကို ခံစားခဲ့ကြရပါတယ်။ ရေကြီးမှုကလည်း နှစ်စဉ်ဖြစ်ပွားလာနေတာပါ။ ပြောရမယ်ဆိုရင် မိုးလေဝသ အစွန်းရောက်ဖြစ်စဉ်တစ်ခုကို ကြုံတွေ့နေကြရတာ။ မိုးကထစ်ချုန်းရွာသွန်းတဲ့အတွက် ကျန်တဲ့ရက်တွေမှာ အပူချိန်တွေက ပြင်းထန်တော့ မိုးတိမ်တောင်တွေ ပြန်လည်ဖြစ်၊ ဒီလိုနဲ့ ထစ်ချုန်းရွာတာ၊ မိုးကြိုးပစ်တာနဲ့ လျှပ်စီးလက်တာ၊ လေပြင်းတိုက်တာတွေဟာ အတော်လေးများနေပါတယ်။

ဒီကာလတွေဟာ ရေကြောင်းခရီး ပြည်တွင်းသွားလာဖို့အတွက် ကောင်းမွန်တယ်။ နွေရာသီမှာဆိုရင်တော့ သတိထားရတယ်။ ရေနည်းတော့ သောင်ထွန်းပြီး ရေယာဉ်တွေ ထိခိုက်မိတတ်တယ်။ အခုကာလမှာ အထူးသတိပြုရမှာကတော့ ထစ်ချုန်းမိုးတွေရွာတဲ့အတွက် လေပြင်းတိုက်တတ်တော့ ဒါကိုတော့ ရေယာဉ်တွေနဲ့ ရေကြောင်းခရီးသွားလာသူတွေအားလုံး သတိထားဖို့လိုအပ်မယ်။ ကမ်းရိုးတန်းဒေသတွေမှာ လေဖိအားနည်းရပ်ဝန်းတွေက ဆက်တိုက်ဖြစ်ပေါ်လာနိုင်သေးတဲ့အတွက် မုန်တိုင်းတွေ ပိုများလာနိုင်ပါတယ်။ အရင် ၁၉၈၉-၉၀ ကာလတွေမှာ တစ်နှစ်ကို မုန်တိုင်း ၁၀ ကြိမ်လောက်လာခဲ့ဖူးတယ်။ နောက်ပိုင်းမှာ မုန်တိုင်း ဖြစ်ပွားတဲ့အကြိမ်ရေ လျော့လာတယ်။ ၂၀၀၂-၂၀၀၃ ခုနှစ်တွေကနေပြန်စပြီး မုန်တိုင်းတိုက်ခတ်ခံရမှု ပြန်လည်များပြားလာတယ်။ ဒါကြောင့် သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာပြီး ကမ်းနီးကမ်းဝေးရေယာဉ်တွေ ထွက်ခွာသင့်တယ်။ ပင်လယ်လှိုင်းလေကို ခံနိုင်တဲ့ နည်းပညာတွေကို ပိုပြီးအသုံးချလို့ ရေယာဉ်တွေကို တည်ဆောက်သင့်တယ်။ ရေယာဉ်တွေရဲ့ အရည်အသွေးကိုလည်း စနစ်တကျ စိစစ်ပေးကြဖို့ လိုအပ်ပြီး သတ်မှတ် စံချိန်စံညွှန်းတွေကိုလည်း ထားရှိဖို့၊ လိုက်နာဖို့ လိုအပ်ပါတယ်။

**မေး ။ ။ အခုမိုးကြိုကာလနဲ့ မိုးတွင်းမှာ မိုးကြိုးပစ်ခတ်မှု အခြေအနေတွေကရော သိလိုပါတယ်။ မိုးကြိုးပစ်မှုကြောင့် ထိခိုက်မှုတွေ ပိုပြီးများလာတာရော ရှိပါသလား။**

ဖြေ ။ ။ ဒီနှစ်မှာ လာနီညာရဲ့သက်ရောက်မှုကြောင့် စံချိန်တင်တဲ့ အပူချိန်မျိုးအထိ မရှိခဲ့ဘူး။ ဒါပေမယ့် မိုးတိမ်တောင်စုဖွဲ့မှုတွေ အတော်ကိုများခဲ့တာ တွေ့ရတယ်။ အရင်က မြန်မာနိုင်ငံ အထက်ပိုင်းမှာပဲ ဖြစ်ခဲ့တာ၊ ကုန်သည်လေဝင်ရောက်တဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ မတ်လနဲ့ ဧပြီလတွေမှာ ပိုပြီး မိုးတိမ်တောင်တွေ ဖြစ်ကြတယ်။ မိုးတိမ်တောင်တွေကြောင့် မိုးကြိုးနဲ့ လေပြင်းတိုက်ခတ်မှုတွေက ဖြစ်လာတယ်။ ပင်လယ်က ရေခိုးရေငွေ့တွေနဲ့ အပူရှိန်တို့ကြောင့် မွန်းလွဲနဲ့ ညနေပိုင်းတွေမှာ မိုးကြိုးပစ်ခတ်တာတွေ အများဆုံးဖြစ်တတ်တယ်။ ဒါက ပုံမှန်အခြေအနေတုန်းကပါ။ နောက်ပိုင်း ကျွန်တော်တို့ မေ့မေ့ပျောက်ပျောက်ပဲ နေခဲ့ကြတယ်။ မိုးကြိုးဟာ မိုးကြို၊ မိုးဦး၊ မိုးနှောင်းနဲ့ မိုးလွန်ကာလတွေမှာ ဖြစ်တယ်။ လေထုမငြိမ်သက်မှုတွေကြောင့် ဖြစ်တာ၊ အခုအချိန်မှာတော့ အစွန်းရောက် မိုးလေဝသဖြစ်စဉ်တစ်ခုအတိုင်း နွေမှာလည်း မိုးကြိုးပစ်တယ်။ မိုးတွင်းလည်း ပစ်တယ်။ ဆောင်းတွင်းပဲ နည်းနည်းသက်သာတယ်။ အချိန်ဆိုရင်လည်း ၂၄ နာရီပတ်လုံး ပစ်ချင်တဲ့အချိန်ပစ်တယ်။ ဆောင်းတွင်းမှာတောင် ဒီဇင်ဘာ၊ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလလောက်ပဲ မိုးကြိုးပစ်မှုနဲ့ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်တွေ လျော့ပါးတာကို တွေ့ရတယ်။ အခုချိန်မှာ လူမှုဝန်ထမ်းကနေ ရရှိတဲ့အချက်အလက်တွေအရ ကျွန်တော်တို့ သိထားသလောက် တစ်နှစ်ကို လူ ၂၀၀ ကနေ ၄၀၀ အကြား မိုးကြိုးကြောင့် သေကျေပျက်စီးနေရတယ်။ ဒါက ဌာနကို သတင်းပို့လို့ စုဆောင်းထားတဲ့အချက်အလက်ပါ။

ဒီလိုသတင်းမပေးတဲ့ ဖြစ်စဉ်တွေ ဘယ်လောက်ရှိမလဲဆိုတာ မသိနိုင်ဘူး။ ဒါကြောင့် ဒီ့ထက်များမယ်လို့ ခန့်မှန်းရပါတယ်။ လွယ်လွယ်နားလည်အောင်ပြောရရင် မိုးကြိုးပစ်တယ်ဆိုတာ နေရာတစ်ခုရဲ့ အမြင့်ဆုံးနေရာကို ပစ်ချတာပဲ။ မိုးတိမ်တောင်တွေကနေ ဖြစ်တယ်။ ဒါကြောင့် မိမိတို့ဒေသတွေမှာ မိုးတိမ်တောင်တွေစုဖွဲ့လာရင် သတိထားဖို့ လိုတယ်။ လေပြင်းတိုက်နိုင်သလို မိုးကြိုးပစ်နိုင်တယ်။ နွေရာသီ မိုးလေကင်းလွတ်တဲ့ ကာလဆိုရင်တော့ သတိထားဆင်ခြင်နိုင်ပေမယ့် မိုးတွင်းမှာဆိုရင်တော့ မိုးခြိမ်းသံကို နားထောင်နေဖို့တော့ လိုအပ်မယ်။ အများစုက လယ်ကွင်းလို၊ ကွင်းပြင်တွေမှာ သွားလာကြသူတွေ ထိခိုက်ကြရတဲ့အတွက် မိုးခြိမ်းသံကြားရင် နီးစပ်ရာ လုံခြုံစိတ်ချရတဲ့နေရာကို သွားနေမယ်။ ငြိမ်သက်စွာနဲ့ မြေပြင်မှာ တစ်သားတည်းဖြစ်အောင်နေမယ်၊ လယ်ကွင်းတွေဘေးက လယ်ကန်သင်းမြောင်းတွေဆီမှာ ဝပ်နေမယ်ဆိုရင်တော့ သက်သာရာ ရနိုင်မယ်။

| ယနေ့ ဈေးကွက်ပေါက်ဈေးများ | | | |
|---|---|---|---|
| ၂၉-၅-၂၀၁၈ | | | |
| **ရွှေ** | | | |
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| (အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်) | | | |

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅/၉၃၀ ကျပ် |
| (မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်) | |

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၃ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၆၄ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၁ ·၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၂၀ ·၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၉ ·၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ ·၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ ·၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၈၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ·၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၁ ·၀၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၃ |
| (ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်) | | |

ခင်ရတနာ-စုစည်းသည်။

# ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ်ရှောင် ပြည်တွင်းရေကြောင်းသင်္ဘောများ ခေတ္တရပ်နား

**စစ်တွေ မေ ၂၉**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ မေ ၂၉ ရက်တွင် ခေတ္တရပ်နားထားကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက စစ်တွေမြို့ကိုအခြေပြုပြီး ကမ်းရိုးတန်းပြေးဆွဲနေတဲ့ ခရီးသည်တင်သင်္ဘောတွေနဲ့ ပင်လယ်ပြင်သွားလာနေတဲ့ သင်္ဘောတွေကို မေ ၂၈ ရက် ညနေမှစပြီးတော့ ရောက်နေတဲ့နေရာတွေမှာ ဘေးကင်းလုံခြုံစွာ ရပ်တန့်ထားဖို့ သက်ဆိုင်ရာ ရေယာဉ်အသင်းတွေကို ဖုန်းဆက်ပြီး အကြောင်းကြားထားပါတယ်၊ ဒီနေ့ မနက်ပိုင်းကတော့ စာထွက်ပြီးတော့လည်း ရေယာဉ်အသင်းတွေကို မုန်တိုင်းဖြတ်ကျော်မယ့် အခြေအနေကြောင့် ရောက်ရှိနေတဲ့နေရာတွေမှာ ဘေးကင်းလုံခြုံစွာ ခိုလှုံရပ်တန့်ထားဖို့ ညွှန်ကြားထားပါတယ်"ဟုရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ပြောသည်။

"ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကတော့ ကျွန်တော်တို့ဆီကို မုန်တိုင်းအန္တရာယ်ရှိတယ်လို့ အကြောင်းကြားထားပါတယ်၊ ကျွန်တော်တို့ကလည်း သတင်းအချက်အလက်တွေကို နားထောင်စောင့်ကြည့်နေပါတယ်၊ အခုလို သိရတဲ့အတွက် သင်္ဘောတွေကို မထွက်ခွာဘဲ ရပ်နားထားပါတယ်၊ ကျွန်တော်တို့ စစ်တွေကထွက်သွားတဲ့ ခရီးသည်တင် မလိခအမြန်ရေယာဉ်တွေကတော့ အခု ကျောက်ဖြူနဲ့ မင်းပြားမှာ ရပ်နားနေပါတယ်၊ အခုလို မုန်တိုင်းရှိတဲ့အတွက် ခရီးသည်တွေ သွားလာရတာ အခက်အခဲရှိတာပေါ့၊ ဒါကြောင့် ရာသီဥတုအမြန်ပြန်ကောင်းလာဖို့ပဲ ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု စစ်တွေမြို့ကို အခြေပြုပြီး ပြေးဆွဲ နေသည့် မလိခအမြန်ရေယာဉ်မှ လက်ထောက်မန်နေဂျာ ကိုစိုးမိုးလင်းက ပြောကြားသည်။

မြေပုံမြို့မှ ဦးမောင်တင်လှက "မုန်တိုင်းရှိတယ်လို့ သတင်းကြားရပါတယ်၊ မိုးတွေလည်း ရွာနေပါတယ်၊ မြစ်ကမ်းနားသွားကြည့်တော့ လှိုင်းကတအားထန်နေတယ်၊ ကျွန်တော်တို့က ရေလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသူတွေဆိုတော့ ငါးမဖမ်းရရင် စားဝတ်နေရေး အခက်အခဲဖြစ်တာပေါ့၊ ဒါကြောင့် မုန်တိုင်းအမြန်ပျက်ပြယ်သွားဖို့ပဲ ဆုတောင်းနေရတယ်"ဟု ပြောကြားသည်။

မုန်တိုင်း၏အရှိန်ကြောင့် စစ်တွေမြို့ကို အခြေပြုပြီး ပြေးဆွဲနေသော ခရီးသည်တင် သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ ခေတ္တရပ်နားထားရပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် လိုက်လံသတိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်မည့် မုန်တိုင်းငယ်သတိပေးချက်ကြောင့် ရခိုင်ပြည်နယ်အတွင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်ထားရှိ

မောင်တော မေ ၂၉

**ဘင်္ဂလားပင်လယ်အော်အတွင်းမှ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ ရခိုင်ပြည်နယ်အလယ်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ သတိပေးချက်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ ခုတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိကြောင်း ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရသည်။**

ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် မောင်တောမြို့နယ်အတွင်း အများပြည်သူ ဘေးကင်းစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်၍ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ မောင်တောမြို့ပေါ်ရပ်ကွက်များ၌ မုန်တိုင်းသတိပေးချက်များ လှည့်လည်ကြေညာပေးနေသည်ကို တွေ့ရှိရသည်။

အလားတူ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ လက်ထောက်မီးသတ်ဦးစီးမှူး အောင်သန်းဝင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များ ဘူးသီးတောင်မြို့ပေါ်တွင် မုန်တိုင်းသတိပေးချက်များ လှည့်လည်ကြေညာခဲ့ကြောင်း သိရသည်။



မုန်တိုင်းဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူက ညွှန်ကြားနေစဉ်။

မုန်တိုင်းဖြစ်ပေါ်လာပါက အရေး ပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍ မောင်တောခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးသန့်ဇင်က "မုန်တိုင်းအရေးပေါ် သတ်မှတ်ချက်ကြောင့် ဒီမနက်ပိုင်းမှာ မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ် အတွင်းမှာရှိတဲ့ ပြည်သူတွေကို ကြိုတင်ပြီး မိုးလေဝသ သတိပေးချက်တွေကို အသံချဲ့စက်နဲ့ အသိပေးနှိုးဆော်တာတွေ လုပ်နေပါတယ်၊ ခရိုင်အတွင်းမှာရှိတဲ့ မီးသတ်စခန်းတွေမှာလည်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၀၅ ဦးကို အသင့်အနေအထားနဲ့ စုဖွဲ့ထားပါတယ်၊ မိုးလေဝသအခြေအနေပေါ် မူတည်ပြီးတော့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ရဲ့လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်"ဟု ပြောကြားသည်။





မောင်တောမြို့ပေါ်၌ မုန်တိုင်းသတိပေးချက်များ နှိုးဆော်သတိပေးနေသည်ကို တွေ့ရစဉ်။

အလားတူ စစ်တွေမြို့နှင့် မာန်အောင်မြို့နယ် ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များစုပေါင်း၍ ဖြစ်ပေါ်လာနိုင်မည့် မုန်တိုင်းအန္တရာယ်အတွက် အသိပညာပေးဆိုင်းဘုတ်များနှင့် မုန်တိုင်းသတိပေးအလံထောင်ခြင်းများကို ရပ်ရွာလူထုအန္တရာယ်ကင်းရှင်းနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းအရေးပေါ်အခြေအနေကြောင့် မောင်တောမြို့မှ စစ်တွေမြို့သို့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း ခေတ္တရပ်ဆိုင်းထားရကြောင်း သိရသည်။ အဆိုပါ အခြေအနေနှင့် ပတ်သက်၍ မောင်တော-စစ်တွေ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသည့် ကိုအောင်ကိုက "အရေးပေါ်မုန်တိုင်း သတိပေးချက်ကြောင့် တာဝန်ရှိသူတွေအနေနဲ့ ဒီနေ့ကစပြီးတော့ သုံးရက်တိတိ မောင်တောကနေ အငူမော် သွားတဲ့ ခရီးစဉ်တွေနဲ့ အငူမော် - စစ်တွေ ရေကြောင်းခရီးစဉ်တွေကို ဆိုင်းငံ့ထားပါတယ်၊ အဲလိုမျိုး ဆိုင်းငံ့ထားပေမယ့် ရာသီဥတုစိတ်ချရတဲ့အနေအထား ဖြစ်တယ်ဆိုရင်တော့ ခရီးစဉ်တွေကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ည ၉ နာရီ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression)သည် မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းကို အမ်းမြို့အနီးမှ စတင်ဖြတ်ကျော် ဝင်ရောက်လျက်ရှိပြီး အညိုရောင်အဆင့်ဟု သတ်မှတ်ကြောင်း သိရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် ရခိုင်ကမ်းရိုးတန်းကို အမ်းမြို့အနီးမှ ဖြတ်ကျော်ဝင် ရောက်ပြီးနောက် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် မေ ၂၉ ရက်မှ ၃၁ ရက်အတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **သတင်း - ဇင်ဦး၊ နိုင်လင်းကြည်၊ ဓာတ်ပုံ - သီဟစည်သူ**


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန်ကုန်တိုင်းကိုယ်စားပြု Miss Universe Yangon အဖြစ် ယှဉ်ပြိုင်မည့် နေသီရိထွန်း

**ကော့သောင်းသူလေး နေသီရိထွန်းကို ပရိသတ်က သီလိဟူ၍ ချစ်စနိုးခေါ်ကြသည်။ တိုင်းရင်းသူမို့ စကားသံဝဲဝဲဖြင့် မိမိကိုယ်ကို သီရိဟု သုံးနှုန်းသည်ကို ပရိသတ်က သီလိဟူ၍ လက်ခံလာကြသည်။ ၂၀၁၆ ခုနှစ်က Miss Southeast Asia ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး 2nd Runner Up အထိ တက်လှမ်းနိုင်ခဲ့သူတစ်ဦးလည်းဖြစ်ကာ ထိုပြိုင်ပွဲယှဉ်ပြိုင်စဉ်က ဒိုင်များ၏ ကျေနပ်အားပေးမှုကို ရရှိခဲ့သည့် နေသီရိထွန်းက Miss Universe Yangon 2018 ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်တော့မည်ဖြစ်ရာ ဒုတိယအကြိမ်အဖြစ် အလှမယ်ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့ခြင်းအပေါ် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**

**မေး ။ ။ နေသီရိထွန်းရဲ့ ပထမအကြိမ် ပြည်ပမှာသွားရောက်ယှဉ်ပြိုင်တဲ့ Miss Southeast Asia 2016 အတွေ့အကြုံကို ပြောပြပါဦး။**

ဖြေ ။ ။ ပထမဆုံးလည်းဖြစ်တယ်ဆိုတော့ တော်တော်တော့ စိတ်လှုပ်ရှားခဲ့တယ်။ အဲဒီတုန်းက အရှေ့တောင်အာရှနိုင်ငံအချင်းချင်း ပိုပြီးရင်းနှီးချစ်ကြည်ဖို့အတွက် ယဉ်ကျေးမှုတွေ၊ အလှတရားတွေနဲ့ ရိုးရာဓလေ့တွေကို အချင်းချင်း ဖလှယ်နိုင်အောင် ကျင်းပတဲ့ပွဲလည်းဖြစ်ပါတယ်။ အများကြီးပြင်ဆင်သွားခဲ့သလို ဆုလည်း ထိုက်သင့်သလောက်ရရှိခဲ့တဲ့အတွက် ဝမ်းသာမိခဲ့ပါတယ်။

**မေး။ ။ အခု Miss Universe Yangon 2018 ကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပုံကိုလည်း ပြောပြပါဦး။**

ဖြေ ။ ။ မော်ဒယ်လ်တစ်ယောက်အဖြစ် ရပ်တည်တဲ့နေရာမှာ အလှမယ်ပြိုင်ပွဲတွေဟာလည်း ကိုယ့်အတွက် အားအင်တစ်ခုဖြစ်ပါတယ်။ ဝါသနာအရ မော်ဒယ်လ်တစ်ယောက်အဖြစ် ရွေးချယ်ထားခဲ့ပြီးဖြစ်တဲ့အတွက် အခု အခွင့်အရေး ရလာတဲ့အခါမှာလည်း ထပ်ပြီးယှဉ်ပြိုင်လိုတဲ့စိတ်ကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ မိတ်ဆွေ၊ အပေါင်းအသင်းတွေနဲ့ ဆရာသမားတွေကလည်း အားပေးခဲ့ကြတယ်။ သီရိတို့ပြိုင်ပွဲက ဒီလ ၁၀ ရက်ဆိုရင် စပါတော့မယ်။

**မေး။ ။ အလှမယ်တစ်ယောက်အနေနဲ့ ထားရမယ့် စိတ်နေစိတ်ထားနဲ့ အလှတရားကဘာများလဲဗျ။**

ဖြေ ။ ။ အလှမယ်တစ်ယောက်ဟာ နိုင်ငံနဲ့ လူမျိုးကိုလည်း ကိုယ်စားပြုရမှာပါ။ အားလုံးအပေါ် မျှဝေတတ်တဲ့စိတ်၊ အလှတရားတွေ၊ မေတ္တာတရားတွေကို မျှဝေတတ်တဲ့စိတ်ထားရှိပြီး ရပ်ပိုင်းဆိုင်ရာမှာလည်း သူများကို စိတ်ကျေနပ်မှု၊ အေးချမ်းမှုတွေ ပေးနိုင်တဲ့ အလှတရားရှိဖို့တော့ လိုအပ်မယ်ထင်ပါတယ်။

**မေး။ ။ အခုပြိုင်ပွဲအတွက် လက်ရှိပြင်ဆင်နေတာတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ လက်ရှိမှာတော့ Body Beauty အတွက် အကောင်းဆုံး ကြိုးစားလေ့ကျင့်တယ်။ ပြိုင်ပွဲမှာပါတဲ့ Talent Show အတွက်လည်း ပြင်ဆင်နေပါတယ်။ အဲဒီအတွက်တော့ အားလုံးကို အံ့အားသင့်စေချင်တဲ့ ဖျော်ဖြေမှုပုံစံလေးတွေပါမှာပါ။

**မေး။ ။ အခုပြိုင်ပွဲအတွက် နေသီရိထွန်းရဲ့ မျှော်လင့်ချက်ကိုလည်း ပြောပြပါဦး။**

ဖြေ ။ ။ မျှော်လင့်ချက်ထက် သီရိအကောင်းဆုံးကြိုးစားဖို့ အကောင်းတကာ့အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပါတယ်လို့၊ သီရိကို အားပေးပါလို့ ပြောချင်ပါတယ်။



**ကိုလင်း**

# ၁၂ နှစ်သက်တမ်းရှိ သံစဉ်များနှင့်ကမ္ဘာ Melody World အစီအစဉ်ရပ်ဆိုင်းမည်

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့သော 'သံစဉ်များနဲ့ ကမ္ဘာ' (Melody World) သီချင်းဆို ပြိုင်ပွဲကို ရာသီပွဲစဉ်တစ်ခုလျှင် ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၇၀၀၀နီးပါးဖြစ်လာသဖြင့် ရေရှည်ရပ်တည်ရန် မလွယ်ကူတော့ခြင်းကြောင့် ၁၂ နှစ်တိုင်တိုင်ကျင်းပအပြီး ရပ်နားတော့မည်ဖြစ်ကြောင်း သိရှိရသည်။

"ကျွန်တော်တို့ရဲ့ပြိုင်ပွဲကြီးကို ဒီနှစ် ၂၀၁၈ အကုန်မှာ အပြီးတိုင် ရပ်နားရပါတော့မယ်၊ ကြော်ငြာတွေလည်း မရတော့ပါဘူး၊ ပြိုင်ပွဲအတွက် အဓိက ပံ့ပိုးကူညီပေးမယ့် လုပ်ငန်းရှင်တွေလည်း မရတော့ အရှုံးပေါ်နေခဲ့တာ ကြာပါပြီ၊ ၂၀၁၆ ခုနှစ် ကတည်းက ကျွန်တော်တို့ စပြီး အရှုံးနဲ့ ရင်ဆိုင်ဖြတ်သန်းနေရတာပါ၊ ပြန်များထူထောင် လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကြိုးစားကြည့်ခဲ့ပေမယ့် လုံးဝမရပ်တည်နိုင်တဲ့ အနေအထားမို့ပါ၊ လူငယ်တွေကို အောင်မြင်မှုရရှိအောင် ကျွန်တော်တတ်နိုင်တာလေးနဲ့ ဆက်ပြီး ပံ့ပိုးပေးခဲ့ချင်ပေမယ့် တောင့်မခံနိုင်တော့တဲ့ အဆုံးမှာ အခုလို ဆုံးဖြတ်လိုက်ရပါတယ်"ဟု စီစဉ်သူ ကိုချို့ပြုံးက ပြောသည်။

မြန်မာနိုင်ငံတွင် ယခုခေတ်ရေစီးကြောင်းအရ ရုပ်သံဌာနတိုင်းနီးပါးတွင် အဆိုပြိုင်ပွဲများကို လက်ခံကျင်းပလျက်ရှိနေပြီဖြစ်ပြီး နိုင်ငံရပ်ခြားပြိုင်ပွဲများနည်းတူ ကျင်းပနေကြကြောင်း၊ သံစဉ်များနှင့်ကမ္ဘာကိုလည်း အခြားရုပ်သံလိုင်းများမှ သီချင်းဆိုပြိုင်ပွဲများနည်းတူ မြှင့်တင်လိုသော်လည်း ကြော်ငြာများ မရရှိခြင်း၊ ကိုယ်ပိုင်တီဗွီချန်နယ် ပိုင်ဆိုင်ထားခြင်းမဟုတ်သည့်အတွက် စိတ်ကြိုက်ဖန်တီးခွင့်ရရှိရန် ခက်ခဲကြောင်း သူက ဆက်လက်ပြောကြားသည်။

"အနုပညာသမားတွေ ကျွန်တော်ဘယ်လောက်မွေးထုတ်ထုတ် ကျွန်တော့်ကို ပရိသတ်က ပြန်ပြီးအားပေးမှ ရမှာကို၊ ကျွန်တော်တို့ကို ကူညီမယ့်သူကလည်း ကြာတော့ ဘယ်တတ်နိုင်မလဲ၊ ဒါကိုလည်း ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်က ပြိုင်ပွဲတစ်ခုကို တစ်နှစ်လောက် အချိန်ယူပြီး လုပ်ခဲ့တယ်၊ ပြီးရင် ဆုရရှိသူအားလုံးကို အခွေထုတ်ပေးရတယ်၊ အခွေတင်ပဲ ငွေကျပ်သိန်း ၄၀၀ လောက် ကုန်ကျပါတယ်၊ တစ်နှစ်တာ အားလုံး စရိတ်တွေပေါင်းလိုက်ရင် ငွေကျပ်သိန်း ၇၀၀၀ ဝန်းကျင် ကုန်ကျတယ်"ဟု ကိုချို့ပြုံးက ပြောသည်။



အဆိုပါ ပြိုင်ပွဲသည် မြန်မာသီချင်းဆိုပြိုင်ပွဲများတွင် နာမည်ရပြိုင်ပွဲဖြစ်ပြီး နာမည်ကြီး အဆိုတော်များဖြစ်သည့် ချမ်းချမ်း၊ အိုင်ရင်းဇင်မာမြင့်၊ နီနီခင်ဇော်၊ ခင်စုစုနိုင် စသည့် အမျိုးသမီးအဆိုရှင်များအပြင် များစွာသော ဂီတလူငယ်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။

"ပြိုင်ပွဲကနေ ဆုရပြီး ဂီတလောကထဲမှာ အောင်မြင်နေကြတဲ့ ကလေးတွေကို တွေ့နေရတာဝမ်းသာတယ်၊ ပျော်ပါတယ်၊ ပီတိလည်း ဖြစ်ရတာပေါ့ဗျာ၊ သူတို့ကို ဆုရပြီး ကျန်တာဘာတစ်ခုမှ မလုပ်ပေးနိုင်ခဲ့ဘူး၊ သူတို့ဘာသာသူတို့ အောင်မြင်မှုလမ်းကြောင်းကိုရှာတယ်၊ သီချင်းတွေဆက်ဖန်တီးကြတယ်၊ ကျွန်တော်လည်း သူတို့ကို ပြန်ခေါ်ပြီး ဒီပြိုင်ပွဲအတွက် တစ်ခုခုပြန်လုပ်ပေးဖို့ မတောင်းဆိုခဲ့ဖူးပါဘူး" ဟု သူက ဆက်ပြောသည်။

၁၂ နှစ်တိုင်တိုင် အောင်မြင်စွာလုပ်ဆောင်ခဲ့သော ယင်းပြိုင်ပွဲသည် သီချင်းဆိုပြိုင်ပွဲတစ်ခု၏ သက်တမ်းအကြာဆုံးပွဲတစ်ခု ဖြစ်ခြင်းကြောင့် ကျေနပ်ဝမ်းသာမိကြောင်း၊ ထပ်မံ၍ စပွန်ဆာများက ကမ်းလှမ်းလာမည်ဆိုပါက စဉ်းစားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# တိုင်းရင်းသားတစ်ယောက်မို့စကားပြောရာတွင် အမှားပါမည်ကို စိုးရိမ်နေတဲ့ ဩဘာ

**အဆိုတော် နီနီခင်ဇော်၏ 'ဂယ်ဘဲဂယ်ဘဲ' သီချင်းကို အားလုံးသိရှိကြမည်ဟု ထင်ပါသည်။ ထိုတေးသီချင်းထဲတွင် အမူအရာနွဲ့နှောင်းကာ အလှအပကြိုက်တတ်သော ကောင်လေးတစ်ယောက်အဖြစ် ပီပြင်စွာသရုပ်ဆောင်ရင်း ပရိသတ်သတိထားမိလာသည့် သရုပ်ဆောင် ဩဘာ က ဇွန်၈ ရက်တွင် ရုံတင်ပြသမည့်၊ Top One ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးသော 'လက်စားချေနတ်သမီး' ရုပ်ရှင်ဇာတ်ကားတွင် ဖြိုးငွေစိုး ၊ သက်မွန်မြင့်တို့နှင့်အတူ အဓိကနေရာက ပါဝင်ထားသည်။**

"ကျွန်တော့်ကို ပရိသတ်တွေက မနီနီခင်ဇော် သီချင်းလေးနဲ့ စပြီး သတိထားမိခဲ့ကြပါတယ်၊ ဒီအနုပညာအလုပ်ကို စလုပ်ဖြစ်တာလည်း ဒီသီချင်းလေးပါပဲ၊ ကျွန်တော် မော်ဒယ်တစ်ယောက်အဖြစ်နဲ့ ဆရာဌေးမင်းထွန်းဆီမှာ တက်ရောက်နေတုန်း မနီနီခင်ဇော်သီချင်းမှာ သရုပ်ဆောင်ဖို့ ရွေးချယ်ခံခဲ့ရတယ်။



"နောက်ပိုင်းမှာ ထုတ်လုပ်ရေးတစ်ခုကနေ သရုပ်ဆောင်အသစ်တွေနဲ့ တစ်ကားလောက်ရိုက်မယ်ဆိုပြီး လူတွေ့စစ်တဲ့အခါ ကျွန်တော့်ကိုရွေးခဲ့တယ်၊ ဒါပေမယ့် ကျွန်တော် ကံဆိုးတယ်လို့ပြောရမယ်ထင်တယ်၊ အဲဒီထုတ်လုပ်ရေးက ငွေကြေးမတတ်နိုင်တော့တာမို့ ရပ်လိုက်တယ်၊ ဒါကို ကျွန်တော့်မိသားစုက သိသွားတဲ့အခါ တကယ်ကိုစိတ်မကောင်းဖြစ်နေကြတယ်၊ ဒါကြောင့် ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်ဆွေမျိုးတွေ စုပေါင်းပြီး ဒီဇာတ်ကားကို ရိုက်ခဲ့ကြတာပါ၊ အစကတော့ စာရေးဆရာကြီး ချစ်ဦးညို့ရဲ့ ဝတ္ထုကို ပြန်ရိုက်ဖို့ ရည်ရွယ်ထားခဲ့ပါတယ်၊ ဒါပေမယ့် အကြောင်းကြောင်းကြောင့် ပျက်သွားတယ်၊ ကိုညိုမင်းလွင်က သူ့ဆီမှာ ဒီဇာတ်လေး ရှိတယ်၊ ရိုက်မလားဆိုပြီး ကူညီတာနဲ့ အခုလို အဆင်ပြေပြေနဲ့ ရိုက်ကူးဖြစ်ခဲ့တယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဇာတ်ကားသည် ၂၀၁၆ ခုနှစ်ကတည်းက စတင်ဖန်တီးခဲ့သော ဇာတ်ကားဖြစ်ပြီး ယနေ့ခေတ်လူငယ်များကြားတွင် ဖြစ်တတ်သော အကြောင်းအရာလေးများကို တင်ဆက်ထားသော အချစ်၊ အမုန်း ဇာတ်ကားတစ်ကားဖြစ်သည်။

"ဒီကားက ထုတ်လုပ်သူဘက်က ကြည့်ရင်တော့ ရှုံးမလား၊ မြတ်မလားဆိုတာ သေချာမသိတဲ့ ကားတစ်ကားပါ၊ ပြီးတော့ ဒီကားက ကျွန်တော်တို့ ဒီဘက်ခေတ် လူငယ်တွေပြောသလို ပေါ်ကားလည်း မဟုတ်ဘူး၊ ဇာတ်ကားအကြောင်းအရာလေးက ကောင်းတယ်လို့ပြောလို့ရပါတယ်၊ နောက်ထပ်လည်း ဒီလိုကားမျိုးရိုက်ဖို့ဆိုတာ လွယ်တော့မလွယ်ဘူး၊ ထုတ်လုပ်သူတွေအနေနဲ့ ဒီလိုမျိုးဇာတ်လေးတွေကို ရိုက်သင့်တယ်လို့ ကျွန်တော်ကတော့ထင်ပါတယ်၊ ကျွန်တော် ရုပ်ရှင်ကားကြီးဆိုရှေ့မှာရိုက်ခဲ့တာ သုံးကားလောက်ရှိတယ်၊ ဒီကားကြီးကတော့ ကျွန်တော့်ရဲ့ ပွဲဦးထွက်ဇာတ်ကားတစ်ကားလို့ ပြောလို့ရပါတယ်၊ ကျွန်တော်က အားလုံးထဲမှာ အသစ်တစ်ယောက်လိုဖြစ်နေတော့ အားနည်းချက်တွေ ရှိလာနိုင်ပါတယ်၊ ဒါကြောင့်မို့ နားလည်ပေးစေချင်တယ် " ဟု သရုပ်ဆောင် ဩဘာက ပြောသည်။

မြိတ်မြို့ဇာတိ ဖခင်နှင့် မွန်အမျိုးသမီး မိခင်တို့က မွေးဖွားလာခဲ့သည့်အတွက် စကားပြောရာတွင် အသံမှာ တိုင်းရင်းသားသံဝဲနေသဖြင့် ခက်ခဲကြောင်း၊ ဟယ်လိုဟု ပြောဖို့အတွက်ပင် နာရီပေါင်းများစွာ လေ့ကျင့်ခဲ့ရကြောင်း၊ မိမိ၏ အခက်အခဲများကို အကယ်ဒမီ သက်မွန်မြင့်က ကူညီအားပေးခဲ့ခြင်းကြောင့် ကျေးဇူးတင်မိကြောင်း၊ ပရိသတ်များကလည်း နားလည်ပေးရန် မျှော်လင့်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**ကိုလင်း**

# မစ္စယူနီဗာ့စ်ရန်ကုန် ၂၀၁၈ ပြိုင်ပွဲ ဇွန် ၁၀ ရက်တွင် ကျင်းပမည်

**Miss Universe Yangon 2018 ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးချယ်ခံရသော ဆန်ခါတင်အလှမယ် ၂၄ ဦးအား မီဒီယာများထံ အပ်နှံခဲ့ကြောင်း သိရသည်။**




"ကျွန်တော်တို့ ဒီနေ့ပွဲကတော့ Miss Universe Yangon ပြိုင်ပွဲဝင် လျှောက်လွှာတင်ထားတဲ့အထဲက ၂၄ ဦး ရွေးချယ်ထားတာကို မိတ်ဆက်ပေးတာဖြစ်ပါတယ်၊ ဒီ ၂၄ ဦးကတော့ ရန်ကုန်တိုင်းဒေသကြီးက ခရိုင်လေးခုကို ကိုယ်စားပြုရွေးချယ်တာပဲ ဖြစ်ပါတယ်၊ သူတို့ အရည်အချင်းပြည့်ဝ သူတွေကို ကျွန်တော်တို့ ရွေးချယ်မိတ်ဆက်တာဖြစ်ပါတယ်၊ အရင်ပြိုင်ပွဲ တွေတုန်းက ဆုရခဲ့တဲ့အလှမယ်တွေအပြင် ဖိုလစ်ပိုင်မှာ လေ့လာသင်ယူ ခဲ့သူတွေကလည်း လိုအပ်တာတွေကို သင်ကြားပို့ချပေးမှာဖြစ်ပါတယ်၊ မြန်မာပြည်အတွင်းမှာရှိတဲ့ တန်ခိုးကြီးဘုရားတွေ၊ သဘာဝအလှတရားတွေနဲ့ ဆင်စခန်းတို့လို နေရာမျိုးတွေကို သွားရောက်ဖို့စီစဉ်နေပါတယ်၊ ရန်ကုန်တိုင်းအတွက် ခရိုင်လေးခုက အလှမယ်လေးဦး ရွေးချယ်ပေးမှာဖြစ်ပါတယ်" ဟု Miss Universe Yangon Organization မှ ဦးမျိုးမင်းက ပြောသည်။

**ကျင်းပသွားမည်**

အဆိုပါ ပြိုင်ပွဲဝင်လျှောက်လွှာ ၃၀၀ ကျော်ထဲမှ ၂၄ ဦးအား ရွေးချယ်ထားပြီး ၎င်းနောက်ဆုံး Final ပြိုင်ပွဲကို ဇွန် ၁၀ ရက် Sky Star Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။ မစ္စယူနီဗာ့စ်ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး မစ္စယူနီဗာ့စ်မြန်မာအဖြစ် နိုင်ငံကိုယ်စားပြုကို မကြာမီရွေးချယ်သွားမည်ဖြစ်သည်။ Miss Universe Myanmar ပြိုင်ပွဲများတွင် အလှမယ် မိုးစက်ဝိုင်၊ အလှမယ် သျှားထွဋ်အိန္ဒြာ၊ အလှမယ် မေဘရဏီသော်၊ ထက်ထက်ထွန်း၊ အလှမယ် ဇွန်သံစဉ်နှင့်အလှမယ် နှင်းသွေးယုအောင်တို့က အသီးသီး ဆွတ်ခူးခဲ့ပြီး Miss Universe ပြိုင်ပွဲကြီးများသို့ သွားရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

**ကိုလင်း**

# နိုင်ငံတကာ အနုပညာသတင်း

## အေမီနမ်နဲ့ နစ်ကီတို့ကချစ်သူတွေလား၊ သူငယ်ချင်းတွေလား

ရက်ပ်ပါတွေဖြစ်တဲ့ အေမီနမ် နဲ့ နစ်ကီမင်နာ့ဂျ်တို့ဟာ ချစ်သူအစစ်တွေရောဟုတ်ကြလား၊ အေမီနမ်နဲ့ ရင်းနှီးတဲ့ သတင်းအရင်းအမြစ်တစ်ခုကတော့ အေမီနမ်နဲ့ နစ်ကီတို့ဟာ တစ်ဦးနဲ့တစ်ဦး စွဲစွဲလမ်းလမ်းရှိကြပေမယ့် သူငယ်ချင်းသံယောဇဉ်ကိုသာ ပိုပြီး အလေးထားတယ်လို့ ဟောလိဝုဒ်လိုက်ဖ်ကိုပြောပါတယ်။ အေမီနမ်ဟာ အသက် ၄၅ နှစ်ရှိပြီဖြစ်ပြီး နစ်ကီမင်နာ့ဂျ် ကတော့ ၃၅ နှစ်ပါ။ အေမီနမ်နဲ့ နစ်ကီနှစ်ဦးစလုံးဟာ သူတို့နှစ်ယောက် ချစ်နေကြတယ်ဆိုတဲ့ ကောလာဟလတွေကို ဟာသလုပ်ချင်လည်း လုပ်နေကြမှာပါ။ သူတို့နှစ်ဦးစလုံးနဲ့ ရင်းနှီးတဲ့သတင်းအရင်းအမြစ်တစ်ခုကတော့ နစ်ကီနဲ့ အေမီနမ်ဟာ သူတို့သီချင်းခွေအတွက် တပူးတွဲတွဲလုပ်နေကြပေမယ့် သူတို့ဟာ ချစ်သူတွေ မဟုတ်ကြပါဘူး။ သူငယ်ချင်းအစစ်တွေပါလို့ပြောခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ အပြင်မှာ တကယ်တွဲကြရင် ဒါဟာ ဒုက္ခရောက်စေတဲ့အချစ်ပဲဖြစ်မယ်ဆိုတာကို နှစ်ဦးစလုံးက သိထားကြတယ်လို့လည်း ၎င်းကဆက်ပြောပါတယ်။ ရက်ပ်ပါနှစ်ယောက်စလုံးဟာ အလုပ်အတူတွဲလုပ်ကြပြီး ရိုးရိုးသားသား သူငယ်ချင်းသံယောဇဉ်သာ ရှိကြတာပါ၊ အေမီနမ်ဟာလည်း သူ့ဘဝမှာ အလွန်အကျွံဖြစ်တဲ့ အချစ်မျိုးမလိုချင်ပါဘူး။ နစ်ကီရော အေမီနမ်ပါ နှစ်ယောက်စလုံးဟာ သူတို့ရဲ့ခင်မင်မှုပျက်စီးသွားမှာကို မလိုလားကြပါဘူးလို့ ၎င်းကပဲ ဆက်လက်ပြောပါတယ်။

လက်ရှိအခြေအနေမှာတော့ အေမီနမ်နဲ့ နစ်ကီတို့ဟာ သူငယ်ချင်းတွေ အဆင့်ပဲရှိသေးတယ်။ ဒါပေမယ့် အနာဂတ်မှာတော့ သူတို့နှစ်ဦးတကယ်ပဲချစ်သူတွေ ဖြစ်သွားကြမှာလားဆိုတာတော့ မသိပါဘူး။လတ်တလောမှာတော့ အေမီနမ်ဟာ နစ်ကီနဲ့ စုံတွဲခုတ်ချင်ပြီး ဒီနှစ်ယောက်တကယ်ပဲ ချစ်သူတွေ ဖြစ်သွားကြမလားဆိုတာကတော့ အချိန်ကပဲ အဖြေပေးသွားမှာပါ။

**ဟောလိဝုဒ်လိုက်ဖ်**



## ဆီးဗားရက်ဆနိတ် ဇာတ်ကောင်ကို မနှစ်မြို့ဘူးဆိုတာ အလန်ရစ်ခ်မန်းသေဆုံးပြီးမှ သိခဲ့ရ

အလန်ရစ်ခ်မန်းဆိုတာ နာမည်ကျော် ဟယ်ရီပေါ်တာ ဇာတ်လမ်းတွေမှာ ပရော်ဖက်ဆာ ဆီဗားရက်ဆနိတ်အဖြစ် အဓိကဇာတ်ဆောင်ကနေ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ လူပါ။ သူဟာ ၂၀၁၆ ခုနှစ်မှာ ကင်ဆာရောဂါနဲ့သေဆုံးခဲ့ပြီဖြစ်ပါတယ်။ သူဟာ တခြားသော ရုပ်ရှင်ပေါင်းများစွာမှာလည်း သရုပ်ဆောင်ခဲ့ပေမယ့် ပရိသတ်တွေရင်ထဲ စွဲကျန်ခဲ့တာကတော့ ဟယ်ရီပေါ်တာဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အခန်းတွေကိုပါပဲ။ ဒါပေမယ့်လည်း အလန်ရစ်ခ်မန်းဟာ ဟယ်ရီပေါ်တာ ဇာတ်လမ်းမှာ ဆီဗားရက်ဆနိတ်အဖြစ် သရုပ်ဆောင်ရတဲ့ အခန်းတွေကို မနှစ်မြို့ဘူးလို့ သိရပါတယ်။ ဒါကတော့ သူရေးသားခဲ့တဲ့စာတွေကို လေလံတင်ရောင်းချတဲ့အခါ အဲဒီစာတွေမှာ သူ့ဇာတ်ကောင်ကို မနှစ်သက်ကြောင်း ရေးသားထားတာကို တွေ့ရတာပဲဖြစ်တယ်။ ဒါရိုက်တာ ဒေးဗစ်ဟေမင်းက သူ့ဆီရေးသားထားတဲ့စာမှာဆိုရင် "Harry Potter 2 အောင်အောင်မြင်မြင်ရိုက်ကူးပြီးသွားလို့ ကျေးဇူးတင်ပါတယ်၊ မင်းရဲ့ဇာတ်ကောင်ကိုစိတ်ပျက်ပေမယ့် မင်းရဲ့ဇာတ်ကောင်ဟာ ဒီဇာတ်ကားမှာ ချန်ထားလို့မရတဲ့ ဇာတ်ကောင်ဆိုတာ နားလည်စေချင်တယ်"လို့ ရေးသားထားတာကို တွေ့ရပါတယ်။

သူချန်ရစ်ခဲ့တဲ့စာတွေထဲမှာ ဟယ်ရီပေါ်တာ စာရေးဆရာမ ဂျေကေရိုးလင်းနဲ့ ဟယ်ရီပေါ်တာအဖြစ် သရုပ်ဆောင်သူ မင်းသားဒင်နီရယ်ရက်ကလစ်ဖ်တို့ကြား ဆက်ဆံရေးကိုလည်း မြင်နိုင်တဲ့စာတွေပါပါတယ်။ ရစ်ခ်မန်းဟာ အသက် ၆၉ နှစ်အရွယ်မှာ သေဆုံးသွားခဲ့တာလည်းဖြစ်တယ်။

**ဟောလိဝုဒ်လိုက်ဖ်**

ခြုံး

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၃)

# အမှုရွှေ့ဆိုင်းခြင်း



**ဦးဟန်ညွန့် (ဥပဒေ)**

**ရှေ့နေလူငယ်**

ရှေ့နေလူငယ်တပည့်တစ်ဦးက စိတ်ပျက်အားငယ်စွာဖြင့် "ကျွန်တော့်အမှု၊ ဒီနေ့ ချိန်းလိုက်ပြန်ပြီ ဆရာ၊ သက်သေမလာလို့" ဟု အစချီပြီး ညည်းတွားပြောဆိုနေလေသည်။

သက်သေမလာလို့၊ တစ်ဖက်က ရှေ့နေက ခွင့်တိုင်ကြားလို့၊ တရားသူကြီးအစည်းအဝေးရှိလို့၊ ဥပဒေအရာရှိ ခွင့်ယူထားလို့၊ ရဲအရာရှိ လုံခြုံရေးလိုက်သွားလို့ စသည် စသည်ဖြင့် ရက်ချိန်းပျက်တတ်ပါသည်။ အမှုရွှေ့ဆိုင်းတတ်ပါသည်။ ဘယ်လိုဖြစ်ကြတာလဲ။

**အမှုချိန်း**

အမှုချိန်းတစ်ချိန်းပြီးမြောက်အောင်မြင်ဖို့ အချိန်အတော်ယူရသည်။ အားစိုက်ရသည်။ ဘက်စုံထောင့်စုံ ကြည့်ရသည်။ အမှုစစ်ဖို့ လူစုံမှဖြစ်မည်။ တရားသူကြီးတစ်ဦးတည်း လုပ်၍ မရ။ တာဝန်ရှိသူအားလုံးစုံညီပါမှ အလုပ်ဖြစ်သည်။ အားလုံးအသိပါ။




**ရုံးချိန်း**

ရုံးချိန်က မနက် ၁၀ နာရီ (ဆိုကြပါစို့)။ တိတိကျကျ ရုံးထိုင်နိုင်ကြရဲ့လား။ ဟိုလူစောင့် ဒီလူစောင့်၊ ဟိုပုဂ္ဂိုလ်က နောက်ကျ၊ ဒီပုဂ္ဂိုလ်က မရောက်သေး။

တရားခံ အချုပ်က မလာသေး။ အကျဉ်းဦးစီးက ထောင်ထုတ်မရောက်သေး။ ကားပျက်လို့။ ဘာဖြစ်လို့။ ညာဖြစ်လို့။သက်သေ ဆရာဝန်က ခဏစောင့်ပါ။ ခွဲစိတ်ခန်းထဲ ဝင်နေရ၍ ... တဲ့။

ထိုအခါ ရုံးချိန် မမှန်။ တစ်နေ့နောက်ကျ။ နှစ်နေ့ နောက်ကျ။ နောင်တွင် အမြဲနောက်ကျ။ ရုံးနောက်ကျတာ၊ ရုံးချိန်နောက်ကျတာ အစဉ်အမြဲ(ထုံးစံ) ဖြစ်သွားပြီ။ ဘယ်သူကမှ အရေးမလုပ်၊ ဘာမှမပြောတော့ပါ။

**ရွာက အမှုသည်တွေ**

နယ်တွေမှာ ပို၍ဆိုးနေသလား။ သင်္ဘောတစ်တန်၊ ကားတစ်တန်၊ လှေတစ်တန်၊ ခြေကျင်တစ်မျိုး။ အစုံအလင်ဖြင့် တရားရုံးသို့ လာကြရသည်။ မနက်အစောကြီးကတည်းက တရားရုံးရှေ့သို့ ရောက်နေပြီ။ တရားရုံးပင် မဖွင့်သေး။ ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ။ သစ်ပင်အောက်မှာ။ ခုံတန်းလျားမှာ။ အချို့တရားရုံးများက ရုံးချိန်အတိုင်း တံခါးမဖွင့်နိုင်။ အချို့ရုံးတွေက အေးအေးဆေးဆေး။ ဖြည်းဖြည်းပေါ့။ ရုံးခေါ်စာအပေါ် လေးစားတာဝန်ကျေသူတွေ အများကြီးပါ။ အပြန်အလှန်ချစ်ခင်စွာ၊ လေးစားစွာ အကူအညီပေးခြင်း၊ နားလည်မှုပေးခြင်းဖြင့် တရားရုံးများ၏ ဂုဏ်သိက္ခာ မြင့်မားမည်သေချာသည်။ အချိန်လေးစားဖို့၊ တိကျဖို့ မလိုအပ်ဘူးလား။

**ချိန်းပြန်ပြီ**

ရွာက အစောကြီးထွက်လာသော သက်သေ။ တစ်နေကုန် ထိုင်စောင့်နေရသည်။ ရုံးဆင်းခါနီးမှ ချိန်းပြီ။ အမှုမစစ်ဖြစ်တော့ဘူး။ ဘာကြောင့်။ ညာ့ကြောင့်။ ဘယ်သူမလာ။ ဘယ်သူမရှိ။ မိုးချုပ်တော့မည်။ ရွာပြန်ဖို့ ကားမရှိ။ လှေမရှိ။ သင်္ဘော မမီ။ ရထားမမီ။ ရွာကညော့်သည် မြို့ပေါ်မှာ တည်းခိုစရာမရှိ။ တရားရုံးရှေ့က သစ်ပင်အောက်မှာ ၊ ခုံတန်းပေါ်မှာ ဒီညအိပ်ရုံကလွဲ၍ ၊ ဒီညရွာ မပြန်နိုင်ပြီ။ ဤအဖြစ်အပျက်များ ကိုယ်တွေ့ကြုံခဲ့ဖူးသည်။ အဖြေရှာရင်း၊ ကုစားရင်းနှင့် တရားရုံးအတွေ့အကြုံများအပေါ် သင်ခန်းစာယူရသည်။ တာဝန်ရှိသူအချင်းချင်း ညှိနှိုင်းကြရသည်။ အသေးအမွှားကိစ္စဟု သဘောမထားသင့်။

**တိတိကျကျ**

တိတိကျကျ ရုံးချိန်အတိုင်း အမှုစစ်မည်။ လူစုံတက်စုံ၊ ဘက်စုံ ကူညီကြမည် ဆိုလျှင်အတိုင်းထက်အလွန် ကောင်းမည်။ တိတိကျကျ ရုံးချိန်လေးစားသော တရားရုံးများ ရှိပါသည်။ စံပြအဖြစ် အဆိုပါ ရုံးများကို နမူနာယူသင့်သည်။ ဆုပေး ဒဏ်ပေး လုပ်သင့်သည်။ ကောင်းသူ၊ တော်သူ၊ ထူးချွန်သူ၊ ပြည်သူ့အကျိုး သယ်ပိုးသူတွေကို ရွေးထုတ်ပေးပါ။ ကြေညာပေးပါ။ အားကျနမူနာ၊ သင်ခန်းစာ ယူပါစေ၊ ညီစေ။

**အမှုရွှေ့ဆိုင်းခြင်း**

အမှုရွှေ့ဆိုင်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုတေသနလုပ်ထားပြီးသားပါ။

**အမှုကြားနာရန် ချိန်းဆိုထားမှု**

အမှုရွှေ့ဆိုင်းမှု- တရားမမှု ၂၅ ရာခိုင်နှုန်း

- ပြစ်မှု ၄၀ ရာခိုင်နှုန်း

သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)

ပြီးဆုံးချိန်တွင် --- တရားမမှု ၁၀ ရာခိုင်နှုန်း

ပြစ်မှု ၂၀ ရာခိုင်နှုန်းအဖြစ် လျှော့ချမည်ရည်မှန်းခဲ့သည်။

ရည်မှန်းချက်အတိုင်း အောင်မြင်ခြင်းရှိ၊ မရှိ တာဝန်ရှိသူများက ကွင်းဆင်း စိစစ်ခဲ့ကြသည်ဟု ကြားသိရပါသည်။ တကယ်လုပ်နိုင်ရဲ့လား။

ပုံမှန်ရုံးစစ်သည့်အခါများတွင်လည်း ဤကိစ္စကို အလေးထားစစ်ဆေးကြမည်ဟု မျှော်လင့်ပါသည်။ ရုံးချိန်မှန်ကြပါစို့။ စိစစ်ကြပါစို့။

**ရှေ့နေများတာဝန်**

ကျွန်တော်တို့ ရှေ့နေများဘက်ကလည်း ရုံးချိန်ကိစ္စများတွင် ပူးပေါင်းကူညီဖို့၊ တတ်နိုင်သမျှ ရုံးချိန်မှန်ဖို့ တာဝန်ရှိပါသည်။ ချိန်းပြီးသားရက်တွင် မပျက်မကွက် သွားဖို့၊ စစ်ဆေးဖို့ဖြစ်ပါသည်။ အမှုတစ်မှု ရွှေ့ဆိုင်းရ၍ မည်မျှအချိန်ကုန်၊ မည်မျှ ပေးဆပ်ရသည်ကို ရှေ့နေလောက က အသိဆုံးဖြစ်ပါသည်။ ဝိုင်းကူညီကြ ပါစို့။ အကြံကောင်း၊ ဉာဏ်ကောင်းပေးကြပါစို့။

**အကဲဖြတ်သုံးသပ်ခြင်း**

တရားရုံးအပေါ် ကျေနပ်မှုကို စနစ်တကျ စာရင်းပြုစု၍ စစ်တမ်းယူနေကြောင်း သိရပါသည်။ တိုးတက်မှုရည်မှန်းချက်များကို ၂၀၁၇၊ တရားရုံးနှစ်စဉ် အစီရင်ခံစာတွင် လေ့လာနိုင်ပါသည်။ လိုအပ်ချက်များ ထောက်ပြစေချင်ပါသည်။

**အားနည်းချက်၊ အားသာချက်**

အားနည်းချက်တွေကတော့ ရှိနေဆဲပါ။ အားနည်းချက်များအပေါ် ဝေဖန်ခြင်း၊ ထောက်ပြခြင်း၊ စေတနာမှန်ဖြင့် သုံးသပ်ခြင်း၊ အကြံပေးခြင်းများသည် အားသာချက်ကို ရရှိစေမည်မလွဲပါ။

**ပွင့်လင်းမြင်သာမှု**

ပွင့်လင်းမြင်သာစွာ အဖြေရှာခြင်းဖြင့် အများပြည်သူ၏ လေးစားမှု၊ ချစ်ခင်မှု၊ ကူညီမှု၊ လက်တွဲပူးပေါင်းရသော အဖွဲ့အစည်း၊ ဌာန၊ ဝန်ထမ်း၊ ရှေ့နေ ရှေ့ရပ်၊ သက်သေ၊ ပြည်သူအများက အကူအညီပေးသွားကြမည်သာ ဖြစ်ပါသည်။

ပြဿနာဘာလဲ။ အခက်အခဲဘာလဲ။ ဦးတည်ချက်ဘာလဲ။ ထဲထဲဝင်ဝင် ရှာဖွေနိုင်ကြပါသည်။ အတွေ့အကြုံတွေလည်း များလှပါပြီ။ လေ့လာမှတ်သားစရာတွေလည်း စုံလင်လှပါပြီ။ တရားစီရင်ရေး မယိမ်းမယိုင်ဖြစ်ဖို့၊ ပန်းတိုင်ရောက်ဖို့ အခြေခံကျသော အချက်များ ရှာရှာဖွေဖွေ စိစစ်အလုပ်လုပ်ကြပါစို့။ ဆုံးဖြတ်ကြပါစို့။

**စေတနာ**

"အမှုတွေ မကြာခဏ မချိန်းဖို့" တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**"အမှုချိန်းတစ်ချိန်းပြီးမြောက်အောင်မြင်ဖို့ အချိန်အတော်ယူရသည်၊ အားစိုက်ရသည်၊ ဘက်စုံထောင့်စုံ ကြည့်ရသည်၊ အမှုစစ်ဖို့ လူစုံမှဖြစ်မည်"**

## ဂျပန် ရုပ်သံပညာရှင်များနဲ့ ပူးပေါင်းပြီး မြန်မာပြည်အကြောင်း ရိုက်ကူးဖို့ရှိတဲ့ မိုရီဆာကီဝင်း

" Ready Player one " ဟုအမည်ရသည့် ဟော်လိဝုဒ်တွင် နာမည်ကြီးခဲ့သော ရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ချစ်ခင်နှစ်သက်မှုကို ရရှိထားသူ မိုရီဆာကီဝင်းအနေဖြင့် မြန်မာနိုင်ငံကို ရောက်ရှိနေစဉ်အချိန်တွင် အနုပညာနှင့်ပတ်သက်ပြီး မည်ကဲ့သို့ လုပ်ဆောင်သွားမည့်အကြောင်းကို ယခုလိုပြောကြားလာပါတယ်။

"ကျွန်တော် ၂၀၁၅ ခုနှစ်မှာ အဲဒီကားအတွက် Audition ဝင်ခဲ့ရပါတယ်၊ ဗီဒီယိုအခွေကို သူတို့ဆီအရင်ပို့ပြီး သူတို့က ကြိုက်တယ်ဆိုပြီးတော့ ကျွန်တော့်ကို ထပ်ခေါ်တော့ အဲဒီကားရိုက်တဲ့ ဒါရိုက်တာကိုယ်တိုင်က မေးတယ်၊ ကျွန်တော်က မြန်မာပြည်ကလာတာ၊ အဲဒီလိုအကြောင်းတွေ ရှင်းပြပြီးတော့ အဖြေရဖို့ ရှစ်လလောက် ကျွန်တော်စောင့်ခဲ့ရပါတယ်၊ လေးလလောက် အင်္ဂလန်မှာ ရိုက်ကူးပြီးတော့ အခုပြသခဲ့ပါတယ်၊ သူတို့ပြောတော့ မြန်မာပြည်မှာ မပြဘူးဆိုပြီး အခု မြန်မာပြည်မှာပြတဲ့အတွက် ကျွန်တော် ဂုဏ်ယူမိပါတယ်၊ ဒီဇာတ်ကားကို ရိုက်ကူးခဲ့တဲ့အကြောင်းနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဟောလိဝုဒ်ကားတစ်ကားရိုက်ဖို့အတွက် လေးလတောင် အချိန်ပေးပြီး ရိုက်တယ်၊ ပြီးတော့ နံနက်စောစောကြီးရိုက်ရင် ညနေ ၅နာရီလောက်ဆိုရင် ပြီးပြီ၊ ပြီးတော့ အပတ်တိုင်း စနေနဲ့ တနင်္ဂနွေ နားရက်ပေးတယ်၊ ပြောမယ်ဆိုရင် ဘတ်ဂျက်ရှိတော့ သူတို့ရဲ့စတူဒီယိုက အလွန်ကြီးပြီး အတွေ့အကြုံအများကြီးရခဲ့ပါတယ်"ဟု ပြောသည်။



မိုရီဆာကီဝင်းအနေဖြင့် မြန်မာနိုင်ငံသို့ ယခုတစ်ကြိမ် ပြန်လည်ရောက်ရှိလာခြင်းသည် Fujifilm ကုမ္ပဏီ၏ကမ်းလှမ်းမှုကြောင့် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး နေထိုင်စဉ် ခဏတာအချိန်အတွင်း ဂျပန်ရုပ်သံအစီအစဉ်တစ်ခုအဖြစ် ၎င်းနှင့်အတူ ဂျပန်နိုင်ငံမှ ရုပ်သံပညာရှင်များ မြန်မာပြည်အကြောင်းကို ရိုက်ကူးတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

"သူတို့နဲ့အတူ Local အပိုင်းကို သွားဖို့ရှိပါတယ်၊ မြန်မာပြည်ရဲ့ ထူးဆန်းအံ့သြဖွယ်နေရာလေးတွေကို ကျွန်တော် နဲ့အတူပါလာတဲ့ ဂျပန်ရုပ်သံလိုင်းနဲ့အတူ သွားရောက်ရိုက်ကူးဖို့ရှိပါတယ်၊ ပြီးတော့ ကျွန်တော်က သီချင်းလည်း ကိုယ့်ဘာသာ ကိုယ်စပ်တယ်ဆိုတော့ အခုဟာက မြန်မာစာသားကိုရေးဖို့ လေ့လာစရာတွေရှိပါတယ်၊ ကိုယ့်ဘာသာကိုယ် စာကျက်လေ့လာရင်းနဲ့ မြန်မာသီချင်းတွေလည်း ဖန်တီးဖို့ရှိပါတယ်" ဟု ပြောသည် ။

**ကိုလင်း**

# ပဲခူးမြို့ အနာဂတ်စီမံကိန်းများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများ လာရောက်ဆွေးနွေး

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ ပဲခူးမြို့၏ အနာဂတ်စီမံကိန်းများနှင့် ပတ်သက်၍ IHI Asia Pacific Pte., Ltd. Chief Representative, Mr.Taku Kitayama ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မေ ၂၉ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် လာရောက်တွေ့ဆုံခဲ့သည်။



### အတွေ့အကြုံရှိ

ရှေးဦးစွာ Mr. Taku Kitayama က မိမိတို့ကုမ္ပဏီသည် စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ လမ်း၊ တံတားလုပ်ငန်းများ စသည့်လုပ်ငန်းစီမံကိန်းများကို ပြည်ပနိုင်ငံများတွင် ဆောင်ရွက်ပေးလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးချုပ်၏ပဲခူးဒေသ၌ ဆက်လက်ဆောင်ရွက်သွားမည့် အနာဂတ်စီမံကိန်းများကို သိရှိလိုကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ပဲခူးမြို့ကို နိုင်ငံတကာ အဆင့်မီမြို့ပြတစ်ခုဖြစ်စေရန် မြို့ပြ စီမံကိန်းလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်တွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် ပဲခူးအရှေ့ဘက် မြို့ရှောင်လမ်းဖောက်လုပ်ရန် လျာထားပြီး အနောက်ဘက် မြို့ရှောင်လမ်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ရင်းနှီးမြှုပ်နှံမှု ကြိုဆို

ပဲခူးဒေသသည် လမ်းဆုံမြို့တစ်ခုဖြစ်၍ မြန်မာနိုင်ငံ၏ အဓိက ကုန်းတွင်းကုန်ပစ္စည်းများ ဝယ်ယူ၊ ရောင်းချ၊ သိုလှောင်သည့်နေရာတစ်ခု ဖြစ်လာနိုင်ကြောင်းနှင့် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုလျက်ရှိကြောင်း ပြန်လည်ပြော ကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက် (ပြန်/ဆက်)**

# စာတိုက်များတွင် လေယာဉ်လက်မှတ်များ ဝယ်နိုင်ပြီ

**ကြို့ပင်ကောက် မေ ၂၉**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းများတွင် ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းရှိ ပြည်စာတိုက်၊ ပေါင်းတည်စာတိုက်၊ နတ်တလင်းစာတိုက်၊ ကြို့ပင်ကောက်စာတိုက်၊ လက်ပံတန်းစာတိုက်၊ ဇီးကုန်းစာတိုက်နှင့် သာယာဝတီစာတိုက်တို့တွင် ပြည်တွင်း(MAI)လေကြောင်းလမ်းများနှင့် ပြည်ပလေကြောင်းလမ်းများဖြစ်သော ဟောင်ကောင်၊ ထိုင်ဝမ်၊ ဗန်ကောက်၊ စင်ကာပူတို့သို့ သွားရောက်ရန် လေယာဉ်လက်မှတ်များအား ဆက်သွယ် ဝယ်ယူနိုင်ပြီး လေယာဉ်လက်မှတ်ဝယ်ယူသူအား လေယာဉ်လက်မှတ်ကို Viber ဖြင့်ပေးပို့မည်ဖြစ်ပြီး Viber ဖြင့် ပြသ၍ လေယာဉ်စီးနင်းနိုင်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့စာတိုက်မှူး ဒေါ်လွင်လွင်ဦးက လေယာဉ်စီးနင်းလိုသည့်သူက သက်ဆိုင်ရာလေဆိပ်ကို ကိုယ်တိုင်သွားရောက်ဝယ်ယူရန်မလိုဘဲ လေယာဉ်လက်မှတ်ဝယ်ယူလို့ရသည့် မြန်မာ့စာတိုက်လုပ်ငန်းများတွင် လူကိုယ်တိုင်သုံးရက်ကြိုတင်ပြီး ငွေပေးချေဝယ်ယူနိုင်ကြောင်း၊ ရရှိမည့်လေယာဉ်လက်မှတ်ကို Viber ဖြင့် ပေးပို့ထားပြီး လေဆိပ်ရောက်လျှင် Viber ကိုပြသ၍ လေယာဉ်စီးနင်းနိုင်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းလှ၌ အခြေခံပညာကျောင်း ၂၈ ကျောင်း အဆင့်တိုးမြှင့်ဖွင့်

**ကျွန်းလှ မေ ၂၉**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၂၈ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် အထက်တန်း ကျောင်းတစ်ကျောင်း၊ အလယ်တန်း ကျောင်း ၁၂ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ခြောက်ကျောင်း၊ မူလတန်းလွန်ကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း လေးကျောင်း စုစုပေါင်း ကျောင်းပေါင်း ၂၈ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းပေါင်း ၆၃၈၆ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကို ကျောင်းပေါင်း ၁၃၇၇ ကျောင်း ခွင့်ပြုပေးထားကြောင်း မြို့နယ်ပညာရေးမှူး ဦးအောင်ရီက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ထိုင်းနိုင်ငံ၌ ရွှေ့ပြောင်းအလုပ်သမားများ လုပ်ကိုင်နိုင်မည့် အလုပ်အမျိုးအစား ၁၂ မျိုးအထိ တိုးမြှင့်ရန် စီစဉ်လျက်ရှိ

**ဗန်ကောက် မေ ၂၉**

ထိုင်းနိုင်ငံဥပဒေအရ ရွှေ့ပြောင်းအလုပ်သမားများ လုပ်ကိုင်နိုင်သည့် အလုပ်အမျိုးအစား ၃၉ မျိုးကို ကန့်သတ်မှုရှိရာမှ အလုပ်အမျိုးအစား ၂၈ မျိုးကို ချန်လှပ်ထားပြီး အလုပ်အမျိုးအစား အသစ် ၁၂ မျိုးအထိ လုပ်ကိုင်ခွင့်ပေးရန် အလုပ်သမားဝန်ကြီးထံ တင်ပြထားကြောင်း ဝန်ကြီးမှ အတည်ပြုပြီးပါက ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားဝန်ကြီးဌာနထံ ခွင့်ပြုချက်လျှောက်ထားကာ အောက်ပါလုပ်ငန်းများတွင် အလုပ်လုပ်နိုင်ကြတော့မည်ဖြစ်ကြောင်းသိရသည်။



လုပ်ကိုင်ခွင့်ရရှိမည့် လုပ်ငန်းများမှာ အထွေထွေလုပ်သား၊ ပန်းရန်အလုပ်၊ လက်သမားနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ သစ်ထုတ်လုပ်ရေးနှင့် ငါးလုပ်ငန်းများ (ပညာရှင်ဆိုင်ရာ လုပ်ငန်းများမှ လွဲ၍)၊ စာရင်းအင်းဆိုင်ရာလုပ်ငန်းများ (စစ်ဆေးရေးမှလွဲ၍)၊ မွေ့ရာနှင့် ပရိဘောဂဆိုင်ရာလုပ်ငန်းများ၊ ပန်းပဲလုပ်ငန်း၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်းနှင့် ဗိသုကာပညာရှင်၊ စက်ချုပ်လုပ်ငန်း၊ ရွှံ့အိုးနှင့် မြေအိုးလုပ်ငန်း၊ ထိုင်းလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို ဝင်ရောက် လုပ်ကိုင်နိုင်တော့မည်ဟု သိရသည်။

ထိုင်းနိုင်ငံအတွင်း နိုင်ငံခြားအလုပ်သမားများအား အလုပ်လုပ်ကိုင်ခွင့်တားမြစ်ထားသော အခြားအလုပ်အမျိုးအစားများမှာ သစ်သားဖြင့်ပြုလုပ်သော ပန်းပွတ်၊ပန်းပုဆိုင်ရာ လက်မှုလုပ်ငန်းများ၊ ယာဉ်မောင်းလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ကျောက်မျက်ရတနာထုဆစ်လုပ်ငန်း၊ ဆံပင်ညှပ်ခြင်း၊ ဆံပင်အလှဆင်ခြင်းနှင့် အလှအပလုပ်ငန်းများ၊ခရီးသွားလမ်းညွှန်၊ ဈေးဗန်းရွက်ပြီး ကုန်ပစ္စည်းရောင်းဝယ်ခြင်း၊ ထိုင်းရိုးရာအနှိပ်ပညာ စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အိမ်ထောင်စုစာရင်းစိစစ်ခြင်း အခမဲ့ကွင်းဆင်းဆောင်ရွက်

**မိုးနဲ မေ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက စီမံချက်ရေးဆွဲ၍ မွေးဖွားစာရင်းရေးသွင်းခြင်း၊ သေဆုံးသူများစာရင်းမှပယ်ဖျက်ခြင်းနှင့် အိမ်ထောင်စုစာရင်းများ စိစစ်ပေးခြင်းကို မေ ၁၅ ရက်မှစတင်၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၈ ရက်အထိ မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စုတို့မှ အိမ်ထောင်စုပေါင်း ၈၄၈ စုရှိ လူဦးရေပေါင်း ၄၅၀၈ ဦးကို အခမဲ့စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်ရှိသောမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ အိမ်ခြေများသို့လည်း အိမ်ထောင်စုစာရင်းစိစစ်ခြင်း၊ မွေးဖွားသူများစာရင်းရေးသွင်းပေးခြင်းနှင့် သေဆုံးသူများ စာရင်းမှပယ်ဖျက်ပေးခြင်းလုပ်ငန်းများကိုမေ ၃၀ ရက်အထိ ကွင်းဆင်း၍ အခမဲ့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြစိုးလှိုင်က ပြောကြားခဲ့သည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# ထိုင်းတောင်ပိုင်း MPC နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရော်ဘာသစ်စက်များသို့ သွားရောက်ညှိနှိုင်း

**စူရတ်ဌာနီ မေ ၂၉**

ထိုင်းတောင်ပိုင်းဒေသ စူရတ်ဌာနီခရိုင် ထာ့ချမ်းမြို့ရှိ won Gjitjeroen ရော်ဘာသစ်စက်တွင် ရော်ဘာသစ်တုံးလိမ့်ကျထိခိုက်မှုကြောင့် ခြေနှစ်ဖက်လုံး အကြောသေဒဏ်ရာရရှိပြီး စတီးရိုးတပ်ဆင်ထားရှိရသည့် မြန်မာအလုပ်သမားတစ်ဦးဖြစ်သူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ခွဆုံရွာမှ မောင်ဝင်းမြင့်လှိုင်၏ နစ်နာကြေး ထိုက်တန်စွာရရှိနိုင်ရေး၊ MoUနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်ပုံမှန်မရရှိခြင်း၊ ငွေကြန့်ကြာခြင်းတို့ကြောင့် အလုပ်အကိုင် ပြောင်းရွှေ့လိုခြင်းများကို ညှိနှိုင်းရန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းထွန်းနှင့် worker myanmar အေဂျင်စီမှ ကိုယ်စားလှယ်များ၊ MPC (Migrant Protection Committee) အထွေထွေတာဝန်ခံ ဦးမျိုးသိန်းလွင်၊ ထိခိုက်နစ်နာကြေးတာဝန်ခံ ဦးဟူစိန်၊ သတင်းနှင့် တိုင်ကြားစာတာဝန်ခံ လေးလေးဇော်တို့သည် မေ ၂၈ ရက်တွင် ထာ့ချမ်းမြို့ရှိ won Gjitjeroen ရော်ဘာသစ်ခွဲ စက်ရုံသို့ ရောက်ရှိလာ၍ မြန်မာအလုပ်သမားများနှင့် တွေ့ဆုံခဲ့သည်။



ယင်းနောက် မောင်ဝင်းမြင့်လှိုင်အား ဝင်ရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ထိခိုက်နစ်နာကြေးများကို ခံစားခွင့်အပြည့်အဝ ရရှိရန် စက်ရုံနှင့် MPC တို့မှ ပူးပေါင်းဆောင်ရွက်ပေးသွားမည့်အကြောင်း၊ ထို့နောက် အလုပ်သမားများနှင့် နစ်နာရီကြာ ဆွေးနွေးကြရာ MoU လုပ်သားများအားလုံး အိမ်ပြန်ကြရန် ဆုံးဖြတ်ကြရာတွင် MOEAF ဒုတိယဥက္ကဋ္ဌ ဦးဝင်းထွန်းက အလုပ်သမားများကို ဘတ်ငွေ ၅၀၀၀ ထောက်ပံ့ပေးခဲ့သည်။

ရွှေ့ပြောင်းအလုပ်သမား ၃၁ ဦးမှာ ဆက်လက်နေထိုင်သွားမည်ဖြစ်ပြီး ထိုင်းတောင်ပိုင်း မြန်မာအလုပ်သမားစောင့်ရှောက်ရေးကော်မတီမှ ဆက်လက်ကြည့်ရှုပေးပါရန် မေတ္တာရပ်ခံပြီး ဆက်လက်၍ စူရတ်ဌာနီမြို့ သူရိယစန္ဒာ မြန်မာကျောင်းရောက်ကော့စမွီကျွန်းမှ အလုပ်ရှင်နှင့် မပြေလည်သော MoU အလုပ်သမား ၄၂ ဦးအား ထိုင်းတောင်ပိုင်း မြန်မာအလုပ်သမားစောင့်ရှောက်ရေးကော်မတီ MPC ၏ အကြီးအကဲနှင့် မြန်မာသံရုံး ဥပဒေအကြံပေး(Legal Adviser) ရှေ့နေ ဦးအောင်မျိုးသန့်တို့က ဝင်ရောက်တွေ့ဆုံညှိနှိုင်းပေးခဲ့သည်။

ထို့နောက် MOEAF နှင့် MPC အဖွဲ့သည် ကဘီမြို့၌ ဖြစ်ပွားသော MoU အလုပ်သမားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးမှုအား အရေးယူဆောင်ရွက်နိုင်ရန် ကဘီမြို့သို့ ထွက်ခွာခဲ့ကြောင်း မြန်မာအလုပ်သမား စောင့်ရှောက်ရေးကော်မတီမှ သိရသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

# အင်းတော်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

**အင်းတော် မေ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲကို မေ ၂၈ ရက်က အင်းတော်မြို့နယ် သူရောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးကျော်သီဟက ပြည်သူ့စကားဝိုင်း ကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး ဦးကျော်စံလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးရွှေ၊ မော်လူးရဲစခန်းမှူး ရဲအုပ်မင်းနိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခင်မို့မို့သိမ့်တို့က ဦးဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်လမ်းတံတားလုပ်ငန်း၊ ရေရှိရေးလုပ်ငန်း၊ ပညာရေး ၊ စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများ၊ ပြည်သူတို့၏ဘဝလုံခြုံရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်သည့် ပြည်သူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ကိုမင်း(အင်းတော်)**

# ဧရာဝတီတိုင်းဒေသကြီးမှ အခွန်အများဆုံးထမ်းဆောင်သော လုပ်ငန်းရှင်များအား ဂုဏ်ပြု

**ပုသိမ် မေ ၂၉**
၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများချီးမြှင့်ပေးအပ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တော်ခန်းမ၌ မေ ၂၈ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အသီးသီးမှ အခွန်ဦးစီးမှူးများ၊ အခွန်ထမ်းလုပ်ငန်းရှင်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံအသီးသီးတွင် အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေးပညာရေးစီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှု၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး စသည်တို့ကို ဆောင်ရွက်သည့်အခါ အခွန်ငွေဖြင့်သာ ဆောင်ရွက်ရကြောင်း၊ ပြည်သူများကလည်း နိုင်ငံသားတစ်ဦး၏ အခြေခံတာဝန်တစ်ရပ်နေဖြင့် ဥပဒေနှင့်အညီ အခွန်အကောက်များကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးဆောင်ထည့်ဝင်ကြရခြင်းသာဖြစ်ကြောင်းနှင့် အခွန်အကြောင်းအရာများကို ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော လုပ်ငန်းရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်တွင် ဝက်ကောင်ရေစာရင်း ကွင်းဆင်းကောက်ယူ

**တပ်ကုန်း မေ ၂၉**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝက်မွေးမြူမှု၊ ထုတ်လုပ်မှုနှင့် စားသုံးမှုကို တွက်ချက်နိုင်ရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဆန်းဝင်းအောင်နှင့် ခရိုင်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများအဖွဲ့က ကျေးရွာများတွင် ဝက်ကောင်ရေစာရင်းများ ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

မေ ၂၈ ရက်မှစ၍ နေပြည်တော် တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာတွင် စတင်စာရင်းကောက်ယူခဲ့ပြီး စာရင်းကောက်ယူရေးလုပ်ငန်းကို ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာ ၁၅ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူရေးအဖွဲ့များအနေဖြင့် ကျေးရွာများတွင် ဝက်မွေးမြူရေးလုပ်ငန်းများကို ကျေးရွာဓလေ့အတိုင်း လုပ်ကိုင်နေသူများနှင့် တွေ့ဆုံမေးမြန်း၍ Tablet data entre စနစ်ဖြင့် စာရင်းကောက်ယူမည်ဖြစ်ကာ ဒဟတ်ကုန်းကျေးရွာ၌ ၁၈၄ အိမ်ကို မေးမြန်း၍ စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်မှ ရေရှားပါးသည့်ကျေးရွာအတွက် ရေသန့်စင်စက် လှူဒါန်း




**မိတ္ထီလာ မေ ၂၉**
မိတ္ထီလာမြို့နယ်အတွင်းမှ ရေရှားပါးသည့် ကျေးရွာတစ်ရွာဖြစ်သော ရေင်ကျေးရွာတွင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် Myanmar Distillery ကုမ္ပဏီလီမိတက်က ရေရရှိရေးလုပ်ငန်းများ လှူဒါန်း ဆောင်ရွက်ပေးနေသည့်အပြင် ရေသန့်စက်တစ်လုံးကိုလည်း လှူဒါန်းထားပြီးဖြစ်၍ ကျေးရွာနေပြည်သူများအတွက် သန့်စင်သောသောက်ရေ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

ရေင်ကျေးရွာတွင် အိမ်ခြေ ၄၀၀ ကျော် လူဦးရေ ၁၈၀၀ ကျော်ရှိပြီး ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ ကျော် ပညာသင်ကြားနေသည့် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းလည်း ရှိကာ ပေ ၃၅၀ ခန့်နက်သည့် စက်ရေတွင်း နှစ်တွင်း၊ လက်နှိပ်တွင်း လေးတွင်း ရှိသော်လည်း ရေငန်များသာ ထွက်ရှိ၍ ဒေသခံများမှာ သောက်သုံးရေအတွက် ရွာဘေးရှိ ချောင်းမှရေနှင့် မိုးရေလှောင်ကန်လေးကန်မှ ရေများကိုသာ အသုံးပြုရကာ ထိုရေကန်များမှာ နွေရာသီတွင် ရေခန်းခြောက်၍ သောက်ရေသုံးရေများ အခက်အခဲများ နှစ်စဉ် ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် Grand Royal Group ၏ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Distillery ကုမ္ပဏီလီမိတက်က အနက် ပေ ၇၀၀ ရှိ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေတင်ရန် အင်ဂျင်လှူဒါန်းခြင်း၊ ကျေးရွာကျောင်း၌ Submersible Pump များ တပ်ဆင်ဆောင်ရွက်ပေးခြင်းနှင့် ကျေးရွာအတွင်း ရေဖြန့်ဝေနိုင်ရန် နှစ်လက်မ ရေပိုက်များတပ်ဆင်ပေးခြင်းတို့ကို ၂၀၁၇ ခုနှစ် ဧပြီလအတွင်းမှစ၍ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကျေးရွာအတွင်းရှိ နေအိမ်များသို့ ရေများ ဖြန့်ဝေပေးနိုင်ပြီဖြစ်သည်။ ထို့အပြင် ရာသီမရွေး ရေတင်စက် လည်ပတ်နိုင်ရေးအတွက် မတည်ငွေကျပ်သိန်း ၃၀ ကိုလည်း ကျေးရွာရေကော်မတီထံသို့ လှူဒါန်းပေးအပ်ထားပြီးဖြစ်သည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျေးရွာနေပြည်သူများ သန့်စင်သည့် သောက်ရေများ ရရှိရေးအတွက် ကျပ် ၃၈ သိန်း တန်ဖိုးရှိ ရေသန့်စက်ကိုလည်း မေလ ပထမပတ်အတွင်းက Myanmar Distillery ကုမ္ပဏီလီမိတက်ပင် အဆိုပါကျေးရွာ၌ တပ်ဆင်လှူဒါန်းခဲ့ရာ ကျေးရွာပြည်သူများနှင့် ကျောင်းသားကျောင်းသူများမှာ ယခင်က မိုးရေလှောင်ကန်များနှင့် လက်ယက်တွင်းများမှ ရေကိုသာ အမှီပြုနေခဲ့ရာမှ ယခုအခါ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေကို ရာသီမရွေး လုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပုလဲမြို့နယ်၌ အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ပေး



**ပုလဲ မေ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးသမျှားကျေးရွာ၌ မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၏ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ခြင်း (One Stop Service) လုပ်ငန်းကို မေ ၂၈ ရက်က ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲကိုလည်း ကျေးရွာရှိ ရွှေရတနာအေးသုခဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးအောင်ထွန်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက ပြည်သူ့ဝန်ဆောင်မှုရုံးအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းထိုက်က လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပညာပေးဟောပြောခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟန်ဇေယျာလင်းက အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီးတပ်ဆင်ပေးသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများသည် ကျေးသမျှားကျေးရွာအတွင်း အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မင်းခန့်စိုး (ဇေယျာမြေ)**

# မြိတ်မြို့တွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးနှင့် ကုသရေး ဆွေးနွေး

**မြိတ် မေ ၂၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆွေးနွေးပွဲကို မေ ၂၈ ရက်က မြိတ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအခြေအနေနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်ခြေရှိသော ပတ်ဝန်းကျင်၊ ရောဂါဖြစ်ပွားနိုင်ခြေရှိသူများ၊ အန္တရာယ်လက္ခဏာရှိသော အဆင့်များအကြောင်းကို ဆွေးနွေးပြီး ရောဂါကာကွယ်ရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ပညာပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်း၊ ခြင်ပေါက်ပွားနိုင်သည့် ပတ်ဝန်းကျင်ကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ အပတ်စဉ် ဆောင်ရွက်ရေး၊ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ရေးတို့ကို တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု တတိယအများဆုံး တိုင်းဒေသကြီးဖြစ်ပြီး ယခုနှစ်အတွင်း မေ ၂၇ ရက်အထိ ၃၉၁ ဦး ဖြစ်ပွားပြီး သုံးဦးသေဆုံးထားကြောင်း၊ ဖြစ်ပွားမှုအများဆုံးမြို့မှာ မြိတ်မြို့ဖြစ်ပြီး ၁၄၃ ဦး ဖြစ်ပွားကာ သေဆုံးသူနှစ်ဦးဖြစ်ကြောင်း၊ ဒုတိယအများဆုံးမှာ ပုလောမြို့ဖြစ်ပြီး



သေဆုံးသူ တစ်ဦးရှိကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ကထက် ဖြစ်ပွားမှု ပိုမိုများပြားနေပြီး နိုင်ငံတစ်ဝန်းတွင် ရောဂါအများဆုံးဖြစ်ပွားခဲ့သည့်(၂၀၁၅)ခုနှစ်နှင့်နှိုင်းယှဉ်လျှင်မှု လျော့ကျနေသေးကြောင်း တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံမှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြပါစို့

**ဇော်အနော်ရထာ(ယဉ်ကျေးမှု)**

ယဉ်ကျေးမှုဟူသောဝေါဟာရကို နိုင်ငံတကာ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဖြစ်သည့် ယူနက်စကိုအဖွဲ့က စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု(ဒြပ်မဲ့ယဉ်ကျေးမှု)နှင့် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု(ဒြပ်ရှိယဉ်ကျေးမှု)ဟူ၍ နှစ်မျိုးနှစ်စားခွဲခြားထားပါသည်။ ၎င်းမှ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ဖော်ပြရမည်ဆိုပါက ရှေးဟောင်းအဆောက်အအုံများ ဘာသာရေး၊ ဓလေ့ထုံးစံနှင့် အနုပညာဆိုင်ရာ ရုပ်ဝတ္ထု၊ ရုပ်တုများ ရှေးဟောင်းပစ္စည်းများနှင့် အဆိုပါ အမျိုးအစားများ တည်ရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပါဝင်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ခေတ်အဆက်ဆက် ယဉ်ကျေးမှုထွန်းကားပြီး ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်ခဲ့သော နိုင်ငံဖြစ်ပြီး ကိုယ်ပိုင်ဟန်ဖြင့် ဗိသုကာလက်ရာ၊ အနုလက်ရာများဖြင့် ထွန်းကားသော ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ ပေါကြွယ်ဝကာ ရှေးဟောင်းအမွေအနှစ်များစွာရှိခဲ့ရာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone)၊ ရှေးဟောင်း နေရာတည်ရှိရာဇုန် (Ancient Site Zone)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone)ဟူ၍ ခွဲခြားသတ်မှတ်ပြီး လက်ရှိအချိန်အထိ ယဉ်ကျေးမှုအမွေအနှစ် ဇုန် ၄၇ ဇုန် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

**ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းခြင်း**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက မြေပေါ်မြေအောက် သုတေသနပြုရှာဖွေ၊ တူးဖော်၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ထိုအချက်အလက်အထောက်အထားများကို မှီငြမ်း၍ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့သမိုင်းဖြစ်ရပ်များကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ဖော်ထုတ်ပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို အများပြည်သူ သိရှိနားလည် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားကြမည်ဖြစ်ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ကမ္ဘာ့အဆင့် (World Level)၊ အမျိုးသားအဆင့်(National Level)နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် (State and Regional Level)ဟူ၍ အဆင့်များခွဲခြားသတ်မှတ်ကာ ဦးစားပေးအဆင့်အလိုက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

**ဥပဒေများထုတ်ပြန်ပြဋ္ဌာန်း**

ထို့အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရှေးဟောင်း ဝတ္ထုပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများ အဓွန့်ရှည် တည်တံ့စေရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို ထုတ်ပြန်ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

ဤကဲ့သို့ ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များဖြင့် ကာကွယ်ထိန်းသိမ်းခဲ့ရာ ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၀၉ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ၂၀၁၁ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကိုလည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများကို လည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများကိုလည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

**"သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနက မြေပေါ်မြေအောက် သုတေသနပြုရှာဖွေ၊ တူးဖော်၊ မှတ်တမ်းတင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ထိုအချက်အလက်အထောက်အထားများကို မှီငြမ်း၍ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့သမိုင်းဖြစ်ရပ်များကို သမိုင်းသုတေသန နှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ဖော်ထုတ်ပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေ အနှစ်များကို အများပြည်သူသိရှိနားလည် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားကြမည်ဖြစ်ပါ သည်"**

အဆိုပါ ထုတ်ပြန်ထားသော ဥပဒေများ၊ နည်းဥပဒေများထဲမှ ၁၉၉၈ ခုနှစ် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ထုတ်နုတ်၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

- မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း မပြုရ။
- မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံ နယ်နိမိတ် တိုးချဲ့ခြင်းမပြုရ။
- မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ဖျက်ဆီးခြင်း၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊ ရှေးဟောင်း ဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တု ရှာဖွေရန် တူးဖော်ခြင်းများ မပြုလုပ်ရ။
- မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊ ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန်၊ တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း မပြုလုပ်ရ။
- မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရဟုလည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းမပြုရဟုလည်းကောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone)၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန် (Ancient Site Zone)၊ ကာကွယ် ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) များတွင် ဤဥပဒေအရထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရဟုတားမြစ်ထားပါသည်။

**လိုက်နာဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များ**

ထိုသို့ဥပဒေထုတ်ပြန်ထားမှုအပေါ် ရှင်းလင်းသဘောပေါက်စေရန် ယဉ်ကျေးမှု အမွေအနှစ်ဇုန်သုံးခုတွင် လိုက်နာဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များ ထုတ်ပြန်သည့်အပြင် ဒေသန္တရနှင့်ကိုက်ညီသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးသတိပေးနှိုးဆော်ချက်များ၊ စည်းကမ်းချက်များကိုလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထုတ်ပြန်ပြီး ပြည်သူများသို့ အသိပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိပါသည်။

အဆိုပါ ဥပဒေများ၊ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များ၊ သတိပေးနှိုးဆော်ချက်များကိုလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်နိုင်ရန်နှင့်ဒေသခံများ စားဝတ်နေရေး လုပ်သာကိုင်သာရှိစေရန်အတွက် ဥပဒေကို ပြင်ဆင်ရေးဆွဲခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်ဇုန်များအား ဧရိယာပြန်လည်သတ်မှတ်ခြင်းများ နိုင်ငံတကာစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်တွင်း ပြည်ပ ပညာရှင်များ ပူးပေါင်းရေးဆွဲလျက်ရှိသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ အမိန့်၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း စီမံခန့်ခွဲရေးနည်းလမ်းများနှင့် ပြန်လည် အမှားပြင်ဆင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ထုတ်ပြန်ရန်ဆောင်ရွက်လျက်ရှိပါသည်။

**ကမ္ဘာ့အမွေအနှစ် စာရင်း**

၎င်းအပြင် နိုင်ငံတော်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ကုသိုလ်တော်ဘုရားကျောက်စာကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရာဇကုမာရ်ကျောက်စာကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာကိုလည်းကောင်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် စာရင်းဝင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်တွင်လည်း ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများကို ပျူမြို့ဟောင်းသုံးမြို့အဖြစ် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်ပြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အဆိုပြုတင်သွင်းထားပြီး ၂၀၁၉ ခုနှစ်တွင်လည်း ရခိုင်ပြည်နယ်ရှိ အာနန္ဒစန္ဒြကျောက်စာကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ် စာရင်းတင်သွင်းရန်နှင့် မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ နိုင်ငံတော်မှ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အဓွန့်ရှည်တည်တံ့စေရေး၊ အမျိုးဘာသာ သာသနာအတွက် ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အသိအမှတ်ပြုနိုင်ရေးအတွက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိနေစဉ်တွင် ပြည်သူများကလည်း လက်ရှိတည်ဆဲ ဥပဒေများ၊ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များကို လိုက်နာ၍ အဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ပါသည်။ ။

# ပခုက္ကူမြို့၌ သုံးဘီးဆိုင်ကယ်မောင်းသူများ ဝင်ငွေနည်းပါးလာ

**ပခုက္ကူ မေ ၂၉**

ယခုနှစ်များအတွင်း ပခုက္ကူမြို့၌ သုံးဘီးဆိုင်ကယ်များကို ငှားရမ်းအသုံးပြုသူ နည်းပါးလာသောကြောင့် ယာဉ်မောင်းသူများအနေဖြင့် ဝင်ငွေနည်းပါးကာ စီးပွားရေးကျပ်တည်းလာလျက်ရှိသည်ဟု သိရသည်။

"ဒီနှစ်ပိုင်းတွေမှာ ဆိုင်ကယ်တွေလည်း ပေါလာတယ်၊ ကားလိုင်းတွေကလည်း တချို့က အိမ်အရောက် လိုက်ခေါ် လိုက်ပို့ပေးနေကြတော့ ကျွန်တော်တို့အတွက် အလုပ်အကိုင်မကောင်းတော့ဘူး၊ ဆိုင်ကယ်တွေပေါလာတော့ ဆိုင်ကယ်ကယ်ရီသမားတွေလည်းများလာတယ်၊ ကားလိုင်းတွေကလည်း အိမ်အရောက်ပို့စနစ်ကို သုံးလာကြတယ်၊ ကုန်ဆိုရင်လည်း များရင် အိမ်အရောက် ပို့ကြတော့တာ၊ ခရီးသည်ဆိုရင်လည်း မီနီဘတ်စ်တွေဆိုရင် အိမ်ထိသွားခေါ်ကြတော့ ကျွန်တော်တို့အတွက် အလုပ်က လုပ်စရာမရှိသလိုဖြစ်လာတာ၊ အခုနှစ်ပိုင်းမှာ အလုပ်အကိုင်ကတော့ တော်တော်ကျပ်တယ်၊ မကောင်းဘူး"ဟု ပခုက္ကူမြို့မှ သုံးဘီးမောင်းသူတစ်ဦးက ပြောသည်။




ပခုက္ကူမြို့ပေါ်တွင် လွန်ခဲ့သော ၁၄ နှစ်ခန့်မှစတင်ကာ သုံးဘီးဆိုင်ကယ်များ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကာ ပခုက္ကူမြို့ကားကြီးကွင်းအနီးတွင် သုံးဘီးယာဉ်အသင်းရုံးတည်ရှိပြီး လက်ရှိအချိန်တွင် ပခုက္ကူမြို့ပေါ်၌ သုံးဘီးဆိုင်ကယ် ၉၆ စီးခန့် ရှိနေသည်ဟု သိရသည်။

"ဟိုးတုန်းကတော့ သုံးဘီးမောင်းရတာ အဆင်ပြေတယ်၊ အလုပ်အကိုင်မကောင်းတာတော့ နှစ်နှစ်လောက်ရှိပြီ၊ တစ်နေ့ဝင်ငွေကတော့ မမှန်ဘူး၊ တစ်သောင်းကျော်တဲ့အခါလည်းကျော်တယ်၊ အရင်တုန်းကတော့ တစ်ရက်ကို နှစ်သောင်းကျော် သုံးသောင်းလောက် ရကြတာပေါ့၊ အခု တစ်သောင်းကျော်တောင်မှ နေ့တိုင်းမရဘူး၊ တစ်ခါတလေပဲရတယ်၊ တစ်ခါတလေ နှစ်ထောင် သုံးထောင်လောက်ပဲ ရတဲ့နေ့တွေလည်းရှိတယ်၊ ဒီနှစ်ပိုင်းမှာ အလုပ်အကိုင်တော်တော်ကျပ်တယ်"ဟု ပခုက္ကူ ကားကြီးကွင်းအနီးရှိသုံးဘီးဂိတ်မှ သုံးဘီးမောင်းသူတစ်ဦးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# မိုးသည်းထန်၍ ကျိုက်ဝိုင်းဘုရားလမ်းတွင် ရေကြီးရေလျှံဖြစ်

**ရန်ကုန် မေ ၂၉**

မေ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် မရမ်းကုန်းမြို့နယ်အတွင်း ကျိုက်ဝိုင်းဘုရားလမ်းပေါ်နှင့် အချို့နေရာများ၌ ရေကြီးရေလျှံဖြစ်ခဲ့သည်ဟု သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းမကြီး၏ ဝဲယာနှစ်ဖက်မှ ရေနုတ်မြောင်းများသည် မိုးသည်းထန်စွာရွာခဲ့သောကြောင့် စွန့်ပစ်အမှိုက်များပိတ်ဆို့ကာ လမ်းမပေါ်တွင် ရေကြီးရေလျှံဖြစ်ခဲ့ရသည်။ ရေများဝင်ရောက်ခဲ့သော မရမ်းကုန်းမြို့နယ် အမှတ်(၂၉) မူလတန်းကျောင်းမှ ကျောင်းသားမိဘတစ်ဦးကလည်း "မိုးလေဝသက ခု ၆ နာရီခွဲထုတ်ပြန်သွားတဲ့ သတင်းက ရန်ကုန်တိုင်းအတွင်း အမြင့်ဆုံးအပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်တဲ့၊ နောက်ထပ် ငါးရက် မိုးထစ်ချုန်းရွာမယ်ဆိုတော့ ကျောင်းဖွင့်ရက်ကနီးလာပြီ၊ နှစ်တိုင်းမှာ ကျောင်းဝင်းအတွင်း ရေစီးဝင်တဲ့ဒဏ်ကို ခံစားရလို့ KG ကျောင်းသားလေးတွေအတွက် ကျွန်မတို့ စိတ်ပူရတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## တောင်သူအကျိုးအတွက် စိုက်ပျိုးနည်းပညာများပေး

**ဘားအံ မေ ၂၉**
ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံကျေးရွာနှင့် ကော့သင်ရှူးကျေးရွာတို့မှ တောင်သူများအား မိုးရာသီ စိုက်ပျိုးချိန်ကာလတွင် စိုက်စွမ်းအားမြင့်တက်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းပညာများပေးခြင်းများ မေ ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တောင်သူပညာပေးရာတွင် စိုက်စွမ်းအားမြင့်တက်စေရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်၊ မျိုးကောင်းမျိုးသန့်များကို မျိုးစေ့ထုတ်နည်းပညာများ အသုံးပြု၍ ထုတ်လုပ်ပြီး တောင်သူအချင်းချင်းဖြန့်ဝေခြင်းဖြင့် မျိုးများပျံ့နှံ့စေရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာသုံးစွဲမှု နည်းစနစ်မှန်ကန်ရေးနှင့် အချိန်ကိုက် အချိုးကျသုံးစွဲရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးရေး စသည်တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆဲင်ဇခုပ်က ဆွေးနွေးဟောပြောသည်။

**ခရိုင် (ပြန်/ဆက်)**

## ဘိန်းအစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်နှင့် ဓာတ်မြေဩဇာများ ကလောမြို့နယ်၌ အခမဲ့ ဖြန့်ဝေ

**ကလော မေ ၂၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်ပျိုးပင်၊ ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဖြူးခြင်းနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို တောင်ကွဲကျေးရွာအုပ်စု ကုန်းပေါ်ကျေးရွာ မူလတန်းကျောင်း၌ မေ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

တောင်သူပညာပေးဟောပြောပွဲတွင် ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇေယျာလင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သက်သက်အေးနှင့် ဝန်ထမ်းများက ထောပတ်သီးကို စိုက်ပျိုးထုတ်လုပ်ရာတွင် GAP စနစ်ဖြင့် စိုက်ပျိုးနည်းအကြောင်းကို ပညာပေးဆွေးနွေးကြပြီး ဘိန်းအစားထိုးသီးနှံအဖြစ် ပုလဲသွယ်မျိုးစေ့ ကီလို ၇၀၀၊ ယာစပါးမျိုး တင်း ၅၀ ၊ အစေ့ထုတ်ပြောင်း ၁၂၅ ကီလို၊ နှစ်ရှည်သီးနှံ(ထောပတ်)ပျိုးပင် ၅၀၀ နှင့် ဓာတ်မြေဩဇာ အိတ် ၂၀ တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဒေသခံတောင်သူများထံ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ထီးချိုင့်မြို့ ရွှေဂူကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ထီးချိုင့် မေ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့အမှတ် ၃ ရပ်ကွက် လေသာကျောင်းတိုက်အတွင်းရှိ ရွှေဂူကြီးဆုတောင်းပြည့်စေတီတော်မြတ်ကြီး ၁၅ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်ကို မေ ၂၈ ရက်က ထီးချိုင့်မြို့လမ်းဆုံတွင် ကျင်းပခဲ့သည်။

နိဗ္ဗာန်ဈေးပွဲတော်ဆိုင်းဘုတ်ကို လေသာကျောင်းဆရာတော် ဦးဣသရနှင့် ဆရာတော် ဦးကုသုမတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ နိဗ္ဗာန်ဈေးပွဲတော်တွင် စေတနာရှင်အလှူရှင် ၇၅ ဦးတို့က ကျောက်ကျော ၊ ရေခဲမုန့်၊ အအေးမျိုးစုံ၊ မုန့်တီ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကော်ဖီအေး၊ အချဉ်ပေါင်း၊ လက်ဖက်ထမင်း၊ ကောက်ညှင်းပေါင်း၊ အာလူးသုပ်၊ ပင်လယ်စာ စသည့်မုန့်အမျိုးပေါင်း ၆၇ မျိုးတို့ကို စတုဒိသာကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ခဲ (ထီးချိုင့်)**

## ခိုင်ကမ်းမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ခိုင်ကမ်း မေ ၂၉**
ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက်က ကျင်းပပြီး အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပုံနှိပ်စာအုပ်များကို နိုင်ငံတော်မှ အခမဲ့ထုတ်ပေးခြင်းဖြစ်သဖြင့် ကျောင်းသားမိဘများအနေဖြင့် ပုံနှိပ်စာအုပ်အတွက် ကုန်ကျစရာမလိုဘဲ အခမဲ့ထုတ်ယူနိုင်ခြင်းဖြစ်သည်။ ခိုင်ကမ်းမြို့တွင် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်နှင့် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး အဆိုပါကျောင်းများကို ဇွန် ၁ ရက်မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျောက်ထုမြို့မှ ရှေးဟောင်းစေတီတော်နေရာကို တူးဖော်ရာမှ ဆင်းတုတော်များတွေ့ရှိ



**ကျောက်ထု မေ ၂၉**
ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ကျောက်ပျဉ်းကျေးရွာတွင် ပျက်စီးသွားသည့် ရှေးဟောင်းစေတီတော်နေရာကို ပြီးခဲ့သည့်လက တူးဖော်ကြရာ ဗုဒ္ဓဆင်းတုတော်များစွာ တွေ့ရှိသဖြင့် ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ကာ အပူဇော်ခံထားရှိခဲ့သည်။

အဆိုပါ ဆင်းတုတော်များကို ဌာပနာပြီး ကျေးရွာအနီးရှိ ကုန်းမြင့်ပေါ်၌ ဉာဏ်တော်အမြင့် ကိုးတောင်ရှိ ဓာတ်ပေါင်းစုစေတီတော်တစ်ဆူ တည်ထားကိုးကွယ်နိုင်ရေးအတွက် ကျောက်ပျဉ်းရွာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ္ဍ အမှူးပြုသည့် ကျေးရွာနေပြည်သူများက ဆောင်ရွက်လျက်ရှိပြီး စေတီဟောင်းတူးဖော်စဉ် တွေ့ရှိခဲ့သည့် ဗုဒ္ဓဆင်းတုတော်များကို အနေကဇာတင်လှူပူဇော်ပွဲနှင့် စေတီတော်တည်ထားမည့်နေရာသို့ ပင့်ဆောင်ပူဇော်ပွဲကို မေ ၂၈ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဓာတ်ပေါင်းစုစေတီတော်ကို အများကောင်းမှုအဖြစ် တည်ထားမည်ဖြစ်ပြီး စေတီတော်တည်ထားနိုင်ရေးအတွက် ကျောက်ပျဉ်းကျေးရွာနေ ဦးသန့်ဇင်နှင့် ဒေါ်လဲ့လဲ့ဝင်း မိသားစုတို့က မတည်လှူဒါန်းငွေ ကျပ်သိန်း ၁၅၀ နှင့် စေတနာရှင်ပြည်သူများထည့်ဝင်သည့် အလှူ ငွေ ကျပ်သိန်း ၁၅၀ ကျော်တို့ ရရှိနေပြီဖြစ်ကာ ထပ်မံထည့်ဝင်လှူဒါန်းလိုသူများသည် ဖုန်း ၀၉-၄၀၁၆၅၀၀၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

**၁၀၁**

## သင်ရိုးသစ်သင်တန်း ပျက်ကွက်သည့် ဆရာ ဆရာမများအား သင်တန်းထပ်မံပို့ချမည်

**မန္တလေး မေ ၂၉**
ယခုနှစ်တွင် စတင်သင်ကြားမည့် ဒုတိယတန်းသင်ရိုးသစ်ကို သင်ကြားပေးရမည့် ဆရာ ဆရာမများအတွက် ကျောင်းအုပ်စုအဆင့် သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါသင်တန်းသို့ တက်ရောက်ရန် အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခဲ့ရသော ဆရာ ဆရာမများအား သင်တန်းပြန်လည်ပို့ချပေးမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

ဒုတိယတန်းကို သင်ရိုးအသစ်ဖြင့် သင်ကြားမည်ဖြစ်ရာ သင်ကြားပေးရမည့် ဆရာ ဆရာမများအတွက် သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအုပ်စုအဆင့်များဖြင့် သင်တန်းများ ပို့ချခဲ့သည်။ ထိုသို့ ကျောင်းအုပ်စုအဆင့် သင်တန်း ဖွင့်လှစ်ရာတွင် သင်တန်းတက်ရောက်ရမည့် ဆရာ၊ ဆရာမအချို့မှာ မီးဖွားခွင့်၊ ဆေးခွင့်များကြောင့် ပျက်ကွက်မှုများရှိခဲ့ရာ ထိုသို့ ပျက်ကွက်ခဲ့သော ဆရာ၊ ဆရာမများအား သင်တန်းများ ပြန်လည်ပို့ချပေးရန်အတွက် ညွှန်ကြားထားခြင်းဖြစ်သည်။



ကျောင်းသားကျောင်းသူများအား ပြန်လည်သင်ကြားနိုင်ရန် ဒုတိယတန်းသင်ရိုးသစ်သင်တန်းတွင် သင်တန်းပို့ချပုံများကို ဆရာမများ ကြည့်ရှုလေ့လာစဉ်။

သင်တန်းပျက်ကွက်သည့် ဆရာ ဆရာမ အမည်စာရင်းများကို ခရိုင်နှင့် မြို့နယ်များအလိုက် ပြုစုကာ မေ ၂၄ ရက်မှ ဇွန် ၇ ရက်အထိ သင်တန်း ပြန်လည်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထပ်မံပို့ချမည့် သင်တန်းတွင် ဒုတိယတန်းသင်ရိုးသစ်သင်တန်းကို သင်ကြားပြသရမည့် ဆရာ၊ ဆရာမများ မကျန်ရှိစေရန်ကိုလည်း အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် သင်ရိုးအသစ်ဖြင့် သင်ကြားမည့် ဒုတိယတန်းအတွက် သင်ကြားပို့ချပေးမည့် ဆရာ ဆရာမ နှစ်သိန်းကျော်အား သင်တန်းများ ပေးအပ်ရန် စီစဉ်ခဲ့ပြီး ပြန်လည်သင်ကြားရမည့် ပုံစံများကိုလည်း ကျောင်းသား ကျောင်းသူများအား ထိရောက်စွာ သင်ကြားပေးနိုင်မည့် သင်တန်းပို့ချပုံများ စီစဉ်ရေးဆွဲခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပညာရေးစနစ်အသစ်ကို ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်ကာ သူငယ်တန်းအတွက် စတင်ပြောင်းလဲခဲ့ပြီးနောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်းကို ပြောင်းလဲခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဒုတိယတန်းသင်ကြားမှုကို ပြောင်းလဲကာ လာမည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တတိယတန်းကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ပူတာအိုခရိုင်တွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူများနှင့် ဆွေးနွေး

**ပူတာအို မေ ၂၉**
ကချင်ပြည်နယ် ပူတာအိုခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့သည် ခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် တောင်သူများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိရာ မေ ၂၈ ရက်က ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာမှ ဒေသခံတောင်သူများနှင့်



အခြေခံပညာအထက်တန်းကျောင်းခွဲ ခါကာဘိုခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဆောင်းက မိုးစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် မျိုးစေ့များကိုအသုံးပြုပြီး စနစ်တကျ စိုက်ပျိုးရမည်ဖြစ်ကြောင်းနှင့် မြေဩဇာများကို လိုအပ်ချက်အလိုက် ထည့်သွင်းစိုက်ပျိုးရမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်ဝင်းကလည်း ဒေသခံပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများတွင် ကျွဲ၊ နွားများ ကျန်းမာသန်စွမ်းပြီး စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ကျွဲ၊ နွားများကို စနစ်တကျ ခြံခတ်၍မွေးမြူသောစနစ်ကို လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ခြံခတ်၍ စနစ်တကျ မွေးမြူခြင်းဖြင့် ကျွဲ၊ နွား များအား ဆေးကုသမှုများ အချိန်မီပြုလုပ်နိုင်မည်ဖြစ်ကြောင်းနှင့် ကျွဲ၊ နွားများမှစွန့်ပစ်သည့် ဘေးထွက်ပစ္စည်းများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းထွန်းကလည်း တောင်သူများစိုက်ပျိုးမည့် စပါးစိုက်ခင်းများအတွက် ဖြည့်စွက်ရေရရှိရေး ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ စိုက်ပျိုးရေသုံးစွဲရာတွင် ရေလှည့်စနစ်ကိုကျင့်သုံး၍ စနစ်တကျ ရေယူမြောင်းများဖြင့် သုံးစွဲရမည်ဖြစ်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်တောင်သူများ၏ သိလိုသောမေးမြန်းချက်များကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြကာ မိုးစပါးစိုက်ပျိုးမည့်ဧရိယာများတွင် စိုက်ပျိုးရေရရှိရေးအတွက်လည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# ရန်ကုန်မြို့တွင်း၌ အရည်အသွေးမီ ကျောင်းကားများပြေးဆွဲနိုင်ရန် ယာဉ်ပိုင်ရှင်များစီစဉ်

**ရန်ကုန် မေ ၂၉**

ယခုရက်ပိုင်းအတွင်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည်ဖြစ်ရာ ရန်ကုန်မြို့တွင်းရှိ အခြေခံပညာစာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ကျောင်းတက်လွယ်ကူစေရန်အတွက် အဆင့်မြင့်ကျောင်းကားများ အသုံးပြုပြေးဆွဲရန် စည်းကမ်းချက်ပေါင်း ၂၃ ချက် ထုတ်ပြန်ထားသည်ဟု သိရသည်။

ယခုနှစ်တွင် အဆင့်မြင့်အရည်အသွေးမီကားများသာ ကျောင်းကားအဖြစ် ပြေးဆွဲခွင့်ပြုမည်ဖြစ်၍ လိုက်ထရပ်ကားများ ပြေးဆွဲခွင့်မရှိဖြစ်လာသောကြောင့် ယခင်စာသင်နှစ်က ကျောင်းကားအဖြစ် ပြေးဆွဲခဲ့သော နောက်ဖွင့်လိုက်ထရပ်ယာဉ်ငယ်များအစား အန်စာတုံးယာဉ်များ ဝယ်ယူပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

ဒဂုံ အလက ၁ ကျောင်းတွင် ကျောင်းကားပြေးဆွဲနေသူ ကိုစိုးလင်းထက်ကလည်း ယခုနှစ် စည်းကမ်းချက်များအရ ကျောင်းကားများတွင် သတ်မှတ်အရည်အချင်းနှင့် ညီညွတ်သော ယာဉ်မောင်းလိုင်စင် ယာဉ်နောက်လိုက်လိုင်စင်များရှိသည့် ယာဉ်လုပ်သားများရှိရမည်ဖြစ်ပြီး ပြေးဆွဲမည့်ယာဉ်၏ ရှေ့နောက်၊ ဘေးမြင်ကွင်း ဓာတ်ပုံတစ်ပုံစီနှင့် ယာဉ်မောင်း ယာဉ်နောက်လိုက်တို့၏ လိုင်စင်မိတ္တူများကို မိမိပြေးဆွဲမည့် ကျောင်းသို့ ကျောင်းကားပြေးဆွဲခွင့် လျှောက်လွှာနှင့်အတူ တင်ပြလျှောက်ထားရကြောင်း၊ ကျောင်းကားများအတွက် စည်းကမ်းချက် ၂၃ ချက်ရှိပြီး ထိုအချက်များကို သိရှိလိုက်နာမည်ဖြစ်ကြောင်း ခံဝန်လက်မှတ်ကိုပါ တစ်ပါတည်းပေးပို့ရကြောင်း ပြောသည်။

စည်းကမ်းချက် ၂၃ ချက်တွင် ကျောင်းကားများ၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အနေဖြင့် မူးယစ်သောက်စားခြင်းမရှိရ၊ ကျောင်းကားပြေးဆွဲသည့်ခရီးစဉ်တွင် ကျောင်းကားစီး ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးကို တာဝန်ယူပေးရမည်၊ ပြိုင်မောင်းခြင်း လုမောင်းခြင်း မပြုလုပ်ရ၊ ယာဉ်နောက်လိုက်သည် ကျောင်းကားစီး ကျောင်းသား ကျောင်းသူများနှင့် နောက်ပြောင်ဆော့ကစားခြင်းမပြုရ၊ ကျောင်းကားအတွင်း စည်းကမ်းများကို လိုက်နာခြင်းမရှိသည့် ကျောင်းသား ကျောင်းသူအား ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့သို့ တိုင်ကြားထားရမည်၊ သတ်မှတ်ထားသောကျောင်း၏ ကားရပ်နားရမည့်နေရာတွင်သာ ရပ်နားရမည်၊ ယာဉ်ပေါ်တွင်အမှိုက်ပုံးထားရှိပြီး ယာဉ်ပေါ်မှအမှိုက်မပစ်ချရ၊ လမ်းကြံ့ခရီးသည်မတင်ရ၊ ယာဉ်စက်ချွတ်ယွင်းပါက အချိန်မီ အစားထိုးပေးရမည် စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

ယခုနှစ်တွင် အရည်အသွေးမီယာဉ်များဖြင့်သာ ကျောင်းကားပြေးဆွဲရန် သတ်မှတ်ချက်အရ ယခင်နှစ်က လိုက်ထရပ်ယာဉ်ငယ်ဖြင့် ပြေးဆွဲစဉ်က ကျောင်းကားခမှာ တစ်လ ၁၅၀၀၀ မှ ၂၀၀၀၀ ကျပ်ဖြစ်သော်လည်း ယခုနှစ်တွင် အန်စာတုံးယာဉ်ဖြင့် ပြေးဆွဲရာတွင် ကျောင်းကားခမှာ တစ်လ ကျပ် ၃၀၀၀၀ ဝန်းကျင် ဖြစ်လိမ့်မည်ဟု ဦးဝင်းစိုးက ပြောသည်။

ကျောင်းတက်ကျောင်းဆင်းချိန်တွင် ကျောင်းကားများ စနစ်တကျရပ်၍ အတင်အချပြုလုပ်သည့် ရှေ့ပြေးစမ်းသပ်မှုကို ဖေဖော်ဝါရီလဆန်းပိုင်းက ပြည်လမ်းမပေါ်ရှိ ဒဂုံ အလက ၁ ကျောင်းရှေ့တွင် ရက်သတ္တပတ်ကြာ ပြုလုပ်ခဲ့ပြီးဖြစ်သည်။



ကျောင်းကားပြေးဆွဲခွင့်လျှောက်လွှာတွင် ပူးတွဲတင်ပြရသည့် ဓာတ်ပုံများ

၂၀၁၈-၂၀၁၉ စာသင်နှစ်အတွင်း ကျောင်းကားပြေးဆွဲရန် School Bus အဝါရောင်ကားသစ် ၂၀၀ ကို ၂၀၁၇ ခုနှစ်အတွင်း သက်ဆိုင်ရာက ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ပြီးနောက် ယင်းကားများအနက် ကားအစီးရေ ၈၀ ကို ပြည်လမ်းရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း TTC တွင် School Bus အဖြစ် ပြေးဆွဲမည်ဖြစ်ကာ ကျန်မြို့တွင်းကျောင်းများတွင်မူ ယခင်အတိုင်း ပုဂ္ဂလိကကျောင်းကားများကို အဆင့်မြင့်အရည်အသွေးမီယာဉ်များဖြင့် ပြေးဆွဲရန် သက်ဆိုင်ရာက ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

**ခင်ဆိုင်**

## ဘုတ်ပြင်းမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

**ဘုတ်ပြင်း မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ထောင်စုံမဟက်ကျေးရွာအုပ်စု ချောင်းလမိုင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲသစ်ဖွင့်ပွဲကို မေ ၂၉ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လတ်က ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ ထောင်စုံမဟက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးခြင်းဖြင့် မိမိတို့ကျေးရွာအုပ်စုအတွင်းရှိ ထောင်စုံမဟက်၊ ချောင်းလမိုင်၊ ချောင်းတာစူး၊ ချောင်းကတုံး၊ ဝက်ခြံ၊ ထောင်ယွန်း၊ ဘိုးဒါး၊ ဝါးချောင်း၊ စခန်းသာ စသည့်ကျေးရွာကိုးရွာမှ ကျေးလက်နေပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်စွာ ရရှိလာတော့မည်ဖြစ်ကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

## မွန်ပြည်နယ်၌ ကုန်သွယ်ခွန်အများဆုံး ပေးသွင်းသူများကို ဂုဏ်ပြု

**မော်လမြိုင် မေ ၂၉**

မွန်ပြည်နယ်၌ ၂၀၁၆-၂၀၁၇ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေခွန်အများဆုံးပေးသွင်းသူ ၅၀ နှင့် ကုန်သွယ်ရေးလုပ်ငန်းခွန် အများဆုံးပေးသွင်းသူ ၅၀ တို့အား ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီ၌ ပြည်နယ်အစိုးရအဖွဲ့ရုံး ဟင်္သာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေခွန်အများဆုံးပေးသွင်းသူများနှင့် ကုန်သွယ်ရေးလုပ်ငန်းခွန် အများဆုံးပေးသွင်းသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက်အခွန်အများဆုံး ပေးသွင်းသူများကိုယ်စား Rock Star ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဦးခင်ဇော်က ကျေးဇူးတင်စကားပြောကြားသည်။

ပြည်နယ်အတွင်း အခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန်ကျပ်သန်းပေါင်း ၈၂၀၃ ဒသမ ၂၅၄ သန်း ကုန်သွယ်ရေးလုပ်ငန်းခွန် ကျပ်သန်းပေါင်း ၆၈၉၈ ဒသမ ၂၇၄ သန်း ရရှိခဲ့ကြောင်း ပြည်နယ် ပြည်တွင်းအခွန်ဦးစီးဌာနရုံးမှ သိရသည်။

**တင်ထွန်း**

## ဩဂဲနစ်လက်ဖက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး သဘာဝမြေဩဇာ ပြုလုပ်နည်းသင်တန်းဖွင့်

**သီပေါ မေ ၂၉**

စိုက်ပျိုးရေးဦးစီးဌာန Burma Love နှင့်ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်းလျက် ဩဂဲနစ်လက်ဖက်သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးအတွက် ဩဂဲနစ်အီးအမ်ဘိုကာရှီသဘာဝဓာတ်မြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်း ဖွင့်ပွဲကို မေ ၂၈ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနမ့်ဆန်မြို့နယ် မြို့မဂိုဏ်းချုပ်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးမောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုင်းတိုးတိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် ဩဂဲနစ်သဘာဝမြေဩဇာများ တွင်ကျယ်စွာပြုလုပ်သုံးစွဲလာစေရေး၊ လက်ဖက်သီးနှံကို နိုင်ငံခြားပို့ကုန် ဩဂဲနစ်သီးနှံအနေဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖြစ်လာစေရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

အဆိုပါဩဂဲနစ်လက်ဖက်သီးနှံများ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ဆွေးနွေးပွဲသင်တန်းသို့ လက်ဖက်အသင်းကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လက်ဖက်အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ လက်ဖက်တောင်သူများတက်ရောက်ကြပြီး သင်တန်းသား ၁၀၀တို့အား ဩဂဲနစ်သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ပညာပေးလက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

**ဖခင်အမည်မှန်**

မြိုင်မြို့အထက(၁) တက္ကသိုလ်ဝင်တန်းမှ မမော်မော်စိုးနှင့် သန္တတ်အုပ်စု၊ သာယာကုန်းကျေးရွာ အမက(မူလွန်)အဋ္ဌမတန်းမှ မဇင်နွယ်မျိုးတို့၏ ဖခင်အမည်မှန်မှာ ဦးတက်နိုင်မြင့် ၈/မမန(နိုင်)၁၅၅၂၉၅ ဖြစ်ပါကြောင်း။ **ဦးတက်နိုင်မြင့်**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ မြင်သာကျေးရွာ၊ အထက၊ ကျောင်းဝင်အမှတ်(၅၈၉၆) ပဉ္စမတန်းမှ မစန်းမြင့်သူ၏ ဖခင် ဦးဖိုးထူး၏ အမည်မှန်မှာ ဦးကျော်မင်းဦး ၅/ဟမလ(နိုင်)၀၇၅၁၁၆ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းဦး**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဝင်္ဂဘော်ကျေးရွာနေ ဦးမင်းမင်း၏ သမီး မစန္ဒာဦးအား ယနေ့မှစ၍ မခိုင်ဇာသင်းဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ဇာသင်း**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ကလော့ကျေးရွာ အမက(မူလွန်) စတုတ္ထတန်းအောင်မှ မောင်အောင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းတင် ၁၀/ကမရ(နိုင်)၀၀၇၅၄၅ ဖြစ်ပါသည်။ **ဦးထွန်းတင်**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေကံသာ အလက(ခွဲ)၊ အဋ္ဌမတန်းမှ မောင်ခန့်ညီသတိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးရွှေ ၇/ကဝန(နိုင်)၁၂၇၄၁၀ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကျောက်တန်းမြို့နယ်၊ တမံကြီးကျေးရွာ အလက၊ အဋ္ဌမတန်းမှ မဝါဝါခိုင် (တမ ၁၀/၁၇)၏ ဖခင်အမည်မှန်မှာ ဦးညိမ်းဝင်း ဖြစ်ပါကြောင်း။ **ဦးညိမ်းဝင်း**

**အမည်ပြောင်းနှင့်ဖခင်အမည်မှန်**

သန်လျင်မြို့၊ အထက(ကျောက်ရေတွင်း) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းသီဟပိုင်အား မောင်မင်းသီရိပိုင် ဟုပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ထွန်း[၁၂/သကတ(နိုင်)၀၄၈၂၇၄] ဖြစ်ပါကြောင်း။

မောင်မင်းသီရိပိုင်၊
ဦးအောင်ကျော်ထွန်း
[၁၂/သကတ(နိုင်)၀၄၈၂၇၄]

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းအုပ်စု၊ နမ့်တောကျေးရွာ အထက နဝမတန်းမှ မောင်အောင်လင်းထွန်း၏ ဖခင်ဦးဖိုးချို၏ အမည်မှန်မှာ ဦးထွန်းရီ ၅/ခပန(နိုင်) ၀၀၁၈၃၁ အမှန်ဖြစ်ပါကြောင်း။ **ဦးထွန်းရီ**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ပန်းသာကျေးရွာ၊ အထက နဝမတန်းမှ မဝါဝါမြင့်၏ ဖခင်ဦးမောင်လှမျိုး၏ အမည်မှန်မှာ ဦးလှမျိုး ၅/ခဥတ(နိုင်) ၀၆၇၄၉၆ ဖြစ်ပါကြောင်း။ **ဦးလှမျိုး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ တိရစ္ဆာန်ဆေးဝါးနှင့်ပစ္စည်းများ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
- တိရစ္ဆာန်ဆေးဝါးနှင့်ဆေးပစ္စည်း(၁၁)မျိုး

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရန်** - ၁-၆-၂၀၁၈ရက်မှ ၂၁-၆-၂၀၁၈ရက်ထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၂၅-၆-၂၀၁၈ရက် ညနေ ၄နာရီ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (တိုင်းရုံး)၊ နန္ဒဝန်ရပ်ကွက်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၃၇၁၉၊ ၀၇၁-၂၆၅၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်း၊ ဦးပိုင်အမှတ်(G-၈၃)၊ ဧရိယာ ၀ဒသမ၀၈၃ ဧကရှိ မြေကို ဒေါ်နန္ဒာဝင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့နယ်**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းအုပ်စု၊ အထက(နမ့်တော)မှ မောင်ဖြိုးဝေကျော် (ပဉ္စမတန်း)နှင့် မပုံပုံချစ်(စတုတ္ထတန်း) တို့၏ဖခင် ဦးအိုက်ချော၏ အမည်မှန်မှာ ဦးသောင်းမောင် ၅/ဟမလ(နိုင်)၀၇၇၅၃၄ ဖြစ်ပါကြောင်း။ **ဦးသောင်းမောင်**

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့နယ်၊ အထက (ပျားစည်)၊ အဋ္ဌမတန်းမှ မအေးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်း ၉/ရမသ(နိုင်)၂၀၄၇၃၅ ဖြစ်ပါကြောင်း။ **ဦးမောင်ငြိမ်း**

**ငွေချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပခုက္ကူခရိုင်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

ဦးကျော်မောင်း နှင့် ၁။ ဦးကျော်သောင်း
၂။ ဦးကျော်လေး
၃။ မချိုမာဝင်း
၄။ မောင်ထွန်းထွန်းဝင်း
၅။ မယုယုဝင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လန်ဒန်းဝင်းရပ်ကွက်၊ သံလျက်မော်အရှေ့၊ စိန်ပန်းရပ်နေ(၂) တရားပြိုင် ဦးကျော်လေး(ဘ)ဦးဖိုးထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုက သင့်အပေါ်၌ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုအဖြစ် စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ မေ ၃၀ရက် (၁၃၈၀ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့် မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်ရာတွင်ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ မေ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်မြတ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပခုက္ကူခရိုင်တရားရုံး**

**ငွေချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာယာဝတီခရိုင်တရားရုံး**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

လက်ပံတန်းမြို့နယ်၊ သမဝါယမအသင်းစုလီမိတက် (၎င်း၏ကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ငွေးရီ) နှင့် ၁။ ဦးမြင့်ကြိုင်
၂။ ဦးထက်ထက်ဇော်
၃။ ဦးကျော်စိုး
၄။ ဦးဝင်းထွဋ်
၅။ ဦးကြည်ဝင်း

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ နတ်ဖန်ကွင်းအုပ်စု၊ ရွာမကျေးရွာနေ ဦးမြင့်ကြိုင်၊ ဦးထက်ထက်ဇော်နှင့် ဦးဝင်းထွဋ်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေနှင့်ဝန်ဆောင်မှု အတိုးငွေစုစုပေါင်း(၁၉၇၄၆၇၀၇) ကျပ်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဇွန် ၂၅ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၃ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ မေ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မန်ဟောက်ရှုန်)**
**ခရိုင်တရားသူကြီး**
**သာယာဝတီခရိုင်တရားရုံး**

NEW Product

# လူကြီးမင်း၏ လိုအပ်ချက်ကို ယူပီဂျီမှ ဖြည့်ဆည်းပေးလိုက်ပါပြီ. . .

ပေါင်ဒါပတ်တီးများ အသုံးပြု၍ ဆေးအဖတ်လိုက်ကွာခြင်း၊ အယ်ကာလီများကြောင့် အဖြူရောင်အကွက်များဖြစ်ပေါ်ခြင်း၊ ဖုန်ကဲ့သို့ အမှုန်များထွက်ခြင်းတို့မဖြစ်ရေးအတွက် ယူပီဂျီမှ အသစ်ထပ်မံထွက်ရှိသော ပစ္စည်းသစ်နှစ်မျိုးက တာဝန်ယူလိုက်ပါပြီ. . .

## Hi–Bond Sealer (PBS11100)

ထူးခြားသောအရည်အသွေးရှိသည့် ရေဆေးအခြေခံဆီလာဖြစ်သည်။ Cementitious Skim Cote မျက်နှာပြင်၊ ကွန်ကရစ်နှင့် အင်္ဂတေအတွင်း၊ အပြင်မျက်နှာပြင်များပေါ်တွင် အသုံးပြုနိုင်သည်။

### ဂုဏ်သတ္တိ

- အပေါ်ဆုံးသုတ်ဆေးလွှာကို စွဲကပ်အားကောင်းစေသည်။
- အယ်ကာလီ၊ ရေငွေ့၊ အရောင်လွင့်ခြင်းတို့မှ ကာကွယ်ပေးသည်။
- အမှုန်ဖွာထွက်နေသော မျက်နှာပြင်ကိုစွဲကပ်အားကောင်းစေသည်။
- ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေသော ဘက်တီးရီးယားပေါက်ဖွားခြင်း၊ ကာဗွန်နေးရှင်းဖြစ်ခြင်းတို့မှ ကာကွယ်ပေးသည်။
- ပြဒါးနှင့် မာကျူရီပါဝင်မှုမရှိပါ။




♦ ၁လီတာဝယ်ယူတိုင်းအတွက် လူမှုရေးရန်ပုံငွေ (CSR) တွင် ၁၀၀ကျပ် ထည့်ဝင်လှူဒါန်းပါမည်။

UPG
SMART
SkimCote
For Exterior Use
SPS 11010




### ဂုဏ်သတ္တိ

- ကွန်ကရစ်မျက်နှာပြင်ပေါ်တွင် စွဲကပ်မှုအားအလွန်ကောင်းခြင်း
- မျက်နှာပြင် ညီညာမှုရှိခြင်း
- ကော်ပတ်စားရန်လွယ်ကူခြင်း
- ပြင်ပသုံးရန်အထူးသင့်လျော်ခြင်း

### ပြင်ပသုံး ပတ်တီးမှုန့်

အရည်အသွေးကောင်းမွန်သော Cementitious Skim Cote ကို ကွန်ကရစ်နှင့် အင်္ဂတေ အတွင်း၊ အပြင် မျက်နှာပြင်များပေါ်တွင် အချောကိုင်ရန် အသုံးပြုနိုင်သည်။

UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းရှိ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသူများအား သွားရောက်တွေ့ဆုံ



**စစ်တွေ မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဦးကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကာ တစ်ဖက်နိုင်ငံမှ မိမိသဘောဆန္ဒဖြင့် ပြန်လည် ဝင်ရောက်လာသူများအား သွားရောက်တွေ့ဆုံခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံထားခြင်းဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေး အစီအစဉ်ကိုလည်း နှစ်နိုင်ငံ

*စာမျက်နှာ ၁၀ ကော်လံ ၁* ❁

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်း



**နေပြည်တော် မေ ၂၉**

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ဝဲပုံ)**

သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းကို ငွေဖောင်းပွမှုနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ထားရှိဆောင်ရွက်နိုင်ရန်၊ သီးသန့်ငွေတိုးတက်မှုနှုန်းကို ၁၆ ရာခိုင်နှုန်းနှင့် စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်း ၂၃ ရာခိုင်နှုန်းရှိစေရန် ဆောင်ရွက်ခဲ့ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❄

## သတင်းစာ ရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံး အမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
၂၀၁၈ ခုနှစ်၊ မေ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြ ရဲ့ အထပ်မြင့်ဆုံး အဆောက်အအုံများ

**ဝေယံဦး**



ရန်ကုန်မြို့၏ ပဋ္ဌမအမြင့်ဆုံး အဆောက်အအုံ Centre Point Tower

**ရန်ကုန်မြို့ဟာ** နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အသွင်ကို တဖြည်းဖြည်း ပြောင်းလဲနေတာမို့ နေရာအတော်များများမှာ မိုးပျံအဆောက်အအုံတွေ များပြားလာတာ တွေ့နေပြီဖြစ်ပါတယ်။ တည်ဆောက်ပြီး အထပ်မြင့်အဆောက်အအုံတွေကို မြင်တွေ့ရမှာဖြစ်သလို အဆိုပြုထားဆဲ အထပ်မြင့်အဆောက်အအုံ စီမံကိန်းတွေလည်း ရှိနေပါတယ်။ ရန်ကုန်မြို့မှာ ဒီလိုအထပ်မြင့်အဆောက်အအုံတွေ တည်ဆောက်မှုနဲ့ ပတ်သက်ပြီး အထပ်မြင့်အဆောက်အအုံစီမံကိန်းများ အရည်အသွေးထိန်းချုပ်ရေး (CQHP) ကော်မတီက စစ်ဆေးမှုတွေ ပြုလုပ်နေပြီး သတ်မှတ်တဲ့ စံချိန်စံညွှန်းပြည့်မီရင် ခွင့်ပြုပေးနေပါတယ်။

ရန်ကုန်မြို့မှာ အခုလောလောဆယ် ၂၀၁၈ ခုနှစ် မေလအထိ အမြင့်ဆုံးအဆောက်အအုံတွေရဲ့ စာရင်းကိုကြည့်ရင် အင်းလျားကန်ရဲ့ အရှေ့မြောက် ဘက် ဦးထွန်းငြိမ်လမ်း မရမ်းကုန်းမြို့နယ်မှာ တည်ဆောက်ထားတဲ့ Diamond Inya Palace Condo (**အောက်ပုံ**)ဟာ လက်ရှိ ရန်ကုန်မြို့မှာတော့ အမြင့်ဆုံး အဆောက်အအုံဖြစ်ပါတယ်။ အဲဒီအဆောက်အအုံဟာ အမြင့်ပေ ၃၄၀ ရှိပြီး အထပ်ပေါင်း ၃၄ ထပ် ရှိကာ ကားအစီးရေ ၅၀၀ ခန့် ရပ်နားနိုင်တဲ့ ကားပါကင်ထားရှိတယ်ဆိုပါတယ်။

ဒိုင်းမွန်းအင်းလျားပဲလေ့စ် အထပ်မြင့်အဆောက်အံုကို စင်ကာပူနိုင်ငံ JGP မှ ဒီဇိုင်းရေးဆွဲခဲ့တာဖြစ်ပြီး ထိုင်းနိုင်ငံရဲ့ Project man ကနေ စီမံကိန်းဖြစ်မြောက် အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံခန့်ခွဲခဲ့တာဖြစ်ပါတယ်။ ရေကူးကန်၊ အားကစားခန်းမ၊ ဓာတ်လှေကား ၁၃ စင်း အပြင် ရေဂါလန်နှစ်သိန်းခန့်ဆံ့တဲ့ ရေကန်လည်း ပါရှိပါတယ်။ ငလျင်ဒဏ် ၈ ဒသမ ၅ အထိ ခံနိုင်ရည်ရှိတဲ့ အရည်အသွေးရှိအောင် တည်ဆောက်ထားတဲ့ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါတယ်။ အဲဒီအထပ်မြင့်အဆောက်အအုံဟာ အင်းလျားကန်၊ ရွှေတိဂုံစေတီတော်နဲ့ ရန်ကုန်မြို့ပြရဲ့မြင်ကွင်းကို အပေါ်စီးကနေပြီး မြင်တွေ့ခံစားနိုင်ပါတယ်။

ရန်ကုန်မြို့ပြရဲ့ ဒုတိယအမြင့်ဆုံး မိုးပျံအဆောက်အအုံကတော့ ဂိုးဒင်းစီးတီးပါပဲ။ ရန်ကင်းမြို့နယ်မှာတည်ရှိပြီး အထပ်ပေါင်း ၃၃ ထပ်ရှိကာ အမြင့်ပေ စုစုပေါင်း ပေ ၃၆၀ ရှိပါတယ်။ Golden Land Real Estate Development မှ တာဝန်ယူတည်ဆောက်ထားတာဖြစ်ပြီး အထပ် ၃၃ ထပ်မှာ အခန်းပေါင်း ၁၀၂၀ ခန်း ပါဝင်ပါတယ်။ အဲဒီ Golden City ကို အမေရိကန်ဒေါ်လာ သန်း ၂၃၀ ရင်းနှီးမြှုပ်နှံထားပြီး ဥရောပဆန်တဲ့ ဖွဲ့စည်းတည်ဆောက်မှုတွေ၊ ပြင်သစ်ဆန်တဲ့ ပန်းခြံ၊ ရေကူးကန်၊ အားကစားခန်းမတွေ၊ ဟိုတယ် နဲ့ ဈေးရောင်းဈေးဝယ်စင်တာတွေစတဲ့ ဝန်ဆောင်မှုတွေအပြင် ကျန်းမာရေးဆိုင်ရာ ကုသပေးမှုစင်တာ၊ ဆေးရုံတွေလည်း ပါဝင်နေပါတယ်။ ဒီအဆောက်အအုံပေါ်တွေကနေပြီး ရွှေတိဂုံစေတီတော်၊ အင်းလျားကန်နဲ့ ရန်ကုန်မြို့တစ်မြို့လုံးရဲ့ နေရာအစိတ်အပိုင်းအတော်များများကို မြင်တွေ့ခံစားရနိုင်ပါတယ်။



ရန်ကုန်မြို့ရဲ့တတိယအမြင့်ဆုံး အထပ်မြင့်အဆောက်အအုံကတော့ Lotte Hotel Yangon Residences ဖြစ်ပြီး ရန်ကုန်မြို့ပြည်လမ်း အမှတ် ၈၂ လှိုင်မြို့နယ်မှာ တည်ရှိပါတယ်။ အမြင့် ၁၀၄ မီတာရှိပြီး အထပ်ပေါင်း ၂၉ ထပ်နဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်ရဲ့ မြောက်ဘက်၊ အင်းလျားကန်ရဲ့အနောက်ဘက်မှာ တည်ရှိပြီး အစည်းအဝေးခန်းမ၊ ညှော့ခံပွဲခန်းမ၊ စားသောက်ဆိုင်များအပြင် အပန်းဖြေခန်းများ ပါဝင်ပါတယ်။ ဒီအဆောက်အအုံကို ၂၀၁၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ ပြီးစီးခဲ့တာဖြစ်ပါတယ်။ ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်ဖြစ်တာမို့ နိုင်ငံတကာကဧည့်သည်တွေအတွက်တော့ ရန်ကုန်မြို့မှာ အဆင့်မြင့်တည်းခိုနိုင်တဲ့ အထပ်မြင့်အဆောက်အအုံတစ်ခုပဲ ဖြစ်ပါတယ်။ အားကစားရုံ၊ ကားပါကင်၊ အစည်းအဝေး ခန်းမ၊ အရေးပေါ် မီးငြိမ်းသတ်စနစ်၊ CCTV၊ မီနီမားကတ်တွေလည်း ပါဝင်ပါတယ်။

ရန်ကုန်မြို့ရဲ့ စတုတ္ထအမြင့်ဆုံး အဆောက်အအုံကတော့ အမှတ် ၆၅၊ ကမ္ဘာအေးဘုရားလမ်းရဲ့ နဂါးရုံကျောင်းလမ်းမှာ တည်ဆောက်ထားတဲ့ Kabar Aye Executive Residence ပဲ ဖြစ်ပါတယ်။ အမြင့် ၉၆ ဒသမ ၈၉ မီတာရှိပြီး အထပ်ပေါင်း ၂၇ ထပ်ရှိကာ ၂၀၁၃ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ပြီးစီးခဲ့တာဖြစ်ပါတယ်။ အဲဒီ အဆောက်အအုံမှာ မြေငလျင်ဒဏ်ခံနိုင်မှုရှိအောင် စနစ်တကျ တွက်ချက်တည်ဆောက်ထားပြီး အရေးပေါ်နှင့် ကျန်းမာရေးသုံး ရဟတ်ယာဉ်ကွင်း ပါရှိပါတယ်။ Firemen Lift ဓာတ်လှေကားပါရှိခြင်း၊ အလိုအလျောက် မီးငြိမ်းသတ်ပေးနိုင်သော Sprinkler များလည်း တပ်ဆင်ထားပါတယ်။

ရန်ကုန်မြို့ရဲ့ ပဥ္စမအမြင့်ဆုံး အဆောက်အအုံကတော့ ဆူးလေဘုရားလမ်းနဲ့ ကုန်သည်လမ်းကြား ကျောက်တံတားမြို့နယ်မှာ တည်ဆောက်ထားတဲ့ Centre Point Tower ပဲ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ တည်ဆောက်မှု လုပ်ငန်းပြီးစီးခဲ့ကာ ၂၀၁၅ ခုနှစ် စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အမြင့် ၈၉ ဒသမ ၇၁ မီတာရှိပြီး အထပ်ပေါင်း ၂၅ ထပ်ရှိကာ ဟိုတယ်၊ ရုံးခန်း၊ ဆွေးနွေးပွဲခန်းမ၊ ရှော့ပင်းမော စတာတွေ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

***အချပ်ပို(ယ)သို့***



# ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုင်စင်ဖြင့် အခွန်ဆောင်သော သဲစုပ်စက်လှေထက် လိုင်စင်မဲ့သဲစုပ်စက်လှေ ပို၍များလာခြင်းမှာ - - -


ဓာတ်ပုံ-သစ္စာ

**သော်တာနမ့်စန်**

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များနှင့် မြို့နယ်များရှိ တည်ဆောက်ရေးလုပ်ငန်းတွင် အရေးပါသော သဲကို ရန်ကုန်မြစ်နှင့် လှိုင်မြစ်အတွင်းရှိ သဲစုပ်ရန်ခွင့်ပြုထားသော သောင်ခုံတို့တွင် စက်လှေတို့ဖြင့် သဲစုပ်ယူလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း သဲစုပ်စက်လှေပေါင်း ၃၀၀ ခန့်မှ အစင်းရေ တစ်ရာကျော်သာ လိုင်စင်ပြုလုပ်ကြပြီး ကျန်သော အစင်းရေ ၁၇၀ ခန့်မှာ လိုင်စင်မဲ့ဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း ရန်ကုန်မြို့ သဲလှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဆိုသည်။**

**ခွင့်ပြုပြီးသတိပေး**

ဆိပ်ကမ်းအာဏာပိုင်က မြစ်အတွင်းရှိ သောင်ခုံများကို ဖယ်ရှားရန်အခက်အခဲရှိ၍ သဲစုပ်စက်လှေများသဲစုပ်ခြင်းကို ခွင့်ပြုထားပြီး နိုင်ငံခြားသင်္ဘောများ ဝင်ထွက်သွားလာမှုကို ထိခိုက်မှုမရှိစေရန်၊ ရေကြောင်းသွားလာမှု ပိတ်ဆို့မှုမရှိစေရန်နှင့် မြစ်ကမ်းနှင့်ကပ်လျက်တွင် သဲစုပ်ခြင်းမပြုကြရန် အထူးသတိပေးထားပြီးလည်း ဖြစ်သည်။

**ကျယ်ပြန့်သော ဝါးတရာသောင်တွင် သဲလှေအများဆုံးသဲစုပ်ယူ**

လှိုင်မြစ်ထက် ရန်ကုန်မြစ်သည် နိုင်ငံခြားသင်္ဘောများ ဝင်၊ ထွက်သွားလာလျက်ရှိသောကြောင့် ရေကြောင်းကောင်းမွန်ရန် အထူးလိုအပ်ပြီး နှစ်စဉ်ပင်လယ်ဝမှ ပို့ချလျက်ရှိသော နွံများနှင့် ညောင်တုန်းအထက်မှ စီးဆင်းလာသောမြစ်ရေနှင့်အတူ သဲများပို့ချမှုကြောင့် ပုဇွန်တောင်သောင်၊ ကျောက်တန်းချောင်းဝသောင်၊ ဒဂုံဆိပ်ကမ်းရှေ့သောင်၊ သန်လျင်အမှတ်(၁)နှင့် အမှတ်(၂)တံတားကြားရှိ အိုးဘိုသောင်(မနှစ်မှစ၍ပိတ်)၊ သီလဝါသောင်၊ သန်လျင်အမှတ်(၂) တံတားအထက်သောင်(နွံသောင်)၊ ဝါးတရာသောင်၊ ရွာမသောင်တို့ ပေါ်ထွန်းလာခြင်းဖြစ်ရာ ရွာမသောင်၊ သီလဝါသောင်နှင့် ဝါးတရာသောင်တို့ကို သဲစုပ်ရန် ခွင့်ပြုထားပြီး ထိုသောင်များထဲတွင် ဝါးတရာသောင်သည် မှော်ဘီမြို့ထိ ရှည်လျားသော သောင်ပြင်ကြီးဖြစ်သောကြောင့် စက်လှေအများဆုံး သဲစုပ်ရာနေရာလည်း ဖြစ်သည်။

**လိုင်စင်သဲလှေ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သဲစုပ်စက်လှေများတွင် တစ်ဦးချင်းအခွန်ဆောင်သော စက်လှေနှင့် သဲလှေလုပ်ငန်းရှင်များအသင်းမှ လိုင်စင်အခွန်ဆောင်သော စက်လှေတို့ဖြင့် အစင်း ၁၃၀ ခန့်သာရှိပြီး လက်ရှိမြစ်အတွင်း သဲစုပ်စက်လှေပေါင်းမှာ အစင်း ၃၀၀ ခန့်ရှိသောကြောင့် လိုင်စင်မဲ့သဲစက်လှေမှာ လိုင်စင်သဲစက်လှေထက်ပို၍ များနေခြင်းဖြစ်သည်။

“သဲလှေလုပ်ငန်းရှင်အသင်းအဖွဲ့ထဲက အားလုံးလိုင်စင်ဆောင်ပြီး တရားဝင်လုပ်နိုင်အောင် ကျွန်တော်တို့ ကြိုးစားခဲ့ပါတယ်၊ ယခင်က အသင်းမှာ စက်လှေ ၁၈၀ ရှိတယ်၊ သဲတစ်ကျင်းကို ၅၀ ကနေ ပြီးခဲ့တဲ့ သုံးနှစ်ကစပြီး သဲတစ်ကျင်းကို ၅၀၀ သတ်မှတ်ခဲ့တယ်၊ အကြောင်းအမျိုးမျိုးကြောင့် စက်လှေအသေးတွေ မဆောင်နိုင်တော့ဘူး၊ ကိုယ်ပိုင်သဲကွင်းမရှိတဲ့သူတွေ ပိုဆိုးတာပေါ့၊ ရန်ကုန်မှာ သဲစက်လှေ ၃၀၀ နီးပါးရှိတယ်၊ အခွန်ဆောင်တဲ့ သဲစက်လှေ ၁၀၀ စွန်းစွန်းလေးပဲရှိတာ၊ လှေတိုင်း ဆောင်နိုင်အောင် သဲစုပ်လှေတွေကို လျှော့ပေးပါ စာတင်ပေမယ့် အခုထိ မထူးခြားဘူး၊ စက်လှေအများသိထားတာက အခွန်ဆောင်လည်း ဒါပဲ၊ မဆောင်လည်း ဒါပဲဆိုတော့ မဆောင်လည်း ဘာမှပြဿနာမရှိဘူးပေါ့၊ အဖမ်းအဆီးရှိလာရင်လည်း လာတဲ့သူကို ငွေပေးပြီး ဖြေရှင်းတယ်၊ လိုင်စင်စက်လှေတွေ တစ်နှစ်ကို ၁၅ သိန်း၊ သိန်း ၂၀ ဆောင်လည်း ဘာမှမထူးခြားတော့ အခွန်မဆောင်တဲ့ စက်လှေတွေ ပိုများလာတာလည်း ပါတယ်၊ မေ ၂၆ ရက် မနက်ပိုင်းက ဝါးတရာဘက်မှာ ရေလမ်းထိန်းသိမ်းရေးက စစ်ဆေးတော့ အခွန်ဆောင်တဲ့ သဲစက်လှေတွေကို ဘာကြောင့် သဲစုပ်တာလည်း၊ ဒီနေ့လမ်းကြောင်းရှိတယ်ဆိုပြီး လုပ်ငန်းရပ်ခိုင်းတယ်၊ လိုင်စင်စက်လှေတွေက ကျွန်တော့်ကို လှမ်းတိုင်တယ်၊ လိုင်စင်စက်လှေတွေက လမ်းကြောင်းကြေးပေးရတော့ ပွစိပွစိ ဖြစ်ကုန်တာပေါ့၊ ရေထဲလုပ်စားပြီး ဗဟုသုတနည်းတော့ လိုင်စင်လှေတွေလည်း ပေးကမ်း နေရတယ်လေ၊ တစ်လကို နှစ်ကြိမ်လာတယ်၊ အခုအဲ့ဒါလည်း အခက်အခဲဖြစ်နေတာ၊ လိုင်စင်ထုတ်ပေးပြီး အခုလိုလုပ်ငန်းရပ်ခိုင်းတာကို တင်ပြတယ်၊ မထူးခြားဘူး၊ လိုင်စင်ကြေး ၁၀ သိန်းဆိုရင် လိုင်စင်တစ်ခုဖြစ်ဖို့ စရိတ်က ၁၀ သိန်း ကုန်နေရတယ်၊ ဒါကြောင့် နောက်ပိုင်းသဲစက်လှေတွေ လိုင်စင်မဆောင်တော့တာပဲ၊ မနှစ်က မြေပုံတိုင်းတာရေးကို သုံးသိန်းကိုးသောင်းပေးရတယ်၊ ဒါကြောင့် တရားဝင်လိုင်စင်ဆောင်တဲ့ စက်လှေတွေ နည်းလာတာလည်း ပါတယ်၊ အဓိကက လိုင်စင်ရှိတဲ့ သဲလှေတွေ နစ်နာမှုကို ကြုံနေရတယ်”ဟု သဲလှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လင်းက ပြောသည်။

**လိုင်စင်ရှောင်၍ သဲစုပ်လုပ်ငန်းလုပ်ကိုင်သူများလာ**

ရန်ကုန်မြစ်နှင့် လှိုင်မြစ်အတွင်း၌ သန်လျင်အမှတ်(၁) တံတားမှ ရွှေပြည်သာတံတားထိအား ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ယူလုပ်ဆောင်လျက်ရှိပြီး သဲစုပ်ရန်နေရာ လိုင်စင်အတွက် ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်ပေးကာ ကျေးရွာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်း၊ စည်ပင်နှင့် အထွေထွေအုပ်ချုပ်ရေးရုံး ထောက်ခံစာ လိုအပ်သောကြောင့် အထွေထွေကုန်ကျစရိတ် ပို၍များလာပြီး သဲစုပ်စက်လှေငယ်များ လိုင်စင်မဆောင်နိုင်တော့သည့်နည်းတူ လိုင်စင်မလိုဘဲ လုပ်ငန်းလုပ်ဆောင်နိုင်သောကြောင့် လိုင်စင်သဲစက်လှေများ နစ်နာမှုကြုံတွေ့ရလျက်ရှိကာ စက်လှေကြီးများလည်း လိုင်စင်ဆောင်မှုလျှော့နည်းလာခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုင်စင်မဆောင်သော သဲစက်လှေများ ပို၍များလာခြင်း ဖြစ်ကြောင်း၊ လိုင်စင်ပြုလုပ်ရာတွင် အဆင့်ဆင့်ဖြင့် ခြောက်လကြာမြင့်တတ်ပြီး လိုင်စင်ရရှိချိန်တွင် အလုပ်လုပ်ချိန်မှာ ခြောက်လသာ ကျန်ရှိတတ်၍ လိုင်စင်ရှောင်ပြီး သဲစုပ်လုပ်ငန်းလုပ်ကိုင်သူ များလာခြင်းဖြစ်သည်။

**ပေါက်ဈေးနှင့်ကုန်ကျစရိတ်မကာမိ**

သဲတစ်ကျင်းလျှင် သုံးထောင်ဈေးရှိပြီး ဆီဈေးတက်၍ မိုးဝင်လာပြီဖြစ်ရာ ဈေးတန့်လျက်ရှိသည့်အတွက် ၁၀ ကျင်းပါသော စက်လှေတွင် သုံးသောင်းရရှိ၍ ဝါးတရာသောင်သို့ ဆီစားနှုန်းမှာ လေးဂါလန် ကုန်သောကြောင့် ဆီဖိုး ၁၆၀၀၀ နှင့် အလုပ်သမားအဖွဲ့အတွက် ၁၂၀၀၀ မှ ၁၅၀၀၀ ထိ ပေးရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း ကျဆင်းသည့်အတွက် သဲ၊ ကျောက်လုပ်ငန်း ဝင်ငွေကျဆင်း၍ ၁၀ ကျင်းလှေအစား သဲကျင်း ၂၀၊ ၃၀ စက်လှေတို့ဖြင့် သဲပေါက်ဈေးနှင့် ကုန်ကျစရိတ်ကာမိစေရန် လုပ်ကိုင်ကြကြောင်း သိရသည်။

**လိုင်စင်ကောက်ခံမှုနှစ်မျိုးကွဲနေ**

မြစ်အတွင်း သဲစုပ်သော စက်လှေများကို လိုင်စင်ကြေးကောက်ခံရာတွင် နှစ်မျိုးကွဲနေပြီး ဆိပ်ကမ်းအာဏာပိုင်ဧရိယာမှ ကောက်ခံရာတွင် သဲတင်ဆောင်နိုင်သော စက်လှေတန်အလိုက်တွက်၍ တစ်နေ့တစ်ခေါက်နှုန်းဖြင့် တန် ၄၀ အား ၄ ဖြင့်စားကာ ၁၀ ကျင်း၊ အလုပ်လုပ်သော ရက်ပေါင်း ၂၄၀ ၊ ရှစ်လ သတ်မှတ်ပြီး လေးလအား စက်လှေပြင်ဆင်ရက်နှင့် အလုပ်မရှိသောရက်အဖြစ်သတ်မှတ် ပြန်လျှော့ပေးသောကြောင့် ရက်ပေါင်း ၂၄၀ ကို ၁၀ ကျင်းနှင့် မြှောက်ပါက သဲကျင်း ၂၄၀၀ ရရှိပြီး တစ်ကျင်းလျှင် ကျပ် ၅၀၀ ဖြင့် ကျပ် ၁၂ သိန်းအား ဆိပ်ကမ်းအာဏာပိုင်သို့ ဆောင်ရကြောင်း၊ သဲစုပ်လိုင်စင်အတွက် ဓာတ်သတ္တုခွန်ဆောင်ရပြီး စက်လှေပြေးဆွဲခွန်၊ လှေလိုင်စင်၊ ကမ်းနားတွင် သဲပုံပါက စုပုံကြေးအဖြစ် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် သဲစက်လှေများ ဓာတ်သတ္တုခွန်အဖြစ် ၁၅ သိန်းမှ သိန်း ၂၀ ထိ အခွန်ဆောင်ရသည်ဟု ဆိုသည်။

**ဖမ်းဆီးတားမြစ်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်အတွင်းသဲစုပ်မည့်စက်လှေများ၊ သဲလုပ်ငန်းရှင်များအား လိုင်စင်စတင်လုပ်ရာ၌ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အစည်းအဝေးခေါ်ယူလေ့ရှိပြီး အခက်အခဲများကို ညှိနှိုင်းစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လိုင်စင်မဲ့သဲစက်လှေများကို ဖမ်းဆီးရာ၌ မည်သူများပါရှိရန် လိုအပ်ကြောင်း မေးမြန်းရာ တိုင်းဦးစီးမှူးက လိုင်စင်ထုတ်ပေးသော ထွေအုပ်၊ ရေလမ်းထိန်းသိမ်းရေးနှင့် ဖမ်းဆီးရန် ရဲတပ်ဖွဲ့တို့ဖြင့် သုံးဖွဲ့ပေါင်း၍ စစ်ဆေးရန် ညွှန်ကြားခဲ့ပြီး ယခုရက်ပိုင်းအတွင်း ဝါးတရာသောင်၌ သဲစုပ်စက်လှေများကို ဖမ်းဆီးရာတွင် ရေလမ်းထိန်းသိမ်းရေးတစ်ဖွဲ့တည်းမှ လိုင်စင်သဲစက်လှေများကိုပါ ဖမ်းဆီး၊ တားမြစ်နေကြောင်း သဲလှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဆိုသည်။

**လိုင်စင်ပြန်လည်ထုတ်ပေး**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများတွင် သဲစုပ်ရန် လုပ်ငန်းလိုင်စင်ချပေးခဲ့သည်မှာ ခြောက်နှစ်ရှိပြီဖြစ်ပြီး နယ်တွင် ယခင်ကတည်းက လိုင်စင်ချပေး၍ ရန်ကုန်တွင် သဲစုပ်လိုင်စင်မပေးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းရှိသည့်အတွက် သဲစုပ်ခြင်းကြောင့် ရေလမ်းကြောင်း ထိခိုက်မည်ကို စိုးရိမ်၍ ရန်ကုန်တိုင်းအတွင်း သဲမစုပ်ရန် တားမြစ်ခဲ့ပြီးနောက် သဲတစ်ကျင်းလျှင် ခြောက်ထောင်မှ နှစ်သောင်းထိ သဲဈေးမြင့်တက်သွားသည့်အတွက် လွန်ခဲ့သော ခြောက်နှစ်မှစ၍ လိုင်စင်များထုတ်ပေးခဲ့ခြင်းဖြစ်သည်။

**အချပ်ပို (ဃ) သို့**


ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ။

# ယနေ့တိုင် ငွေကြေးဝန်ဆောင်မှုများ ပေးနေဆဲဖြစ်သော

# ရှေးဟောင်းဘဏ်အဆောက်အအုံကြီးများ

■ တင်ဝင်းလေး(ကြည့်မြင်တိုင်) ■

**နိုင်ငံတော်**၏ စီးပွားရေးငွေကြေးဆိုင်ရာ လည်ပတ်မှုတွင် အဓိကသော့ချက်မှာ ဘဏ်များပင် ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဘဏ်များ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်ကြီးများ များစွာ ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။

ပုဂ္ဂလိကဘဏ်ကြီးတစ်ခုတည်းကပင် နိုင်ငံအနှံ့အပြား မြို့နယ်များ၌ ဘဏ်ခွဲပေါင်း ၅၀၀ ကျော်အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ရန်ကုန်မြို့၌ မြို့နယ်တစ်ခုတည်းမှာပင် နေရာနှင့်စီးပွားရေး အချက်အချာပေါ် မူတည်၍ ဘဏ်ခွဲသုံးခုအထိပင် ဖွင့်လှစ်လာသည်ကို တွေ့မြင်နေရသည်။

ပုဂ္ဂလိကဘဏ်များကို မှတ်မိသမျှလက်ချိုးရေတွက်ကြည့်ရာတွင် သမဝါယမဘဏ်(CB ဘဏ်)၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ ရိုးမဘဏ်၊ မြန်မာ့အရှေ့တိုင်းဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ရှေ့ဆောင်ဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ရွှေဘဏ် စသည်များအပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်စသောဌာနဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ ဘဏ်များလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

အရှိန်ရပြီးနောက် ပျောက်ကွယ်သွားသော ဘဏ်ကြီးသုံးဘဏ်မှာ အာရှဓနဘဏ်၊ မြန်မာမေဖလားဝါးဘဏ်နှင့် မြန်မာယူနီဗာဆယ်ဘဏ်တို့ဖြစ်သည်။ ပုဂ္ဂလိကဘဏ်များတွင် ယနေ့ အသုံးပြုနေသော အလိုအလျောက်ငွေထုတ်စက် (ATM) များကို မြန်မာမေဖလားဝါး ဘဏ်ဖွင့်စဉ်က စတင်အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ၂၄ နာရီအချိန်ပြည့် ငွေထုတ်ယူရရှိနိုင်ခြင်း၊ ဘဏ်များတွင် ကွန်ပျူတာစနစ်လိုင်းများ ချိတ်ဆက်အသုံးပြုလာနိုင်ခြင်းတို့ကြောင့် တစ်နေရာနှင့်တစ်နေရာ ငွေလွှဲ(ငွေပို့၊ ငွေထုတ်)ခြင်းတွင် လျင်မြန်စွာအချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ဘဏ်များအပေါ် ပြည်သူများက စိတ်ဝင်စားလာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ခေတ်တစ်ခါက ယခုကဲ့သို့ ပုဂ္ဂလိကဘဏ်ကြီးများ များပြားစွာမရှိခဲ့ပေ။ လက်နှစ်ဖက်သာ ချိုးရေတွက်၍ ရသော ကိန်းဂဏန်းသာရှိခဲ့သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းကြီးများကို နိုင်ငံတော်ကသာလျှင် စီမံဆောင်ရွက်ခွင့်ရှိသည်ဟူသော မူဝါဒနှင့်အညီ ဘဏ်လုပ်ငန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကသာ ချုပ်ကိုင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် (ဗဟိုဘဏ်)၊ မြန်မာ့စီးပွားရေးဘဏ် (မစဘ/MEB) နှင့် နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့သာလျှင် အဓိကရှိခဲ့သည်။

အဓိကစီးပွားရေးဘဏ်(ရုံးချုပ်)နှင့် ဗဟိုဘဏ်တို့မှာ မြို့လယ်ကောင် အချက်အချာနေရာများတွင်သာ တည်ရှိခဲ့ပြီး ၎င်းတို့၏ မူလဇာစ်မြစ်သည် ကိုလိုနီခေတ်၌ နိုင်ငံခြားသားများက လာရောက်ရင်းနှီးမြှုပ်နှံရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အထက်ကဆိုသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးသည် နိုင်ငံတော်ကသာလျှင် စီမံခန့်ခွဲခွင့်ရှိသည်ဟူသော မူဝါဒဖြင့် ပြည်သူပိုင်သိမ်းရာမှ ပြောင်းလဲလာခြင်းဖြစ်သည်။

**ပြည်ထောင်စုဘဏ်**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် တည်ရှိသည်။ ခံ့ထည်သော အဆောက်အအုံကြီးဖြစ်ပြီး ရန်ကုန်မြို့ပြ၏ အမွေအနှစ်စာရင်းဝင်ဖြစ်သည်။

အိန္ဒိယရီဇတ်(ဗ်)ဘဏ်အဖြစ် ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ အသုံးပြုခဲ့သည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှစတင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် (ဗဟိုဘဏ်)အဖြစ် ပြောင်းလဲခဲ့သည်။

ပထမဦးဆုံးသော မြန်မာကျပ်ငွေကို ဤဗဟိုဘဏ်ကြီးမှပင် ၁၉၅၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။ ၎င်းနောက် လုပ်ငန်းများကို ဆရာစံလမ်းဆုံရှိ ဘဏ်အသစ်သို့ ပြောင်းသွားပြီးနောက် မြဝတီဘဏ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှစတင်ကာ ရန်ကုန်စတော့အိတ်ချိန်းအဖြစ် ငွေကြေးနှင့်ဆိုင်သော စီးပွားရေးဆိုင်ရာ အဆောက်အအုံကြီးအဖြစ် ယနေ့တိုင် ရှိနေမြဲဖြစ်သည်။

**ငွေစုဘဏ်(၁)**

ပန်းဆိုးတန်းလမ်း (အောက်လမ်း) မြန်မာ့စီးပွားရေးဘဏ်(၂) ဘေးမှ လမ်းကြားလေးသာခြားပြီး ရှိနေသော ယနေ့ ငွေစုဘဏ် (၁) မှာ ဖ.ဆ.ပ.လ အစိုးရလက်ထက်က အရေးပိုင်ဖြစ်ခဲ့သော ဦးဖိုးစ တည်ထောင်ခဲ့သော မြန်မာအမျိုးသားပိုင် ပုဂ္ဂလိကဘဏ် အဆောက်အအုံဖြစ်သည်။

၁၉၆၃ ခုနှစ် ဘဏ်များ ပြည်သူပိုင်သိမ်းရာတွင် ပါဝင်လာခဲ့သော ဘဏ်တစ်ဘဏ်ဖြစ်သည်။ ထိုမှ ငွေစုဘဏ်ခွဲ(၁) အဖြစ် တည်ရှိလာခြင်းဖြစ်သည်။ သုံးထပ်ရှေးဟောင်းအဆောက်အအုံဖြစ်သည့် ယနေ့တိုင် ငွေကြေးလည်ပတ်မှုဖြင့် ဝန်ဆောင်မှုပေးနေသော ဘဏ်တစ်ဘဏ်ဖြစ်သည်။

**မ.စ.ဘ (၂)နှင့် င.စ.ဘ (၄)**

ကျောက်တံတားမြို့နယ် ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်တွင် တည်ရှိနေသော မြန်မာ့စီးပွားရေး ဘဏ် (မ.စ.ဘ)(၂) နှင့် ငွေစုဘဏ် (င.စ.ဘ)(၄) မှာ မူလတည်ဆောက်စဉ် ကိုလိုနီခေတ်က "Charter Bank" ဖြစ်ခဲ့သည်။ ၁၈-၃-၁၉၀၈ က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဆရာ မောင်မြတ်မွန် (ဆူးလေ) ၏ စုဆောင်းမှု မှတ်တမ်းအရ သိခွင့်ရခဲ့သည်။

ဘဏ်နှစ်ခုမှာ တစ်ဆက်တည်းဖြစ်ပြီး ငွေစုဘဏ်ခွဲ(၄)မှာ ဘဏ်လမ်းအတွင်း ၃၅ လမ်းတိုထိပ်တွင် တည်ရှိသည်။ ရှေးဟောင်းလက်ရာ ဝိတိုရိယခေတ်ပုံစံကို ယူ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း ဆရာက ဆိုသည်။ ထိုခေတ်ကတည်းကပင် ကျောက်ဖြူဘလောက်တုံးများ ကပ်ထားပြီး နှစ်ပေ ပတ်လည် ကျောက်ပြားများ စီခင်းထားသည့်အတွက် အလွန်သပ်ရပ်သန့်ရှင်းသော အဆောက်အအုံကြီးတစ်ခု ဖြစ်ခဲ့သည်။

ဂျပန်ခေတ်တွင် ရန်ကုန်မြို့အခြေချ စစ်ရုံးချုပ်ဖြစ်သွားခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ အမေရိကန်ပြန်ကြားရေးဌာနက ဖွင့်လှစ်ခဲ့သော စာကြည့်တိုက် [U.S.L.S Library] ဖြစ်ခဲ့သည်။ တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ၁၉၆၃ ခုနှစ်တွင် ဘဏ်များ ပြည်သူပိုင်သိမ်းရာ၌ ပါဝင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ပါတီစည်းကမ်းထိန်းသိမ်းရေးဌာနခွဲအဖြစ် ယာယီဖွင့်လှစ်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)အဖြစ် ယနေ့တိုင် ငွေကြေးဆိုင်ရာ အခန်းကဏ္ဍတွင် သက်ဝင်လျက်ရှိနေဆဲဖြစ်သည်။

၎င်းနှင့် တစ်ဆက်တည်းရှိနေသော (၃၅)လမ်းဘက်အခြမ်းမှာ ၁၉၉၀ ပြည့်နှစ်က စတင်၍ ငွေစုဘဏ်ခွဲ(၁)အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ပန်းဆိုးတန်းလမ်းပေါ်သို့ ပြောင်းရွှေ့ပြီးနောက်မှ ၎င်းနေရာဟောင်းတွင် ငွေစုဘဏ်ခွဲ(၄) အဖြစ် ၁၉၉၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မ.စ.ဘ(၃)**

ယနေ့ မြန်မာ့စီးပွားရေးဘဏ် (မ.စ.ဘ-၃)မှာ ကျောက်တံတားမြို့နယ်အတွင်း ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် တည်ရှိသည်။ မြန်မာ့စီးပွားရေးဘဏ်မဖြစ်ခင်က Central Bank of India Ltd အဖြစ် ဖွင့်လှစ်ခဲ့သည်။

အဆောက်အအုံအပေါ် နဖူးစည်းတွင် တွေ့ရှိရသော ခုနှစ်အရ ၁၉၁၄ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Central Bank of India Ltd ကပင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ ရှေးခေတ်ဟောင်း လက်ရာဒီဇိုင်းဖြစ်သည်။ တည်ဆောက်စဉ်ကတည်းက ခေတ်မီဓာတ်လှေကားတစ်စင်း ထည့်သွင်းတည်ဆောက်ခဲ့သည်ကို တွေ့ရသည်။

၁၉၆၃ ခုနှစ် ဘဏ်များ ပြည်သူပိုင်သိမ်းရာတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။ ထိုမှ ပြည်သူ့ဘဏ် (၇/၈)ဖြစ်လာခဲ့သည်။ အစိုးရငွေတိုက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ပြည်သူ့ဘဏ်လုပ်ငန်းဌာန(၃) ဖြစ်လာခဲ့သည်။

ထိုမှ ၁၉၇၆ ခုနှစ် ဧပြီ ၁ ရက်တွင် ဘဏ်များ၏ ဖွဲ့စည်းပုံပြောင်းလဲမှုအရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)ဖြစ်လာခဲ့သည်။ ယခင်က ယင်းအဆောက်အအုံ ဘဏ်ခွဲ(၃) အပေါ်ထပ်တွင် တစ်နိုင်ငံလုံးရှိ မြန်မာ့စီးပွားရေးဘဏ် ၃၀၀ ခန့်ကို စီမံအုပ်ချုပ်သော မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)ရှိခဲ့ဖူးသည်။ ရုံးချုပ် နေပြည်တော်သို့ ပြောင်းရွှေ့သွားပြီးနောက် ၎င်းအပေါ်ထပ်တွင် ငွေစုဘဏ်ခွဲ(၂)အဖြစ် ဆက်လက်ဖွင့်လှစ်ထားရှိသည်။

**အချပ်ပို (ဃ) သို့**








**ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေသော ရှေးဟောင်းအဆောက်အအုံများဖြစ်သည့် ရောဝတီဘဏ်(ရုံးချုပ်)** (ဝဲပုံ)၊ **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်** (အပေါ်ပုံ) **နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)** (ယာပုံ) **တို့ကို တွေ့ရစဉ်။** ဓာတ်ပုံ-ဘော်ဂါသွေး

# နယ်ကြိုက်ကားများ အရောင်းသွက်လာသည့် ရန်ကုန်ကားဈေးကွက်

မင်းသော်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

**ယခု**သီတင်းပတ်အတွင်း နယ်ဝယ်လက်များ ရန်ကုန်ကားဈေးကွက်အတွင်းသို့ ဆက်တိုက်ဝင်ရောက်လာခဲ့သည့်အတွက် အကြမ်းခံအိမ်သုံးကားများ အများဆုံးအရောင်းအဝယ်ဖြစ်လာခဲ့ပြီး နယ်ကြိုက်လုပ်ငန်းသုံးကားများလည်း ဈေးကွက်အတွင်း အရောင်းအဝယ်အားကောင်းလာခဲ့သည်။ ရန်ကုန်ကားဈေးကွက်သည် ဧပြီလကုန်ပိုင်းမှစတင်ကာ အားကောင်းလာခဲ့ပြီး ယခုဆိုလျှင် တစ်လတာခန့် အရောင်းအဝယ် ပြန်လည်အသက်ဝင်လာခဲ့သည့်အတွက် ဈေးကွက်အတွင်း ကားဈေးနှုန်းများလည်း အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့သည်ကို မြင်တွေ့ရသည်။

"နယ်အကြိုက် ပရိုဘောက်စ်ကားလေးတွေ အရောင်းအသွက်ဆုံးကာလ ဖြစ်ပါတယ်၊ ပရိုဘောက်စ်တွေ အရောင်းငြိမ်နေခဲ့တာ သုံးလလောက်ရှိပါပြီ၊ အခုအများစုက ရန်ကုန်လိုင်စင်ရော၊ နယ်လိုင်စင်ပါ အရောင်းအဝယ်ဖြစ်နေပြီး ဈေးကလည်း တက်ရိပ်ကိုပြလာတယ်၊ ဝယ်လက်တွေက ပဲခူး၊ ရောဝတီနဲ့ မန္တလေးတိုင်းဒေသကြီးဘက်က ဆင်းပြီးဝယ်နေကြတာများတယ်၊ နယ်လိုင်စင်တွေလည်း အရောင်းသွက်နေတဲ့အချိန်မို့ နယ်ကားတွေလည်း ပွဲစားတွေလက်ထဲ လာအပ်ကြတာကို တွေ့ရတယ်၊ အများစုက မိုးမကျမီလေး အရောင်းအဝယ်ဖြစ်ချင်တော့ ဒီရက်ပိုင်းတော်တော်လေး ဈေးကွက်လှုပ်ရှားနေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် ၆၆၀ စီစီ မီနီပစ်ကပ်များ အရောင်းအဝယ်အားကောင်းနေပြီး ရန်ကုန်မြို့အတွင်း နယ်လိုင်စင်မော်တော်ကားများကို မြို့ဝင်ကြေးများ ကောက်ခံမည်ဟု သတင်းများထွက်ပေါ်လာသည့်အတွက် ရန်ကုန်လိုင်စင်နှင့် နယ်လိုင်စင်ကားများဈေးနှုန်း ယခုထက် ပိုမိုကွာခြားလာနိုင်ကြောင်းလည်း ကားဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

လက်ရှိတွင် ဇွန်လအတွင်း မူဝါဒအသစ်တစ်ခုဖြစ်သည့် ရန်ကုန်လိုင်စင်ဖြင့် မော်တော်ကားဝယ်ယူခွင့်ရရှိမည့် စနစ်တစ်ခုကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်နေခဲ့သည့်အတွက် Consignment ကားများမှာ အရောင်းအဝယ် မရှိသလောက်နည်းပါးနေသေးပြီး အခြေအနေကို ဆက်လက်စောင့်ကြည့်နေကြကြောင်း သိရသည်။ Consignment ကားများ အရောင်းအဝယ် မရှိသလောက် နည်းပါးရသဖြင့် စလစ်ဈေးနှုန်းများသည်လည်း ပြန်လည်ကျရိပ်သန်းနေကြောင်း သိရှိရသည်။

"လက်ရှိအချိန်က အရောင်းအဝယ်လုပ်လို့ အကောင်းဆုံးအချိန်လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးမကျမီမှာ ကားအသစ်ပြန်ဝယ်လိုတဲ့ သူကလည်း လက်ထဲရှိတဲ့ကားကို ဈေးတအားကြီးမကိုင်ဘဲ သင့်တော်ရင်ထုတ်ကြတဲ့အချိန် ဖြစ်ပါတယ်၊ ဝယ်လက်ကလည်း အခုအချိန်က အများဆုံးအချိန်ဖြစ်တာမို့ ဈေးကတော့ ပုံမှန်ဈေးပါပဲ၊ ကားဈေးနှုန်းတွေက အရောင်းအဝယ်အားကောင်းလာလို့ တက်ရိပ်ပြပေမယ့် တကယ်တမ်း အရောင်းအဝယ်ဖြစ်နေတာကတော့ ပုံမှန်ပေါက်ဈေးပါပဲ၊ ဈေးနှုန်းမြင့်တက်ခြင်း မရှိသေးဘူး"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုမျိုးထွေးကလည်း ပြောသည်။

ရန်ကုန်မြို့ရှိ ကားဈေးကွက်တစ်ခုလုံးတွင် တစ်ပတ်ရစ်ဂျပန်ညာမောင်းများသာ အားသာဆဲဖြစ်ပြီး ဘယ်မောင်းတင်သွင်းမှုသည် အရှိန်မရသေးကြောင်း သိရသည်။ ဘယ်မောင်းတင်သွင်းခွင့်ရရန် မျှော်လင့်နေကြသူအများစုမှာလည်း ရန်ကုန်လိုင်စင်ဖြင့် ဝယ်ယူခွင့်ရရှိရန် အခြေအနေကို စောင့်ဆိုင်းနေကြပြီး စိတ်ပါဝင်စားသူ အနည်းငယ်ကလည်း ဒေါ်လာဈေးနှင့် စက်သုံးဆီဈေးမြင့်တက်မှုကြောင့် စောင့်ဆိုင်းကြည့်ရှုနေကြသေးကြောင်း သိရသည်။

ကနဦးမှတ်ပုံတင်ဌာနတွင် မော်တော်ယာဉ်နံပါတ် ထုတ်ပေးရာ၌ ယခုသီတင်းပတ်အတွင်း 7P/6700 ကျော်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဈေးကွက်အကြိုက်ဆုံး အမျိုးအစားများမှာ နံပါတ်ထွက်ပြီးသား ရန်ကုန်လိုင်စင်ကားများဖြစ်ကြပြီး အသင့်စီး ကားသန့်ဆိုပါက နေ့ချင်းအရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

"မော်တော်ကားဝယ်မယ့်သူတွေအတွက်ကတော့ ဒီကာလက အခြေအနေကောင်းတဲ့ကာလဖြစ်ပြီး အချို့ကားဝယ်ရောင်းလုပ်ကိုင်သူတွေကတော့ ဈေးကွက်ချပြနိုင်ဖို့အတွက် နယ်တွေအထိ ဆင်းပြီး ကားလိုက်ဝယ်တာတွေလည်း ကြားရတယ်၊ အရောင်းအဝယ်က အားကောင်းနေတော့ တတ်နိုင်သလောက် သုံး၊ လေးစီးကြိုပြီး စရန်သတ်ယူထားကြသူတွေလည်း ရှိလာတယ်၊ လာမယ့် ဇွန်လအတွင်းမှာတော့ ကားဈေးက အတက်လည်း ဖြစ်နိုင်သလို မုတ်သုံစောတဲ့အတွက် မိုးရွာနေပြီဆိုတော့ ပြန်ပြီးလည်း အရောင်းအဝယ်ရပ်သွားနိုင်သေးလို့ ခန့်မှန်းရခက်နေတယ်"ဟု ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

ကားဈေးကွက် အရောင်းအဝယ်မြင့်တက်သော်လည်း စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေခြင်းကြောင့် ကားလောကသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြပြီး စက်သုံးဆီဈေးနှုန်းများကို စနစ်တကျကိုင်တွယ်ကာ ဈေးနှုန်းများ တည့်မတ်ပေးနိုင်ရန်အတွက်လည်း မျှော်လင့်နေကြသည်။ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် အဖြစ်များသည့် ကားများမှာ ဆီစားသက်သာသည့် အင်ဂျင်ပါဝါနိမ့် ကားအမျိုးအစားများဖြစ်ကြောင်းလည်း မြင်တွေ့ရသည်။ ။



## တစ်ပတ်အတွင်းကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Vanguard | 2010 | ရန်ကုန် | 2400cc | အပြင်ဈေး | ၅၀၅ |
| Alphard | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၆၀ |
| Fit GE6 | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Swift | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၈၀ |
| Insight Hybrid | 2012 | ရန်ကုန်စတိ | 3000cc | အပြင်ဈေး | ၂၉၀ |
| CR-V | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၀၅ |
| Belta | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၁၅ |
| Noah | 2009 | ရန်ကုန် | 2000 cc | အပြင်ဈေး | ၃၄၀ |
| Civic | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၂၀ |

အမျိုးအစား၊ အရည်အသွေးနှင့် အခြားသော ကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

*အချပ်ပို (ဂ) မှ*

ရှေးဟောင်းလက်ရာ အမွေအနှစ် အဆောက်အအုံဟောင်းကြီးဖြစ်သော်လည်း ယနေ့ထက်တိုင် နိုင်ငံတော်နှင့် ပြည်သူများအကြား ငွေကြေးလည်ပတ်မှု၏ ပေါင်းကူးတံတားကြီးတစ်စင်းသဖွယ် ခိုင်မြဲစွာ ရှိနေသေးသည်ကို ဂုဏ်ယူဖွယ် တွေ့မြင်နေရသည်။

**စက်မှုလက်မှုဈေးငွေ(ရုံးချုပ်)**

ယခုအခါ နိုင်ငံခြားကုန်သွယ်ရေးဘဏ် (TTFTB) ၏ ထပ်တိုးအဆောက်အအုံအဖြစ် ကျောက်တံတားမြို့နယ်အတွင်း ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်တွင် တည်ရှိနေသော အဆောက်အအုံမှာ ကိုလိုနီခေတ်က Hong Kong and Shalghi Baing Corporatioan က တည်ဆောက်ခဲ့သော နိုင်ငံခြားဘဏ်ဟောင်း တစ်ခုဖြစ်ခဲ့သည်။ မှတ်တမ်းအရ ၁၉၁၄ ခုနှစ်က တည်ဆောက်ခဲ့သည်ဟု တွေ့ရသည်။

၁၉၆၄ ခုနှစ် ပြည်သူပိုင်သိမ်းရာတွင် ပါဝင်ခဲ့သောဘဏ်တစ်ခုဖြစ်သည်။ ထိုမှ ပြည်သူ့ဘဏ် ၅/၉ ဖြစ်လာခဲ့သည်ဟု သိမီသူတို့ထံမှ ထပ်မံသိရခြင်းဖြစ်သည်။ ယင်းနောက် ၁၉၇၆ ခုနှစ် ဧပြီ ၁ ရက်တွင် မြန်မာ့စီးပွားရေးဘဏ် စက်မှုလက်မှုဈေးငွေရုံးချုပ် ဖြစ်လာခဲ့သည်။ ထိုမှ ၎င်းဘဏ်ပြောင်းရွှေ့သွားပြီးနောက် (TTFTB) ၏ အဆောက်အအုံတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

**လယ်ယာဖွံ့ဖြိုးရေးဘဏ်**

ပန်းဆိုးတန်းလမ်း(အောက်ဘလောက်)ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ၁၉၉၉ ခုနှစ်က တည်ဆောက်ခဲ့သော အဆောက်အအုံကြီးဖြစ်သည့် The National Bank of India Ltd Rangoon အဖြစ် တည်ဆောက်ခဲ့သော သုံးထပ်အဆောက်အအုံဖြစ်သည်။ ရှေးဟောင်းဗိသုကာလက်ရာဖြင့် ထည်ဝါသော အဆောက်အအုံကြီးဖြစ်သည်။ပုဂ္ဂလိကဘဏ်များကို ပြည်သူပိုင်သိမ်းချိန်မှစတင်၍ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ လက်အောက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

**အမျိုးသားပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့**

မြန်မာနိုင်ငံမှ အင်္ဂလိပ်တို့ သိမ်းယူသွားသော ရှေးနန်းတွင်းအသုံးဆောင်များနှင့် သီဟာသနပလ္လင်တော်ကြီးကို အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ရန် ၁၉၇၀ ပြည့်နှစ် ဧပြီ ၈ ရက်မှ စတင်ကာ အမျိုးသားပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့ပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အဖြစ် အသုံးပြုခဲ့သည်။ ၎င်းနောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် MIDB အဖြစ် ငွေကြေးဝန်ဆောင်မှုကို ဆောင်ရွက်ခဲ့သည်။ ယနေ့အချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)အဖြစ် ပြန်လည်တည်ရှိနေခဲ့သည်။ မြို့လယ်ရှိ ရှေးခေတ်ဘဏ်အဆောက်အအုံကြီးများသည် ယနေ့တိုင် တည်တံ့နေမြဲခိုင်မာနေမြဲရှိသကဲ့သို့ ပြည်သူများ၏ ငွေကြေးဝန်ဆောင်မှုကို ခေတ်အဆက်ဆက် ဖြတ်ကျော်ကာ ဆောင်ရွက်နေဆဲပင် ဖြစ်ပေသည်။

**ကိုးကား-မောင်မြတ်မွန်(ဆူးလေ)၏ မှတ်တမ်း**



မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)

*ရန်ကုန်မြို့ပြရဲ့ အထပ်မြင့်အဆောက်အအုံများ…မှ*

ရန်ကုန်မြို့ရဲ့ နောက်ထပ် အထပ်မြင့်အဆောက်အအုံကတော့ အမှတ် ၂၂၃၊ ဆူးလေဘုရားလမ်းပေါ်မှာ တည်ဆောက်ထားတဲ့ ဆူးလေရှန်ဂရီလာ(ယခင် ကုန်သည်ကြီးများဟိုတယ်)ပဲ ဖြစ်ပါတယ်။

၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှာ စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပြီး အမြင့် ၇၈ ဒသမ ၉၅ မီတာရှိကာ အထပ်ပေါင်း ၂၂ ထပ်နဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်မှာရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေပြီး ကားနဲ့လာမယ်ဆိုရင် ၄၁ မိနစ်ခန့်သာ ကြာမြင့်မှာဖြစ်ပါတယ်။ ဆူးလေဘုရားနဲ့ ဗိုလ်ချုပ်ဈေးတို့နဲ့ နီးကပ်စွာတည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် တစ်ခုလည်းဖြစ်ပါတယ်။

နောက်ထပ် အထပ်မြင့် အဆောက်အအုံကတော့ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းအမှတ် ၃၃၉ မှာ တည်ဆောက်ထားတဲ့ ဆာကူရာတာဝါပဲ ဖြစ်ပါတယ်။ ဆူးလေရှန်ဂရီလာဟိုတယ်နဲ့ မျက်စောင်းထိုးနေရာမှာ တည်ရှိပြီး အမြင့်မီတာ ၁၀၀ နဲ့ အထပ် ၂၀ ရှိတဲ့ အဆောက်အအုံဖြစ်ပါတယ်။ ဆာကူရာတာဝါကို ဂျပန်လူမျိုးဗိသုကာပညာရှင် Nihon Sekkei နဲ့ Konoike Construction တို့က ပူးပေါင်းတည်ဆောက်ခဲ့ကြတာဖြစ်ပြီး ၁၉၉၉ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ အတွင်း ကားပါကင် ၄၄ စီး၊ အပြင်ကားပါကင် ၃၄ စီး ထားရှိနိုင်ပြီး ဓာတ်လှေကား ငါးစင်း တပ်ဆင်ထားပါတယ်။

နောက်ထပ် အထပ်မြင့်အဆောက်အအုံကတော့ အမှတ် ၂၄-၂၆ ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်မှာ တည်ဆောက်ထားတဲ့ အမြင့် ၇၁ ဒသမ ၇၇ မီတာရှိပြီး အထပ်ပေါင်း ၂၀ ပါရှိတဲ့ Golden Hill Tower ပဲ ဖြစ်ပါတယ်။ အဲဒီ အဆောက်အအုံကို ၂၀၁၂ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး တာဝါ (၁)နဲ့ (၂)ဆိုပြီး တည်ဆောက်ထားတာဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အမြင့် ၃၆ မီတာကနေပြီး အမြင့် ၁၂၂ မီတာအထိ တည်ဆောက်ပြီးစီးထားတဲ့ အထပ်မြင့်အဆောက်အအုံ ၂၀ ထဲမှာ အထက်က ဖော်ပြထားတဲ့ အဆောက်အအုံတွေအပြင် အာရှပလာဇာဟိုတယ်၊ လော့တေးဟိုတယ်ရန်ကုန်၊ ပန်ဒါဟိုတယ်၊ FMI စင်တာ၊ ယုဇနဟိုတယ်၊ ဆီဒိုးနားဟိုတယ်၊ Equatorial ဟိုတယ်၊ ဟိုတယ်နီကိုး ရှိုင်ရယ်လိတ် ရန်ကုန်၊ ပါနိုရာမာဟိုတယ်နဲ့ Swan Building တို့ပဲ ဖြစ်ပါတယ်။ ။

*အချပ်ပို (ခ)မှ*

သဲစုပ်လုပ်ငန်းသည် ရေကြောင်းပိတ်ဆို့မှုကို ရှင်းလင်းစေသည့်အပြင် နိုင်ငံတော်အတွက်လည်း အခွန်ငွေရရှိစေလျက်ရှိသည်။ တစ်ဖက်တွင်လည်း မြစ်ကမ်းများ ပျက်စီးခြင်းနှင့် ရေလမ်းကြောင်းများပြောင်းလဲမှုမရှိစေရန်၊ သောင်များတစ်ဖက်တွင် ပြန်လည်ပေါ်ထွန်းမှုမရှိစေရန်နှင့် မြစ်ကြောင်းရေလမ်းပိတ်ဆို့မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်အထူး လိုအပ်သည်။ သတ်မှတ်လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သဲစက်လှေ ၁၇၀ ခန့် လိုင်စင်မဲ့ သဲစုပ်လုပ်ငန်း လုပ်ကိုင်နေခြင်းသည် မြစ်ကြောင်းအတွင်း ရေကြောင်းသွားလာမှုကို အန္တရာယ်ဖြစ်စေသည့်အပြင် နိုင်ငံတော်အတွက် အခွန်ငွေဆုံးရှုံးစေလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုင်စင်ဖြင့်သဲစုပ်လုပ်ငန်း လုပ်ကိုင်ခြင်းထက် လိုင်စင်မဲ့ သဲစက်လှေက ပို၍များလာလျက်ရှိရာ လိုင်စင်မဲ့လုပ်ငန်းပျောက်ကွယ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ သို့ဖြစ်၍ သဲစုပ်စက်လှေများ လိုင်စင်ကိုယ်စီဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ တိုးပွားစေရန် အခွန်ထမ်းပြည်သူများအဖြစ် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းလက်တွဲအကျိုးပြုနိုင်ကြပါစေကြောင်း.....။ ။